www.burmeseclassic.com

ရွှေပဒေသာစာပေ

# မိုးစက်ပွင့်

# ဝန်ခံပါချစ်သူ



[ အချစ်လုံးချင်းဝတ္ထုသစ် ]

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း – ပထမအကြိမ်၊
၂၀၁၆၊ မေလ။
ထုတ်ဝေသူ – ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် – ဦးအေးလွင် (၀၀၂၄၀)
အတွင်းပုံနှိပ်သူ ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
ဖြန့်ချေး – ၁၆၀၀ ကျပ်
အုပ်ရေ – ၅၀၀ အုပ်

ရ၉၅ ◦ ရ၃
မိုးစက်ပွင့်
ဝန်ခံပါ ချစ်သူ/ မိုးစက်ပွင့် – ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၆ ။
၂၈၈ – စာ ၊ ၁၂ ◦ ၃ × ၁၈ စင်တီ။
ဝန်ခံပါ ချစ်သူ

# မိုးစက်ပွင့်

## ဝန်ခံပါ ချစ်သူ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"တောက်"

"ဝုန်း"

"ဒုန်း"

"ခွမ်း"

လူငယ်ဆိုတော့ လူငယ်ပီပီ ဒေါသကို မထိန်းချုပ်နိုင်စွာပဲ စိတ်ထဲမှာရှိတဲ့အတိုင်း ပေါက်ကွဲလိုက်တာ။ တွေ့ရာကြုံရာမှန်သမျှ ဆွဲလွှဲလွှင့်ပစ်နေတာ၊ ကွဲတာတွေကကွဲ လဲတာတွေကလဲပါ။ စိတ်ထဲရှိသလောက် လုပ်ပစ်ရရင် အိမ်ကြီးကိုမီးရှို့ပစ်လိုက်ချင်တာ။ တရားဥပဒေရှိနေလို့သာပေါ့။ မဟုတ်ရင် နီလာခင်ဆိုတဲ့မိန်းမ ပြာပုံကြည်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြန်သွားရအောင် လုပ်ပစ်လိုက်ချင်တာ။

ဘယ့်နှယ် –

မိန်းမယူတာ သက်တူရွယ်တူ ဒါမှမဟုတ် နည်းနည်းပါးပါးပဲ ငယ်တယ်ဆိုတော်သေးတာပေါ့။ ခုတော့ သားဖြစ်တဲ့ သူ့ရဲကောင်း ဆိုတဲ့ ကိုယ့်ထက်သုံးနှစ်ပဲကြီးတဲ့မိန်းမကို ယူလာတာ။ ယူမယ်ဆို ကြိုပြောတာ၊ တိုင်ပင်တာလည်းမရှိဘဲ အခု ဖြုန်းခနဲ၊ ဟုန်းခနဲ အိမ်ပေါ်ခေါ်တင်လာတာကောင်းသလား။ တက်လာတဲ့မိန်းမကလည်း ခုကတည်းက မျက်နှာကြောက ခပ်တင်းတင်းပါပဲ။

တကယ်တော့ ဒယ်ဒီရက်စက်တာ။

ကိုယ့်ကို တစ်ဦးတည်းသောသား မိခင်မဲ့လေးမို့ တုန်နေအောင် ချစ်တာတဲ့။ ဘာချစ်တာလဲ။ အခု မာမီ့အပေါ် သစ္စာမရှိရာ ကျသလို ကိုယ့်အပေါ်မှာလည်းဥပေက္ခာပြုတာ။ တစ်ပင်လဲလို့ တစ်ပင် ထူချင်တယ်ဆို ကိုယ်နဲ့အသက်ကွာတဲ့လူကိုထူရင် ခွင့်လွှတ်နိုင်သေး သည်။ ကိုယ့်ကိုမတိုင်ပင်တာကိုပဲ မကျေနပ်တာ။ တကယ်ဆို မွေးထားတဲ့သားဆိုပေမယ့် ကိုယ့်ကိုတိုင်ပင်သင့်သေးတာပေါ့။ အခုက ကိုယ့်ကို လုံးဝထည့်မစဉ်းစားဘဲ ဥပေက္ခာပြုလိုက်တာ ဘယ်လောက် ရင်နာဖို့ကောင်းသလဲ။

"ဟာ ကွာ"

"ဝုန်း"





"အမယ်လေး"

"သား ရဲ"

ဝုန်းဒိုင်းကြဲတဲ့အသံတွေကြားလို့ ပြေးထွက်လာတဲ့ နီလာခင် မြင်လိုက်ရတဲ့မြင်ကွင်းကြောင့် ခြေလှမ်းကို ရပ်လိုက်စဉ်မှာပဲ ကိုယ့်ဆီ ကို လှမ်းပစ်လိုက်တာ ထိုင်ခုံတစ်လုံးမို့ အမလေးအော်ကာ အသည်း အသန် ရှောင်လိုက်ရ၏။ နောက်ကလိုက်လာတဲ့ ဦးရဲမြင့်လည်း ခြေလှမ်းတွေရပ်တန့်သွားစဉ် –

ထမင်းချက်ဒေါ်ဆောင်းက အရဲစွန့်ပြီးပြေးဝင်ကာ ရဲကို ဆွဲလေပြီး မမိမကမ်းနဲ့ ဟိုဆွဲဒီဆွဲပါပဲ၊ မိခင်မရှိကတည်းက ရဲကို ဒေါ်ဆောင်းပဲ ကြည့်ရှုစောင့်ရှောက်လာခဲ့တာမို့ ရဲအလွန် အဖြစ်မခံနိုင်။ မှားနေတာက သူတို့ပေမယ့် မိဘဆိုတဲ့ဂုဏ်ပုဒ်ကိုအသုံးချပြီး လူပေါ် မီးကျ ခွေးပေါ်ခဲချ လုပ်ကြမှာပဲလေ။

"သား တော်တော့ ကိုယ့်အလွန်မဖြစ်စေနဲ့"

"တောက် ကွာ"

"ဒုန်း"

နောက်ဆုံး ဒေါသရဲ့ထွက်ပေါက်က စားပွဲကိုလက်သီးနှင့် ထိုးချလိုက်ခြင်းပါပဲ။

"ရဲ ဒေါ်ဆောင်းပြောနေတယ်လေ တော်တော့"

"မတော်လို့ ဆက်သောင်းကျန်းချင်လည်း ရတယ်၊ လုပ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီကမျက်နှာပြောင်တိုက်ပြီး ဒီအိမ်ကိုလိုက်လာတာ။ ဒါတွေကို မက်မော ခုံမင်လို့မှ မဟုတ်ဘဲ။ လူတိုင်း ကိုယ့်အကြောင်းနဲ့ ကိုယ်ရှိတယ်''

''နီလာ''

''ဘာ''

ဦးရဲမြင့်က သူ့မယားငယ်ငယ်လေးရှေ့မှာ ဝင်ရပ်လိုက်သလို ရဲ့အကြည့်တွေက နီလာ့ကို မီးကွင်းနဲ့ပစ်လိုက်တဲ့အတိုင်းပါပဲ။ ပြောချင် တဲ့စကားတွေက ကားစီးဖို့မှတ်တိုင်မှာ ရပ်စောင့်ရသလိုမျိုး မဟုတ် တော့ အဆင်သင့်ရှိနေတဲ့အတိုင်း။

''ဒါတွေက တန်ဖိုးမှမရှိတာ ဘယ်မက်မောပါ့မလဲ။ တန်ဖိုးရှိ တဲ့ အရာတွေက ခင်ဗျားလက်ထဲ ရောက်နေလောက်ပြီပဲ ဥစ္စာ''

''နင် မတာရားမပြောနဲ့ သူရဲကောင်း။ နင်ပြောသလို နင့်တို့ ပိုင်ဆိုင်မှုတွေကိုမက်လို့ နင့်အဖေကို ငါယူခဲ့တာ မဟုတ်ဘူး။ ငါ့ရဲ့ အရှက်နဲ့သိက္ခာအတွက်''

''တော်စမ်းပါ၊ လူကြားကောင်းအောင် အမျှဝေပြီး ကြေးစည် ထုပြမနေနဲ့။ ကိုယ့်ရုပ်ကိုယ့်ရည်လေးကိုမှ အားမနာ . . . တောက်''

''ဟေ့ကောင် . . . မင်းပါးစပ်ကို ပိတ်ထားစမ်း''

''မပိတ်နိုင်ဘူး ဒယ်ဒီ။ ဒယ်ဒီ ဒီမိန်းမကို လက်ထပ်တာ သားဘဝကို မြောင်းထဲပစ်ချလိုက်သလိုပဲ။ သားကို ဥပေက္ခာပြုထားခဲ့ တာ။ တကယ်ဆို သားသဘောကို မေးပါဦးလား''





''မင်းသဘောကို မေးရအောင် မင်းနဲ့ သဘောတူလက်ထပ် ပေးမှာမှ မဟုတ်ပဲကွ။ ဒါမှမဟုတ် မင်းက ငါ့အဖေဆိုရင်လည်း ခွင့်ပြုချက်တွေ တောင်းနေရရဲ့။ မင်းမသိရင်မှတ်ထား . . . ဒီအိမ်မှာ ငါက အိမ်ထောင်ဦးစီး။ ငါလုပ်ချင်တာ လုပ်ခွင့်ရှိတယ်''

ပြောပုံက ငါရှင်ဘုရင် ဘယ်နှစ်ပတ်လှည့်လှည့်ဆိုတာမျိုး ပါလား။ သူ့ရဲကောင်း နှုတ်ခမ်းကို ဖိကိုက်ထားမိ၏။ ဒါဆို ကိုယ်က ဘယ်နေရာမှ အသုံးပင်တဲ့ကောင်လဲ။ ဘယ်နေရာမှာမှ အသုံးမဝင် တော့ဘူးတဲ့လား။

သူ့မျက်နှာတစ်ရှာမှတ်ပြီးလိုက်လာတဲ့ သူ့မိန်းမအတွက်ပဲ ဒယ်ဒီက တစ်ကမ္ဘာဖြစ်ချင်တော့တာလား။

ဟိုတုန်းကတော့ –

သားက ဒယ်ဒီရဲ့ဘဝပါတဲ့။ အခုကျတော့ သားဘဝ ဘယ် နေရာပဲကျကျ လျစ်လျူရှုနိုင်ပြီဆိုရင် ကိုယ်ကလည်း ကိုယ့်ဘဝကိုယ် ရပ်တည်ရုံပဲ ရှိတော့တယ်လေ။ ယောက်ျားပဲလေ၊ ကိုယ် ရပ်တည်မိရာ သည် ကိုယ့်ဘဝပဲပေါ့။

''ငယ်ငယ်ကြီးကြီး တစ်ပင်လဲလို့ တစ်ပင်ထူတာ မင်း ဘာမှ ကျေနပ်စရာအကြောင်းမရှိဘူး။ ဒီကိစ္စ တစ်ယောက်အပေါ် တစ် ယောက်နားလည်ကြရင်ပြီးပြီ''

''သား နားလည်မပေးနိုင်ဘူး ဒယ်ဒီ။ ဒါပေါ့ သားအတွက်က



www.burmeseclassic.com

www.burmeseclassic.com



ထောက်ထားစရာမျက်နှာမှ မရှိတာ။ နောက်လူတွေစားဖို့ ချန်ထား၊ မင်းက ဝပြီဆင်းတော့လို့ သားကို ဒယ်ဒီက ကန်ချချင်တာမျိုး''

''ဟုတ်တယ်၊ ငါက ငယ်ငယ်ရွယ်ရွယ်လေးပဲ ရှိသေးတာ။ သားသမီးဆိုတာ ရှိလာဦးမှာပဲ။ အဲဒီတော့ နင်ပြောတဲ့သဘောပဲ သက်ရောက်မှာ ကျိန်းသေတယ် သူရဲကောင်း''

''တော်ပါတော့ နီလာရယ်။ ရဲလည်း တော်တော့။ ကြားထဲက ဒေါ်ဆောင်း တောင်းပန်ပါတယ်။ တစ်အိမ်တည်းမှာ အတူတူနေကြမှာ တစ်ယောက်အပေါ်တစ်ယောက် နားလည်ပေးကြတာ အကောင်းဆုံးပါပဲ''

''ကျွန်တော့်ဘက်က နားလည်မပေးနိုင်ဘူး။ ကျွန်တော့်အဖေ ကိုယ့်သမီးလောက်ကိုယူတာ ကျွန်တော် မျက်နှာမပြရဲလောက်အောင် သိက္ခာကျတယ်''

''သိက္ခာကျတယ်ထင်ရင် လဲသေလိုက်ပေါ့''

''ဘာဗျ''

''သူရဲကောင်း''

ရှေ့တိုးလာတဲ့ သူရဲကောင်းရဲ့ရင်ဘတ်ကို ဆောင့်တွန်းပြီး အော်လိုက်တဲ့ ဦးရဲမြင့်အသံက ကျားဟိန်းသံပမာ။ ဒေါသရောင်တောက်နေတဲ့ မျက်လုံးတွေကလည်း စူးရူးရဲရဲပါပဲ။

ဖအေအပေါ်ကို နည်းနည်းလေးမှ နားလည်မပေးနိုင်တဲ့သား။





လူတိုင်း ကိုယ်ဖြစ်ချင်တိုင်းမှ ဖြစ်ခွင့်မရဘဲလေ။

သတိတစ်ချက်လွှတ်သွားခြင်းအတွက် ကိုယ်က ကိုယ့်တာဝန်ကိုယ်ယူရတာ။ ဒါကို အသေးစိတ်ရှင်းပြနေရမှာလား။ သားက ဖအေကိုချစ်လို့ နားလည်ပေးလိမ့်မယ်လို့လည်း ထင်ထားခဲ့တာ၊ ခုတော့ သဲထဲရေသွန်။

တကယ်ဆို ကိုယ် သူ့အတွက် ဘာတွေစဉ်းစားပြီး ဘာတွေလုပ်ထားခဲ့သလဲ မေးသင့်တာပေါ့။ ခုတော့ ကိုယ်တိုင်ပြောချင်စိတ်မရှိလို့ မပြောတော့ပါဘူး။

''ငါက ငါမွေးထားတဲ့သားကို ဒီလောက်မိုက်ရိုင်းတတ်အောင် သင်မထားခဲ့ဘူး''

''ဆရာလို့ တုတ်ပြမသင်ပေမယ့် ဒယ်ဒီလုပ်ရပ်က သားဘဝကို ရိုက်ချိုးပြီး နာကျင်စေတာ ဒယ်ဒီရဲ့။ အခု ဒယ်ဒီအပြင်ထွက်သွားကြည့်။ သူနဲ့ကျွန်တော်နဲ့ အိမ်မှာနှစ်ယောက်တည်း ကျန်ခဲ့ရင် ညှော်သည်လာတောင် ဘယ်လိုမျက်လုံးနဲ့ ကြည့်ကြမလဲ။ သိတဲ့သူကတော့ ဒါ သူ့သား ဟိုဟာ သူ့မယားလို့ ခွဲခြား မြင်တတ်ကြမှာပဲလေ။ မသိတဲ့သူ့ရင်ထဲမှာ ဘယ်လိုတွေးသွားကြမလဲ''

''မင်း အဲဒါ တမင်ကတ်သတ်ပြီး လိုက်ပြောနေတာ သူရဲကောင်း။ ဘယ်သူတွေ ဘယ်လိုပဲမြင်မြင် မင်းက ငါ့သား၊ သူက ငါ့မယား။ အဲဒါကို ဒီအိမ်သားတွေ ခွဲခြားသိမြင်နေဖို့ပဲလိုတာ''



www.burmeseclassic.com

www.burmeseclassic.com



"ခုတော့ ဒီလိုပဲပြောတော့မှာပေါ့"

"ငါ နီလာ့ကိုလက်ထပ်တာ ငါ့အကြောင်းနဲ့ငါပဲ"

သူရဲကောင်း မဲ့ပစ်လိုက်ပြီး –

"ဘာအကြောင်းလဲ၊ အကြောင်းမရှိ အကြောင်းရှာပြီး ခြစ်ချတဲ့အကြောင်းလား။ မီးဖိုချောင်တော့ လက်ညှိုးမထိုးနဲ့ ဒေါ်ဆောင်းက သူ့တာဝန်သူကျေပြီးသား။ ပြီးတော့ ဒယ်ဒီ့မိန်းမက မီးဖိုချောင်ဝင်ပြီး လက်သည်းအကျိုးခံမယ့်မိန်းမမျိုးမှ မဟုတ်တာ"

"ဟော့ကောင်"

"ဟဲ့ ... ထမင်းချက်လိုချင်ရင် မိန်းမယူဖို့မလိုမှန်း လူတိုင်းသိတယ်။ နင့်အဖေက မယားလိုအပ်လို့ မယားယူတာလေ။ ငါ ဒီထက် ခပ်ကြမ်းကြမ်းသုံးပြီး ပြောပြရမလား"

"နီလာ မင်းမပြောနဲ့"

"ခပ်ကြမ်းကြမ်း ပြောချင်ပြောလေ။ ခင်ဗျားအရှက်မရှိ ပြောရဲတဲ့ သတ္တိရှိရင် ကျွန်တော်လိုကောင်က နားရွက်ကားပြီး နားထောင်ရဲတဲ့သတ္တိရှိတယ်"

"ဟော့ကောင်"

ဦး,စီးတော့ ပဲ့ကထောင်၊ ပဲ့စီးတော့ ဦးကထောင်ဆိုသလို မယားမနိုင် သားမနိုင်အဖြစ်မျိုးမှာ ဦးရဲမြင့် မိဘကိုပြန်လှန်ပြောနေတဲ့ သားကိုပဲ ကုလားမနိုင် ရခိုင်မဲသလိုဖြစ်ကာ ဒေါသထွက်လျက် –





"မင်းက ငါပြောနေတာကို ခွေးဟောင်တယ်လို့များ ထင်နေသလား သူရဲကောင်း"

"ဒယ်ဒီ သားကို အပြစ်မပေးပါနဲ့။ ဒယ်ဒီသာ မ,စိတ်မွှန်ပြီး သားဘက်ကိုတွေးပြီး စဉ်းစားမပေးနိုင်တာ"

"ဘာကွ"

ကိုယ့်သားက ကိုယ့်ကို မတည့်မရှဲ့တွေ ပြန်ပြောလာတော့ ရှက်ဒေါသက မထိန်းနိုင်။ ဒေါသက လက်ဖဝါးမှာ အားစုဆုပ်လိုက်ပြီး

"ဖအေကိုတောင် ပြန်ပြောရဲအောင် မိုက်ရိုင်းနေတဲ့ ကောင် ... ကဲကွာ"

"ခွပ်"

"အ"

"မောင်ရဲ မလုပ်ပါနဲ့"

"မိုက်ရိုင်းဦး"

"ခွပ်"

"ကဲကွာ"

"ခွပ်"

"မောင်ရဲ တော်တော့"

"တောက်"

ဒေါ်ဆောင်း အတင်းပဲဝင်တားလို့ ဦးရဲမြင့် နောက်ဆုတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခြင်းမှာ အံကြိတ်ပြီး ပြန်ကြည့်တဲ့ ရဲအကြည့်ထဲမှာ ငရဲမီးလား၊ အက်ဆစ်လားပါနေသလို။ ဒါ ရဲဘဝရဲ့တစ်ဆစ်ချိုး အချိုးအကွေ့တွေလား။ အရင်တုန်းက ဒယ်ဒီ့အပေါ် ချစ်ခင်ယုံကြည် အားကိုးခဲ့သမျှ။

ခုတော့ –

ရင်ထဲမှာ တဆစ်ဆစ်နာကျင်ခြင်းများနှင့် –

"အဟွန်း . . . အရင်တုန်းကတော့ ဒီမျက်နှာအနဲ့ ဒယ်ဒီ နမ်းခဲ့တာပါ။ ခုတော့ ဒီလိုလုပ်ရက်ပြီပေါ့။ သဘာဝကျပါတယ်။ ကျွန်တော့်မှာ ဝဋ်ကြွေးရှိလို့ပဲ ဖြစ်မှာပါ"

ပြောပြီး လှည့်ထွက်သွားသူရဲ့ ရင်ထဲမှာ ဘာတွေကပ်ငြိတွယ်ငင်သွားမလဲဆိုတာ။



## အခန်း (၂)

"နင်ကတော့ ဖြစ်လိုက်ရင် အသည်းအသန်ပါပဲ ဟီးရိုးရယ်။ မဖြစ်ခင်က အမိုက်ခံပြီး တားရင်တော်သေး။ အခုက လွန်သွားပြီပဲဥစ္စာ၊ နောက်ဆုတ်လို့မရတော့မှ နင်ပေါက်ကွဲတော့ နင်ပဲ ဒီလိုဖြစ်လာရပြီပေါ့"

"ကျွတ်"

ရဲ ရှုံ့ရှုံ့မဲ့မဲ့နှင့် ကျွတ်ခနဲလုပ်ကာ တစ်ဖက်သို့ လှည့်သွား၏။ သူ့ရဲကောင်းဆိုတဲ့အတိုင်း သူက နေရာတကာ ဟီးရိုးလုပ်ချင်တာမဟုတ်တာ။ မဟုတ်မခံစိတ်ရှိသူပီပီ ပြောသင့်လို့ ပြောခဲ့တဲ့စကားလုံးတွေအတွက် ရလိုက်တဲ့ဆုလာဘ်က လက်သီးလေ။ ဖြစ်နိုင်ရင် ဖုံးစမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး မျက်နှာကို မော့ထားပေးချင်တာ။

မိဘတစ်ယောက်က ရက်စက်တတ်ရင် –

သားသမီးက ခံရပါတယ်။ စကားပုံကတော့ တောင်းဆိုးပလုံးဆိုးသာ ပစ်ရိုးထုံးစံရှိတယ်၊ သားသမီးဆိုးကို ပစ်ရိုးထုံးစံ မရှိဘူးတဲ့။ အခုက ကိုယ်ဆိုးတာ မဟုတ်ဘဲ ပစ်နိုင်တဲ့အခြေအနေဆိုတော့ ရင်ထဲမှာ ဘာတွေခနေမှန်းမသိ။

"တကယ်တော့ အန်ကယ့်ကို နှင် ဘာမှအပြစ်ပြောစရာ မလိုဘူး။ မိန်းမငယ်ငယ်လေးယူတာ ဘာဖြစ်လဲ။ ဟိုစကားတောင် ရှိသေးတာပဲဥစ္စာ"

လှည့်ကြည့်တော့ ခက် ဆက်မပြောတော့။ ပြောရမှာ ခက်သွားတာလေ။ လူကြီးကို နိုင်းနှိုင်းပြောရင် ကိုယ်ပဲ ရိုင်းရာကျဦးမယ်။ ဒါကိုပဲ ချစ်လင်းက စချင်တာကြောင့် ရယ်ကျဲကျဲနှင့်။

"ဘယ်စကားလဲ ဆက်ပြောလေ"

"နှင်ကလည်း"

"ပြောလိုက်စမ်းပါ အားမနာတမ်း။ နွားအိုမြက်နုကြိုက်တယ်လို့ ပြောချင်တာမဟုတ်လား။ အခုချိန်မှာ နှင်တစ်ယောက်တည်း အဲဒီစကားကိုပြောချင်တာ မဟုတ်ဘူး။ နောက်ကွယ်မှာ ပြောနေကြမယ့်သူတွေ အများကြီး ရှိနေမှာ"

"ငါက မပြောဘူး"





"မပြောချင်လည်း လုံးဝမပြောနဲ့၊ နားငြီးတယ်ဟာ၊ နှင်တို့ မိန်းကလေးတွေ တော်တော်စကားများတာပဲ"

"အမယ် . . . ငါက နှင့်အတွက် ပြောနေတာဟဲ့"

"မပြောနဲ့ . . . နားပူတယ်"

"ဟွန်း"

စေတနာနဲ့မတန်လိုက်တာလို့ ခက်က ချစ်လင်းဘက်သို့ လှည့်ထိုင်လေလျှင် ချစ်လင်းက လျှာတစ်လစ်ထုတ်ပြပြီး စလေ၏။ သူရဲကောင်းရယ်၊ ချစ်လင်းကိုကိုရယ်၊ သံလွင်ခက်ရယ်က အချစ်ဆုံးသူငယ်ချင်းတွေ။ အိမ်ချင်းတွေကလည်း တစ်လမ်းတည်းနေကြတာမို့ သိပ်မဝေးလှ။

ဒါကြောင့် –

ကျောင်းသွားကျောင်းပြန်အတူတူအပြင် စာကျက်ရင်လည်း အတူတူ။ စားစရာရှိရင်လည်း ဒီလိုပဲ မျှမျှတတနဲ့ စားခဲ့ကြတာမို့ အချို့အားကျသူတွေရှိသလို ကဲ့ရဲ့ချင်သူတွေလည်း ရှိတာပါပဲ၊ ခက်ကို ဘိုးရိုးနဲ့ချစ်လင်း တစ်ယောက်ယောက်နဲ့ တစ်နေ့ သေချာပေါက် ညားလိမ့်မယ်လို့ ထင်ကြေးပေးတဲ့သူတွေကလည်း ရှိသေး။

ကိုယ့်ထမင်းကိုယ်စားပြီး သူများအတင်းပြောရမှကျေနပ်သူတွေက ဒီလိုပဲ ပြောကြမှာပဲလေ။

"ဆေးလေး ဘာလေး လိမ်းပေးလိုက်ဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



ချစ်လင်းက ဟီးရိုးကို မေးငေါ့ပြီး ပြောလေလျှင် –

''နေပါစေ ... စေတနာနဲ့မှ မတန်တာ''

''အဲဒီလောက် မရက်စက်ပါနဲ့။ ငါက နင် ဆေးလိမ်းပေးမယ် ထင်လို့ ဆေးဘူးတောင် ယူလာတာကို''

''နင့်ဘာသာ လိမ်းပေးပါလား''

''မတူဘူးလေဟာ''

''ချစ်လင်း''

နှုတ်ခမ်းစူကာ မျက်စောင်းထိုးလိုက်တော့ ချစ်လင်းက ရယ်ကျဲကျဲနှင့်ပဲ ဟီးရိုးဘက်သို့ထသွားလေ၏။ လက်ထဲမှာ ဆေးဘူးနဲ့ ဆိုတော့ သူပဲ ဟီးရိုးကို ဆေးလိမ်းပေးမလို့ဖြစ်မှာပေါ့။ ဟီးရိုးက သူ့အပူနှင့်သူ ခေါင်းငိုက်စိုက်ချပြီး ကြည့်ချင်ရာကြည့်နေစဉ် မေးစေ့ကနေ ဆွဲကိုင်မော့စေပြီး –

''မော့စမ်းပါ''

လုပ်ပုံက ကလေးကိုနမ်းမလို့ မျက်နှာမော့ခိုင်းသလိုပါပဲ။

''ဘာလဲ''

''အသည်းလေးကို ကိုကို ဆေးလိမ်းပေးမလို့ပေါ့''

''ထွီ ... ရွံဖို့ကောင်းလိုက်တဲ့အသံ''

''အမယ်''

''မော့ဆိုရင် မော့ပေးလိုက်လေ၊ စေတနာနဲ့ မတန်အောင်





မလုပ်နဲ့။ ချစ်လင်း အဲဒီကောင်ကို ပါးစပ်ပိတ်လိုက်စမ်းပါ''

ချစ်လင်းက ခက်ပြောတဲ့အတိုင်း ဟီးရိုးပါးစပ်ကို လက်နှင့်ပိတ်မယ်လုပ်တော့ ဟီးရိုးက လက်ကို ရိုက်ချလေ၏။

''အ''

''ရက်စက်တာကြည့်စမ်း''

''ရပါတယ်၊ ကိုကိုက ချစ်မိတဲ့သူဆိုတော့ သည်းခံရမှာပေါ့။ အသည်းလေး ကိုကို ဆေးလိမ်းပေးမယ်နော်''

''အသံကိုက တကယ်သာ ရည်းစားနဲ့စကားပြောရင် ပုရွက်ဆိတ်တွေအုံလာမှာ ကျိန်းသေတယ်''

''မင်း မသိလို့ပါ၊ မိန်းကလေးအတော်များများက အချိုကြိုက်တယ်တဲ့''

''မင်းက အဲဒါတွေ လေ့လာနေပြီလား''

''အရွယ်ရောက်နေပြီပဲဟာ။ လူကနေချင်ပေမယ့် နှလုံးသားက မနေဘူးကွ''

ဟီးရိုးပြုံးပုံက မဲ့ပြုံးပါ။ အဲဒီလိုပြုံးရင် ကြည့်ကောင်းတယ်လို့ မိန်းကလေးအချို့ကတော့ ပြောကြသား။ ဆေးလိမ်းပေးတဲ့ ချစ်လင်း။ ဟီးရိုးရဲ့မျက်နှာချောချောပေါ်က ဒဏ်ရာတွေကို နာမှာစိုးလို့ထက်က ခပ်ဖွဖွ။

မျက်ခုံးမွေးက ထူထဲမည်းနက်နေတာမျိုးမဟုတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်းဖန့်ဖန့် အသားအရည်ပေါ်မှာ စိမ်းညို့ညို့။ မျက်ဝန်းတွေက အညို ရောင်လည်းမဟုတ် နက်နေတာလည်းမဟုတ်ဘဲ ရီရီဝေဝေလေးနှင့် ကြည့်လို့ကောင်းတာ။

နှာတံက ကော့ခြင်း ကောက်ခြင်း ပွခြင်းကင်းမဲ့စွာနှင့် နှာတံ ချွန်ချွန်၊ နှုတ်ခမ်းအပေါ်အောက် မထူမပါးကို ညီမျှခြင်း ချထားသလို ပါပဲ။

ဆံပင်ပုံက ဘေးခွဲ အရှည်ဆိုတာ လူတိုင်းနဲ့ကြည့် မကောင်း ပေမယ့် ဟီးရိုးနဲ့တော့ဖြစ်သလို စုတ်ဖတ်ရာဇာထားလည်း ကြည့် ကောင်းနေတာပါပဲ။ အရပ်ကလည်း ချစ်လင်းထက်မြင့်သည့်လေ။

''ဟော့ကောင်''

''ဟင် . . . ဘာလဲ''

''မင်း ငါ့ကို စိတ်နဲ့ပစ်မှားနေသလားလို့''

''ခွေးကောင်''

''အား''

လက်က ဗိုအားများသွားသဖြင့် ဟီးရိုးအော်လေလျှင်–

''ဟဲ့ . . . စေတနာပါပါနဲ့ လုပ်ပေးလေ''

''နင် လာလုပ်ပေးပါလား''

''မလုပ်ပါဘူး။ ဒီလောက်နားလည်မှုမရှိတဲ့ ငမိုက်သား နှံ့ စေ''



''ငါကလည်း ငါ့အသားကို နင့်လက်နဲ့ အထိမခံပါဘူး သနလို့''

''ဘာ''

အဲဒီလိုပြောတာကိုပဲ ခက်မခံချင်တာ။ တကယ်မဟုတ်လို့ စတာဆိုလည်း ခက်ကမိန်းကလေးလေ။ သူ ဒီလိုပြောဖို့သင့်သလား။ ခက်အပေါ်မှာ ချစ်လင်းက အလျှော့ပေး အလိုလိုက်သလောက် ဟီးရိုး ဆိုတဲ့ကောင်က အနိုင်ယူချင်သူ။ မာနကလည်း ကြီးလိုက်တာ။

''ချစ်လင်း''

''ဟင်''

''လုပ်ပေးမနေနဲ့တော့ လာ''

''လာပြီး ဘာလုပ်ရမှာလဲ''

''ပြန်မယ်''

ခက် စိတ်တိုသွားကာ ထသွားပြီး ချစ်လင်းလက်ကို ဆွဲခေါ် လေတော့ –

''ဒီမှာ မပြီးသေးဘူးလေ''

''ခေါ်နေရင် ပြန်လိုက်သွား၊ ငါ့ကို ဂရုမစိုက်နဲ့''

''ကြားလား ပြောနေတာ၊ မလုပ်စေချင်တာကို လုပ်ပေးနေ တာ နင် အရှက်မရှိဘူးလား။ လာ သွားမယ်''

''ကြွ ကြွ . . . နောက်ထပ်မမြင်ရလေ ကောင်းလေပဲ''



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပေါက်ပေါက်နှင့်ရော စိတ်ကောက်ကောက်နှင့်ရော အပြန်အလှန်ပြောကြပြီး ခက်က ချစ်လင်းကိုဆွဲခေါ်သွားတာ နောက်ပြန်လှည့်မကြည့်တော့။

သွားပေါ့ –

ပြီးရင် ဒီမျက်နှာတွေပဲ မျက်နှာပြောင်တိုက်ပြီး ရောက်ရောက်လာတာ။

*



## အခန်း (၃)

မနက်စောစောစီးစီး ဝေမာခက် ခြံထဲဆင်းပြီး လမ်းလျှောက်နေစဉ် ခြံတံခါးဆီကို အမှတ်မထင်ကြည့်မိရင်း အရာတစ်ခုကို ဒူးစိုက်မိသွားပြီး ခပ်သုတ်သုတ်လျှောက်လာခဲ့၏။ အနားကိုရောက်တော့ ခြေစုံရပ်ပြီး အတန်ကြာစိုက်ကြည့်နေမိတာ စံပယ်ကုံးလေးတွေနဲ့ ကြွပ်ကြွပ်အိတ်နဲ့ထုပ်ထားသော အထုပ်ကလေးတစ်ထုပ်။

ဝေမာခက် –

ခြံတံခါးကို တွန်းဖွင့်ပြီး ယူကြည့်လိုက်တော့ –

သံလွင်ခက်

အတွက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့စာနှင့် ကတ်ကလေးတစ်ခုမှာ လက်မှတ်ကလေး ထိုးထားတာ ဘာမှန်းမသိ။ လက်မှတ်က ဘာနာမည်ဖြစ်နိုင်မလဲ သဲသဲကွဲကွဲမသိပေမယ့် လက်မှတ်ရဲ့အမြီးမှာဆက်ထားတာကတော့ love တဲ့။

ဒါ သံလွင့်အတွက် တစ်ယောက်ယောက်က လာထားသွားတာပဲ နေမှာပေါ့။ ဘယ်သူပါလိမ့်။ သံလွင်မပြောနဲ့ ဒီလုပ်ရပ်အတွက် ဝေမာပင် ရင်ခုန်ချင်ချင်။ ဟိုနှစ်ယောက်တော့ မဖြစ်နိုင်ပါဘူး။ ဟိုနှစ်ယောက်ထဲကတစ်ယောက်ဆိုရင် ဘယ်သူပဲဖြစ်ဖြစ် စာဆရာရှိလို့ကတော့ အိမ်အထိ လာကျွေးတာပဲဥစ္စာ။

ဘာမှ ဆက်စဉ်းစားမနေတော့ဘဲ ဝေမာ စံပယ်ပန်းနှင့် အထုပ်ကလေးကို ဖြုတ်ယူလိုက်တော့ အထုပ်ထဲမှာက ကောက်ညှင်းပေါင်းတွေပဲ။ သံလွင်က ကောက်ညှင်းပေါင်းဆို သိပ်ကြိုက်တာ။ သံလွင့်အကြိုက်ကိုသိနေတဲ့သူဆိုတော့ သံလွင့်ကို တော်တော် ဂရုစိုက်တာပဲ၊

"သံလွင် . . . သံလွင်"

"____"

သံလွင်ခက်ဆိုတဲ့နာမည်ကို ချစ်စနိုးနဲ့ ဒီလိုပဲ အမျိုးမျိုး ခွဲခေါ်နေကြတာပါ။ သံလွင်လို့ခေါ်ကြသလို ခက်လို့လည်း ခေါ်ကြတာပါပဲ။ ခက်လို့ခေါ်တာကတော့ ထူးထူးခြားခြား သူ့သူငယ်ချင်း





နှစ်ယောက်တည်းပါ။

"သံလွင်"

"မမသံလွင် ရေချိုးခန်းဝင်နေတယ် မမမာ"

"ဟုတ်လား"

"ဟုတ်"

ဝေမာ ရေချိုးခန်းဆီသို့ လျှောက်ခဲ့ရပြန်၏။ သူတို့ညီအစ်မနှစ်ယောက်မှာ ဝေမာကလှပြီး သံလွင်ကျတော့ ချစ်စရာကောင်းတာတဲ့။ ချစ်စရာကောင်းလို့ ချစ်ချင်သူတွေ ဝိုင်းဝိုင်းလည်ချင်ပေမယ့် ဟီးရိုးနဲ့ချစ်လင်းရန်ကိုကြောက်လို့ ဘယ်သူမှမကပ်ရဲဖြစ်နေတာ။

"သံလွင်"

"ဒုန်း ဒုန်း"

"သံလွင်"

"ရှင်"

"ပြီးတော့မလား"

"ပြီးတော့မယ် မမ . . . ခဏလေး"

"မြန်မြန်လုပ်ဟေ့၊ ဒီမှာ နင့်အကြိုက်တွေ ခြံဝမှာ ဘယ်သူလာချိတ်သွားတယ်မသိဘူး။ စောစောစီးစီး ဘယ်ကောင်က ဝီရိယကောင်းတယ် မသိတော့ပါဘူး"

"လာပြီ . . . လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



မမပြောနေတာတွေကို နားမလည်နိုင်စွာနှင့်ပဲ သံလွင် ကမန်းကတန်း ထွက်လာခဲ့တော့ ဝေမာက ရပ်စောင့်နေသည်။ သံလွင် တံခါးဖွင့်ပြီး ဘွားခနဲပေါ်လာတာနှင့်။

"ဒီမှာကြည့်ပါဦး"

"ဟင်"

မြှောက်ပြတဲ့လက်ထဲမှာက စံပယ်ပန်းတွေ။ ပြီးတော့–

"စံပယ်ပန်းတွေပါလား"

"ဒီမှာ ကောက်ညှင်းပေါင်းလည်း ပါတယ်"

"ပွတာပဲ၊ ဘယ်သူလာပို့တာလဲ မမ"

"မသိဘူးလေ၊ ခြံတံခါးဝမှာ ချိတ်ထားတာတွေ့တာ။ ဒီမှာ သံလွင်ခက်အတွက်ဆိုပြီး လက်မှတ်ကလေးတော့ပါတယ်။ ဒါပေမဲ့ ဘာမှန်းမသိဘူး ဖြစ်နေတာ"

"ဟုတ်လား"

သူပဲမေး သူပဲကိုင်ကြည့်ပြီး လက်မှတ်ကလေးကို စိုက်ကြည့်နေမိသည်။ ဘာသာပြန်လို့မရတဲ့ လက်မှတ်ပါပဲ။ Love ဆိုတာကတော့ ထင်ထင်ရှားရှား ပြတ်ပြတ်သားသားကို ရေးထားတာ၊ ဒါပေမဲ့ စာတွေက လက်ရေးနဲ့ရေးထားတာမဟုတ်ဘဲ ပုံနှိပ်စာလုံးနှင့်၊ ဘယ်သူများပါလိမ့်၊ စဉ်းစားရခက်လိုက်တာ။

ကျောင်းမှာ –





သံလွင့်ကိုကြိုက်တဲ့ ကောင်လေးတွေကတော့ အများကြီးပါပဲ။ ဟီးရိုးနဲ့ချစ်လင်းကို ကြောက်လို့သာ မကပ်ရဲရှာကြတာ။ အဲဒီအများကြီးထဲကတစ်ယောက်ယောက်များလား။

"စံပယ်ပန်းလေးတွေက မွှေးလိုက်တာ"

"အင်း ... ကျောင်းသွားကာနီး ကောက်ညှင်းပေါင်းလေး စားသွားလိုက်ဦး"

"စားမှာပေါ့၊ မမရော စားဦးမလား"

"သံလွင်ခက်အတွက်ဆိုမှတော့ ကျန်တဲ့သူတွေ စေတနာရှိပုံမရဘူး။ မစားတော့ပါဘူး"

"ဒါဆို ယူသွားလိုက်တော့မယ်နော်"

သံလွင် ကိုယ့်အခန်းထဲကိုရောက်တော့ စံပယ်ပန်းတွေကို နမ်းရှိုက်လိုက်တာ ရင်ထဲမှာ အေးချမ်းသွားသလို၊ ဘယ်သူကများ ဒီလောက် အလိုက်သိပါလိမ့်၊ မတွေးဘူးဆိုပေမယ့် စိတ်ဝင်စားမှုက သိချင်နေပြီး သနပ်ခါးလိမ်းရင်းတောင် တွေးနေမိတာ ဒါတွေကို ဘယ်သူပို့လဲ ဆိုတာလေ။

အဝတ်အစားလဲပြီး ခေါင်းမှာ စံပယ်ပန်းတွေပန်ပြီး ပြုံးလိုက်မိ၏။ ပေးတဲ့သူက သူပေးတဲ့ပန်းကို သံလွင် ပန်မပန်ဆိုတာ တစ်နေရာရာကနေများ ကြည့်နေမလား။

"ခက် ခက် ... တို့ရောက်ပြီဟေ့ သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



''လာပြီ'

အော်ခေါ်တာ ချစ်လင်းအသံမို့ သံလွင် ပြန်အော်လိုက်တာ ဖြစ်၏။ ဟီးရိုးက ဒီလို ဘယ်တော့မှ အော်ခေါ်တတ်သူမဟုတ်ပေ။ စောင့်ရတာ စိတ်မရှည်ရင် လူကိုယ်တိုင်ရောက်လာပြီး ဆွဲခေါ်တတ်တာ။

''ဘယ်လိုဖြစ်လို့ အသံကုန်အော်နေတာလဲ။ တော်တော် အသံကောင်းဟန်ချင်နေတယ်လား''

''ဩော် . . . တို့ရောက်ပြီဆိုတဲ့အကြောင်း အသံပြုတာလေ ဟာ''

''စောင့်နေလည်း ရတဲ့ဥစ္စာ၊ အပိုတွေ''

စံပယ်ပန်းတွေ ဝေဝေဆာဆာပန်ထားတာကိုမြင်တော့ ချစ်လင်းကပဲ ပါးစပ်မငြိမ်နိုင်စွာ။

''အံမယ် . . . ခေါင်းမှာ စံပယ်ပန်းတွေ အဖွေးသားနဲ့ပါလား။ ဘယ်ကောင် ဆက်သထားတာလဲ''

''ဘယ်ကောင်ဖြစ်ဖြစ် နင့်အပူမပါပါဘူး။ စံပယ်ပန်းတင် မဟုတ်ဘူး ကောက်ညှင်းပေါင်းတောင် ပါသေးတယ်''

''ဘယ်ကောင်ပေးတာလဲ''

ဒီတစ်ခါ မာဆတ်ဆတ်အသံနှင့် မေးလိုက်သူက ဟီးရိုးပါ။

''ဘယ်သီမှာလဲ၊ ငါက နင်တို့နှစ်ယောက်ကိုတောင် ပြန်မေး





ချင်းမှာ။ နင်တို့နှစ်ယောက်ထဲက တစ်ယောက်ယောက်လားလို့''

ချစ်လင်းက ဟီးရိုးကိုကြည့်ပြီးမှ သံလွင့်ကို ပြန်ကြည့်ကာ–

''ငါ မဟုတ်တာတော့ သေချာတယ်။ ငါ အအိပ်မက်တာ နင်သိလျက်သားနဲ့။ ပြီးတော့ ပေးချင်ရင် ဘာလို့ ခြံဝမှာချိတ်ခဲ့မှာလဲ။ သူများ တွေ့ရာကြုံရာလူယူသွားတော့ ဘယ်လိုလုပ်မလဲ။ ပေးချင်ရင် အိမ်ရောက်အောင် လက်ထိလက်ရောက်လာပေးမှာပေါ့'

''ငါကရော ကိုယ့်အပူနဲ့ကိုယ်တောင် ရေချိုးလို့မနိုင်ဘူးဖြစ်နေတာ။ အားအားလျားလျား အပိုအလုပ် ရှုပ်မခံဘူး''

''ဒါဆို တရားခံကို စုံစမ်းမှုဖြစ်တော့မယ်။ တွေ့လို့ကတော့ လက်သီးစာပဲ''

''သွားမလုပ်နဲ့၊ ကာယကံရှင်က လက်ခံရင် မင်း အချုပ်ထဲရောက်တာ အဖတ်တင်နေဦးမယ်''

ပြောပြီး ဟီးရိုး လွယ်အိတ်ကိုကောက်ကိုင်ကာ ထသွားလေတော့ သံလွင်မျက်စောင်းထိုးလိုက်တာကို မမြင်။ ချစ်လင်းကတော့ မြင်တာပေါ့။ ဟီးရိုးက အဲဒီလိုပဲလေ။ သံလွင်နဲ့ပတ်သက်ပြီး အလေးထားတာ၊ ဂရုစိုက်တာ ဘာမှမရှိ။ ဒါကြောင့် စံပယ်ပန်းတွေပေးတဲ့သူဟာ သူ မဟုတ်ဘူးဆိုတာ အသေအချာပါပဲ။

''ဟီးရိုး''

ခေါ်တော့ ပြန်ငဲ့ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"စားစရာရှိရင် အတူတူမျှစားနေကျဆိုတော့ ရော့ ကောက်ညှင်းပေါင်းစားဦး"

"ပေးတဲ့သူက နှင့်အတွက်ပေးတာ နှင်ပဲစား"

"ဟီးရိုး"

"မစားဘူး"

"မစားနေပေါ့"

ခပ်ဆောင့်ဆောင့်ပြောပြီး သံလွင် ချစ်လင်းဘက်သို့ လှည့်လိုက်ကာ –

"သူမစားနေ၊ ချစ်လင်း နှင်စား"

"ချစ်လင်း မစားနဲ့"

"ဟီးရိုး . . . နှင် ဘယ်လိုဖြစ်နေတာလဲ"

"သူများ ပိုးကြေးပမ်းကြေးနဲ့ ကျွေးတာကို တို့က ကပ်စားစရာလား၊ အောက်လို့ပြောတာ"

"ဟီးရိုးပြောတာ မှန်တယ်၊ ငါလည်းမစားဘူး ခက်။ ပေးတဲ့သူက နှင့်ကို စားစေချင်လို့ ပေးတာပဲဥစ္စာ။ ကျန်တဲ့ခုကို စေတနာရှိပါ့မလား"

မမကလည်း ဒီအတိုင်းပဲပြောတာမို့ ဒီအရာသည် သံလွင်တစ်ယောက်တည်းအတွက် ဖြစ်လာခဲ့တာမို့ စိတ်ပေါက်ပေါက်နှင့်တစ်ယောက်တည်း ကုန်အောင်စားမည်ဟု ဆုံးဖြတ်ပြီးနေစဉ် –





"နှင်နေမယ် ဖြည်းဖြည်းစား၊ ချစ်လင်း ကျောကုန်းထုပေးလိုက်ဦး"

ချစ်လင်းက ရယ်ကာ –

"ငါကတော့ မထုရက်ပါဘူး။ ယောက်ျားရှင်တော့ အထုခံရမှာ ကျိန်းသေတယ်"

"ငါ့မှာလည်း လက်နဲ့ခြေနဲ့ပဲဥစ္စာ ပြန်ထုမှာပေါ့"

"ပြန်ထုနိုင်,မထုနိုင် ကြည့်ကြသေးတာပေါ့။ တို့လည်းလောလောဆယ် သေသွားမှာမှ မဟုတ်တာ"

"ပြောလို့ရမလား၊ အသက်ဆိုတာ လုံခြုံအောင်ဝှက်ထားလို့မှမရတာ"

"အင်း . . . အတိအကျသိရအောင် သေမင်းကို ဖုန်းဆက်မေးကြည့်လိုက်ဦးမယ်။ သံလွင်ခက်ဆိုတဲ့ကောင်မလေး ဘယ်နေ့သေမှာလဲလို့"

"ကြည့်စမ်း . . . ကဲ"

"ဘုန်း"

"အား . . . သေပါပြီ"

သံလွင်က ထုလေသဖြင့် ချစ်လင်းက ကျောကော့ပြီး အော်လေ၏။ ဒီလိုပဲလေ၊ လူတိုင်းက သေစကားဆို လေသံပင်မကြားနိုင်ကြဘာ။ ပြီးတော့ ရှောင်လွှဲလို့ရကြတာလည်းမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ကားပေါ်တက်ကြ။ ငါက သိပ်စိတ်ရှည်တာ မဟုတ်ဘူးနော်"

"နင် စိတ်ရှည်တာ ဘာရှိလဲ"

"ဘာမှမရှိဘူး"

"ဟွန်း"

သံလွင် မဲ့မဲ့ရွဲ့ရွဲ့လေးဖြစ်သွားချိန်မှာပဲ ဟီးရိုးက ကားပေါ်တက်သွားပြီ။ ဒီသုံးယောက်က မတည့်အတူတူနေဆိုတဲ့လူတွေ။

*



## အခန်း (၄)

နီလာခင် ဒီအိမ်ကိုရောက်ကတည်းက ဦးရဲမြင့်ရဲ့ဖနီးဆိုတဲ့ ဝါဝါနဲ့ အိပ်လိုက် စားလိုက်၊ ပျင်းရင် သူငယ်ချင်းတွေ ဖုန်းဆက်ခေါ်ပြီး စားစရာမျိုးစုံနဲ့ တည်ခင်းဧည့်ခံကာ ဟေးလားဝါးဟား ရယ်စရာတွေ ပြောလိုက်နှင့် ဟုတ်တော့ဟုတ်နေတာပါပဲ။ အလုပ်ဆိုတာလည်း စိတ်မဝင်စား။ စီးပွားရေးဆိုတာ ဝေလာဝေးစွ။

ဒါ တကယ်တော့ တမင်ရွဲ့နေတာပါ။

ဦးရဲမြင့်အပေါ်မှာတော့ စိတ်ညစ်စေအောင် မလုပ်ချင်ပါဘူး။ မှားခဲ့တဲ့အမှားတစ်ခုအတွက် သူက ယောကျ်ားပီပီ တာဝန်ယူသလို ကိုယ့်ဘက်ကလည်း ဖနီးမယားပီပီ သစ္စာရှိဖို့ ဆုံးဖြတ်ပြီးသားပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ –

သူ့ရဲ့ကောင်းဆိုတဲ့ကောင်ကို လုံးဝ ကြည့်မရလို့ ဒီလိုရှိနေတာဖြစ်၏။

“လာ ထိုင်ကြ သူငယ်ချင်းတို့။ ဒီမှာ တစ်နေ့လုံးနေရမှာနော်။ ထမင်းစားဖို့အတွက်ရော စကားပြောရင်း စားကြသောက်ကြဖို့အတွက်ရော အားလုံးစီစဉ်ထားပြီးသား”

“စိတ်ချ ... စိတ်ချ။ ဒါမျိုး ဘယ်ငြင်းပါ့မလဲနော်”

“နင်လည်း ယောက်ျားရကာမှ ဖိမ်ရှိလိုက်တာနော်။ အဲဒါပေါ့။ ကြီးရင်မှီ ငယ်ရင်ချီဆိုတာ။ အခု မှီနေရတာ ဘယ်လောက်ကောင်းသလဲ။ ဦးရဲမြင့်ကလည်း အသက်ကြီးပေမယ့် မပျက်စီးသေးတဲ့ အလတ်ကြီးပါ”

“ဦးက အစကတည်းက လက်မခံနိုင်စရာအကြောင်း မရှိပါဘူး။ ငါနဲ့ မတည့်တာက သူ့သားနဲ့”

သူ့သားဆိုတာနဲ့ ရတနာအကြည့်က နံရံပေါ်မှာချိတ်ထားတဲ့ ဓာတ်ပုံဆီကိုရောက်သွားသည်။ သူ့မမှာ လာတိုင်း ဒီဓာတ်ပုံကို မော့ကြည့်ရတာအမောပါပဲ။ အပြင်မှာ လူကိုယ်တိုင်ကိုတော့ တစ်ခါမှ မမြင်ဖူးသေးပေ။ မော့ကြည့်မိတိုင်းလည်း ချောလိုက်တာလို့ စိတ်ထဲမှာ ချီးကျူးမိ၏။

ဂစ်တာကိုပိုက်ပြီး မရယ်မပြုံးနဲ့ တည်တည်တင်းတင်းပုံကာ





ကိုရီးယားမင်းသားလေးအတိုင်းပါပဲ။ ချောမှာပေါ့ သူ့အဖေ ဦးရဲမြင့်ကိုယ်တိုင်က အခုထိ ချောတုန်း ခန့်တုန်းပဲလေ။

“အသက်ရှည်ဦးမယ်၊ ပြောရင်းဆိုရင်း ပြန်လာပြီ”

“ဟင်”

ပြန်လာပြီဆိုတော့ လှည့်ကြည့်မိတာ အသည်းအသန်။ ဓာတ်ပုံထဲမှာထက် ဆံပင်ပိုရှည်တာကလွဲရင် ချောတာတော့ ဓာတ်ပုံထဲမှာထက်ပင် ပိုချောနေသေး၏။ ဝင်လာပြီး အပေါ်ထပ်ကို တန်းတက်သွားတာ ဘယ်သူ့ကိုမှ မျက်လုံးတစ်ချက်ကလေးပင် ဝေ့မကြည့်။

သစ္စာကြီးလိုက်တဲ့မျက်လုံးတွေ။

“ချောလိုက်တာဟယ်၊ မြင်ပြီးပြန်ပျောက်သွားတဲ့အချိန်လေးကို နှမြောလိုက်တာ”

“နီလာ”

“ဟင် ... ဘာလဲ သွဲ့”

“ရတနာတော့ နင့်ကို ယောက္ခမတော်ချင်နေပြီထင်တယ်။ လက်ခံပေးလိုက်ပါဟယ်။ ဖြစ်သွားပုံလေးက သနားစရာလေးပဲ”

“အမယ်လေး မလုပ်လိုက်ပါနဲ့ဟယ်။ အဲဒီကောင်က ရုပ်သာ ချောတာ သဘောက တာတေလန်ရောပဲ။ မိုက်ရိုင်းသမှ ဖအေကို ပြန်ပြောတာပက်ခနဲ ပက်ခနဲပဲ သိလား”

“ဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ပေါ့ ... ငါ့ကိုဆို ပိုဆိုးသေး။ ရစရာမရှိ အောင်ကို ပြောတာ"

"ဟယ်"

"အဲဒီချောတဲ့မျက်နှာပေါ်က ပါးစပ်ကပဲ မတန်မရာစကားလုံး တွေထွက်တာ။ တကယ်အံ့ဩဖို့ကောင်းလောက်အောင်ပါပဲ"

"သြော် ... အဲဒါ အခြားသူတွေနဲ့ဆိုရင် အဲဒီလိုထွက်ချင်မှ ထွက်မှာပေါ့"

နီလာ့မျက်နှာလှလှလေး မဲ့ရွဲ့သွား၏။ သူမ မျက်စိထဲမှာတော့ သူရဲကောင်းဆိုတဲ့ကောင်ဟာ ဘီလူးသရဲလိုပါပဲ။ ကြည့်လိုက်တိုင်း မျက်နှာက ရှစ်ခေါက်ချိုးနဲ့ တစ်လောကလုံးက လူတွေကို သူပဲ ရှာ ကျွေးနေရသလိုလို။ ပုံစံကိုက မိုက်တိမိုက်ကန်းနဲ့။

"နင်တို့ကိုလည်း ဒီမျက်နှာမျိုးနဲ့ပဲ ဆက်ဆံမှာကျိန်းသေ တယ်။ ကြည့်ပါ့လား ... မျက်စောင်းတစ်ချက်တောင် လှည့်ထိုးဖော်မရ တာကို"

"အဲဒါတော့ ဟုတ်တယ် ရတနာ"

"အလကားပါ ရတနာရယ်။ ရုပ်ဆိုတာ သွေးသောက်လို့ ဗိုက်ဝတာမဟုတ်ဘူး။ စိတ်ကူးယဉ်မနေနဲ့။ အလကားနေရင်း အခြောက်တိုက် ဘဝင်မြင့်နေတာ"

"ဒီမှာ"





"အင်"

"အဲတော့"

ဘယ်အချိန်က ပြန်ဆင်းလာမှန်းမသိဘဲ လှေကားရင်းမှာ ခါးထောက်ရပ်နေတာ ဟီးရိုးပါ။ မျက်နှာက ခက်ထန်မာကြောခြင်းများ နှင့်မို့ ပါးစပ်အဟောင်းသားဖြစ်သွားကြပြီး ကျောပင်ချမ်းသွားသလိုလို။

နီလာ

ပျက်သွားတဲ့မျက်နှာကို ချက်ချင်းပြင်လိုက်တော့ သူ့လိုပဲ တည်တင်းခြင်းသို့ရောက်၏။

"ဘာလဲ ခင်ဗျားက ညှော်သည်လာတိုင်း ကျွန်တော့် အကြောင်းနဲ့ တည်ခင်းဧည့်ခံနေတာလား"

"ဟုတ်တယ် ဘာဖြစ်လဲ။ ပြောချင်စရာဖြစ်နေလို့ ပြောနေ တာ"

"ပြောချင်စရာဖြစ်လည်း ပြောစရာမလိုဘူး။ စပျစ်သီးစားရင် စပျစ်သီးနဲ့ ထွက်မယ်။ ကျွန်တော့်အကြောင်းပြောနေသမျှတော့ ခင်ဗျား ပါးစပ်က အပုပ်နံ့တထောင်းထောင်းထွက်နေမှာပဲ"

"ထွက်ပါစေ ဘာဖြစ်လဲ။ ငါက အရှိကိုအရှိအတိုင်း ပြော တာ"

သူရဲကောင်းကလည်း အရှိကိုအရှိအတိုင်း ပြောရဲသူမို့–

"ကျွန်တော် ခင်ဗျားအကြောင်းကို မပြောဘူး။ စပ်လည်း



www.burmeseclassic.com

www.burmeseclassic.com



မစပ်စုဘူး။ ခင်ဗျားလည်း ကျွန်တော့်အကြောင်း မပြောပါနဲ့။ ပြောရင်တော့ ကျွန်တော့်အဆိုးမဆိုနဲ့''

''အံမယ် ... ပြောတော့ နင်က ဘာလုပ်ချင်လဲ''

''လျှာရှည်တဲ့ပါးစပ် လျှာဖြတ်ပစ်မယ်''

''ဘာ''

နီလာ အသားတွေ ဆတ်ဆတ်တုန်အောင် ဒေါသဖြစ်သွား၏။ တကယ်ဆို နီလာ့ကို ဘယ်လောက်မုန်းမုန်း သူ့အဖေမျက်နှာနဲ့တော့ ရိုသေသင့်တာပေ့ါ။ အသက်ကရွယ်တူနီးပါးဆိုပေမယ့် ကိုယ်က ဝါကြီးတာပဲဥစ္စာ။ အမေအရွယ်မဟုတ်လို့ မရိုသေချင်ဘူးပဲထား။ ဘာသိဘာသာနေလို့ရသားပဲ။

အခုက ...

သူတင်းလို့ ကိုယ်မာနေတာ။ မခေါ်ချင်လို့သာရမယ် မတော်ချင်လို့မရဘူးဆိုတာ နားမလည်ဘူးလား။

''မယုံမရှိနဲ့၊ တကယ်လုပ်ရဲတယ်''

''လုပ်ရဲမှာပေ့ါ။ နင်က သေမထူး နေမထူးကောင်ပဲဥစ္စာ။ နေတတ်ရင် ကျေနပ်စရာကို၊ နင် မနေတတ်လို့ မကျေနပ်စရာတွေ ရှိနေတာ ဘယ်သူက သနားမှာလဲ''

''အဲဒါ ခင်ဗျားကြောင့်လေ၊ ကျွန်တော်တို့သားအဖကြားမှာ သွေးခွဲနေတာ ခင်ဗျား''





''ဟဲ့ ... ငါက သွေးခွဲနေတာမဟုတ်ဘူး။ နင့်စိတ်ကိုက သွေးကွဲနေတာ။ တကယ်ဆို နင် ငါ့ကို မရိုသေရင်တောင် မစော်ကားသင့်ဘူး''

''ဘယ်သူက စော်ကားနေလို့လဲ။ ခင်ဗျားပဲ လာသမျှလူကို ကျွန်တော့်မကောင်းကြောင်းနဲ့ တည်ခင်းဧည့်ခံနေတာ မဟုတ်ဘူးလား''

''နင့်မကောင်းလို့ မကောင်းကြောင်း ပြောတာလေ။ ကောင်းရင် ကောင်းတဲ့အကြောင်းပဲ ပြောမှာပေ့ါ''

''ကဲ ... တော်ကြပါတော့ဟယ်။ ချစ်စကို့ရှည် မုန်းစကိုတိုစေတဲ့။ တစ်အိမ်တည်းမှာ အတူတူနေကြတာ ဒီလောက်တင်းမာ မနေကြပါနဲ့''

အဲဒီစကားကို နားထောင်လိုက်တာမဟုတ်ပေမယ့် နှစ်ဦးနှစ်ဖက် ဆက်မပြောကြတာ ကိုယ့်အကြောင်းနဲ့ကိုယ်။ နီလာက ဆက်ပြောရင် ကိုယ့်အလွန်ဖြစ်မှာစိုးလို့။

သူ့ရဲကောင်းကတော့ ကိုယ့်မျက်ချေးကိုယ်မမြင်ဘဲ သူများမျက်ချေးထွက်တာကို လက်ညှိုးထိုးကဲ့ရဲ့တဲ့မိန်းမနဲ့ တုပြိုင်ပြီး လေကုန်ခံရတာ သနလို့ဆိုကာ။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

''သံလွင် ခဏနေပါဦး''

''-----''

''သံလွင်''

ကြားသားပဲ။ တလွှင်လွှင်နဲ့ နောက်ကနေ ခေါ်ပြီး လိုက်လာတာသိလျက်နဲ့ မသိချင်ယောင်ဆောင်ပြီး ရပ်မနေတာ။ ရပ်စောင့်စရာလား။ သူပြောမယ့်စကားက ရိုးရိုးသားသား သာကြောင်းမာကြောင်း မေးမှာမှ မဟုတ်တာ။ အခြားကောင်တွေက ဟီးရိုးနဲ့ချစ်လင်းကို ကြောက်လို့ သံလွင့်အနား မကပ်ရဲကြပေမယ့် -

နေယံဆိုတဲ့သူကတော့ -





မလစ်နဲ့ လစ်တာနဲ့ သံလွင့်ကို ရည်းစားစကားလိုက်ပြောနေတဲ့ကောင်။ ဟိုကောင်တွေနဲ့ တွေ့လို့ကတော့ ဒီကောင် အချောင်နာဦးမှာ။ မတွေ့ပါစေနဲ့လို့လည်း သံလွင် ဆုတောင်းပါတယ်။ မဟုတ်ရင် သူ့အသားနာတာက ဘာအကြောင်းလဲ။ ကိုယ့်သူငယ်ချင်းတွေကို ဟိုရောက် ဒီရောက် အရောက်မခံနိုင်တာပါ။

''သံလွင် ခဏနေပါဦးဟာ''

ကိုယ့်ရှေ့တည့်တည့်ရောက်လာပြီဆိုတော့ သံလွင် ရပ်မနေလို့ မရတော့။

''ဘာလဲ ဘာပြောစရာရှိလို့လဲ၊ ပြောနေကျစကားဆိုရင်တော့ ဂိုးတော့၊ လေကုန်တာပဲ အဖတ်တင်လိမ့်မယ်''

''မဟုတ်ပါဘူး၊ ဒီတစ်ခါ ပါးစပ်က မပြောဘူး၊ လက်တွေ့ပေးမလို့''

''ဘာ''

''ဒီမှာလေ လက်က တွေ့ပြီးပေးတော့ လက်တွေ့ပေါ့''

မြောက်ပြတဲ့အထုပ်ကလေးကိုကြည့်ပြီး သံလွင် မျက်မှောင်ကြုတ်သွားကာ -

''အဲဒါ ဘာလဲ''

''ကောက်ညှင်းပေါင်းလေ၊ သံလွင်က ကောက်ညှင်းပေါင်း ကြိုက်တယ်ဆိုလို့ ဝယ်လာတာ''



www.burmeseclassic.com

www.burmeseclassic.com



"အချစ်ကို ကောက်ညှင်းပေါင်းနဲ့ လာဘ်ထိုးယူမယ့်သူ ဒီ တစ်ယောက်ပဲ တွေ့ဖူးသေးတယ်"

"အေးလေ သတင်းထူးဖြစ် အင်တာနက်ပေါ် တင်လိုက်ရ ကောင်းမလားပဲ"

ပြောပြီး ကေကေနဲ့နေခြည် ရယ်ကြပေမယ့် သံလွင်မရယ် နိုင်။ သူ့လက်ထဲက ကောက်ညှင်းပေါင်းထုပ်ကိုကြည့်ပြီး စဉ်းစားနေ တာ။

"သံလွင်က စံပယ်ပန်းကြိုက်တယ်လို့လည်း ကိုယ်သိထား တယ်။ နောက်နေ့တွေကျ ဆက်သပေးမယ်လေ"

သံလွင် သူ့မျက်နှာကို ဖျတ်ခနဲမော့ကြည့်မိလိုက်၏။ ခါတိုင်းတွေ့မှာ မနက်တိုင်း စံပယ်ပန်းတွေနဲ့ ကောက်ညှင်းပေါင်း လာလာပြီး ချိတ် ထားတာ သူလား။

"ယူလေ"

"ဟင့်အင်း"

"ကိုယ်က စားစေချင်လို့ ဝယ်လာတာကို ယူပါ သံလွင်ရဲ့။ သံလွင် ဘာတွေကြိုက်တတ်သေးလဲ ကိုယ်စုံစမ်းဦးမှာပါ"

"မစုံစမ်းပါနဲ့"

"ဟင် ... ဘာဖြစ်လို့လဲ"

"တို့အကြိုက်ကို နေယံ ဘယ်လောက်ပဲဆောင်ဆောင် တို့





နေယံကို ပြန်ချစ်နိုင်မှာမဟုတ်ဘူး"

"ပြန်ချစ်လာတဲ့နေ့အထိ ကိုယ် ကြိုးစားမှာပေါ့"

"ဘယ်လိုကြိုးစားမှာလဲ ဒီဘက်လှည့်ပြော"

"ဟာ"

"ဟီးရိုး"

မြင်လိုက်တာနှင့် သံလွင် ရင်ထဲမှာ ထိတ်ခနဲဖြစ်ပြီး ရင်တွေ ခုန်လာသည်အထိ လန့်ဖျပ်သွားတာ တကယ်။

"မင်း ကြိုးစားလည်း အလကားပဲ။ သံလွင်ခက်ရဲ့ဘေးမှာ ဟီးရိုးဆိုတဲ့ သူ့ရဲကောင်းနဲ့ချစ်လင်းကိုကိုဆိုတဲ့ ငါ ရှိနေသရွေ့ သူ့ အချစ်ကို ဘယ်ကောင်မှ မရစေရဘူး"

"ချစ်လင်း"

"ဘာဆိုင်လို့လဲကွ၊ လူပျို အပျို ချစ်ကြကြိုက်ကြတာ ဆန်း သလား။ သံလွင့်ကို ချုပ်ကိုင်ထားရအောင် မင်းတို့က ဘာတွေလဲ။ သူ့အဖေတွေလား"

"ဟေ့ကောင်"

ဟီးရိုး နေယံအကျႌကော်လံကို ဆွဲလိုက်၏။ ရှေ့ဆက် ဘာတွေ ထွက်လာဦးမလဲ။ ကောက်ရိုးပုံစောင့်တဲ့ခွေးတို့ ဘာတို့ ထွက်လာရင် တော့ ဒီနေရာမှာ လူသတ်ရမှာ ဝန်မလေးပေ။

"မင်းပါးစပ်ထဲမှာ ဆက်ထွက်ဖို့စကားလုံးရှိသေးရင် ထွက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်စမ်း။ မင်းမှာ သွားဘယ်နှစ်ချောင်းရှိလဲ အကုန်ကျွတ်ထွက်သွားမယ်သာမှတ်''

''ဟီးရိုး''

ဟီးရိုးက ပြောရင်ပြောတဲ့အတိုင်း လုပ်တတ်သူမို့ သံလွင်စိုးရိမ်သွားကာ ဟီးရိုးလက်တွေကို ဖယ်ချပေးလိုက်၏။ ချစ်လင်းကမူ တော်သေး။ ဟီးရိုးကစိတ်မြန်လက်မြန်သမားပါ။ တော်ကြာ ကျော်မကောင်း ကြားမကောင်းဖြစ်ကုန်ရင် ဒုက္ခ။

''ဟီးရိုး တော်တော့၊ ခက် ... လာ သွားမယ်''

''တောက်''

ချစ်လင်းက ဟီးရိုးကို တစ်ဖက်၊ သံလွင်ကိုတစ်ဖက် ဆွဲခေါ်လေ၏။ နေယံ နှစ်ယောက်နှင့်တစ်ယောက်မို့ လိုသည်ထက် ပို မပြောတော့ဘဲ အံကြိတ်ခံနေလိုက်တာ။ တကယ်ဆို ပြောချင်တာက ကောက်ရိုးပုံစောင့်တဲ့ ခွေးတွေလို့လေ။ တကယ်ပြောရင် တကယ်သွား ဘယ်နှစ်ချောင်းကျွတ်ထွက်မလဲ မပြောတတ်။

''ကဲ ... တော်ပါတော့၊ ဒီမှာ လက်နာပြီ ဖယ်''

သံလွင် ချစ်လင်းလက်ကို ဖယ်ချလိုက်လေတော့ –

''ခက် နင် ဟိုကောင့်ကို လက်ခံချင်နေတာလား''

''ဘာဆိုင်လို့လဲ''

''မဆိုင်ရင် ပက်ပက်စက်စက်ပြောပြီး ပါးရိုက်ပစ်ခဲ့ပါလား။





အခု နင့်ကိုက ပဲများနေတော့ ဟိုက ရောင့်တက်မှာပေါ့''

''ချစ်လင်း ... နင် ဘာဖြစ်နေတာလဲ''

''သဝန်တိုနေတာလေ မသိဘူးလား''

''ဟင်''

ချစ်လင်း မျက်နှာပေါ်သို့ အကြည့်နှစ်ခု ပြိုင်တူရောက်လာသည်။ သဝန်တိုရတဲ့ အဓိပ္ပာယ် သူ သေသေချာချာမှသိရဲ့လား။ သိနေတယ်ဆိုရင် သဝန်တိုတာ သိပ်ချစ်လို့ပဲပေါ့။ သုံးယောက် အတူတူ မခွဲခဲ့ကြတဲ့အထဲမှာ ချစ်လင်းက တစ်ဆင့်တက်လာပြီဆိုရင် ဟီးရိုးက နောက်ကျရစ်ကျန်ခဲ့မယ့်သူလား။

ဟီးရိုးရင်ထဲမှာရော ဘာတွေရှိနေသလဲ။

ဒီသုံးယောက်ပဲ အနီးကပ်နေလာခဲ့ကြတာ၊ ချစ်လင်းစိတ်က သံလွင့်အပေါ် ဖောက်လွဲဖောက်ပြန်ရှိနေပြီဆိုရင် –

''နင် ဘယ်ကောင့်ကိုမှ ပြန်ချစ်ဖို့ မကြိုးစားနဲ့နော်''

''ဘာဆိုင်လဲ၊ ငါ့စိတ်နဲ့ငါ့ကိုယ် ငါ့မှာ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ရှိတာပဲ ဥစ္စာ။ ငါ ဘယ်သူ့ကိုပဲပြန်ချစ်ချစ် နင့်အပူမပါ,ပါဘူး။ ငါက အရွယ်ရောက်နေပြီပဲဥစ္စာ။ ဗိုင်နယ်တောင်ရောက်နေပြီ''

''ခက်''

''ချစ်လင်း''

ချစ်လင်းက သံလွင်ကို တစ်ခုခုပြောဖို့ ပြင်လိုက်မယ့်



www.burmeseclassic.com

www.burmeseclassic.com



ဟီးရိုးက ခေါ်လိုက်တာကြောင့် မပြောဖြစ်ဘဲ လှည့်ကြည့်လေလျှင်–

"ငါက ပြောစရာရှိရင် သွယ်ဝိုက်မနေတတ်ဘူး တဲ့တိုးပဲ"

"သိပါတယ် တဲ့တိုးက ဘာလဲ"

"မင်း ခက်အပေါ် သူငယ်ချင်းအချစ်ထက် ပိုနေပြီလား"

ချက်ချင်းပြန်ဖြေဖို့ ခက်တဲ့မေးခွန်းပါ။ မင်းကရောလို့ ပြန်မမေးချင်ပါဘူး။ သူပြန်ဖြေမယ့်အဖြေကို ဟီးရိုးက နားစွင့်နေပုံရ၏။ တကယ်တော့ ချစ်လင်း ခက်ကိုချစ်ခဲ့တာ ခုမှမဟုတ်။ ဟိုတုန်းကတည်းက ချစ်ခဲ့တာပေမယ့် ဖွင့်ပြောရင် ခက်စိတ်ဆိုးမှာစိုးလို့ ဖွင့်မပြောဘဲ မျိုသိပ်ထားခဲ့တာ။

အခုက –

ဖိုင်နယ်တောင်ရောက်နေပြီလေ။ ပညာရေးကိုလည်း အနှောင့်အယှက်ဖြစ်စရာမှ မရှိတော့တာ။

"မင်းမဖြေနိုင်တော့ဘူးလား"

"ဖြေနိုင်ပါတယ်"

"ဒါဆို ဖြေလေ"

"ဟုတ်တယ်၊ ငါ ခက်ကိုချစ်ခဲ့တာ ခုမှမဟုတ်ဘူး။ ဟိုတုန်းကတည်းက"

"ဩော်"

"ချစ်လင်း နင် ဘာတွေလျှောက်ပြောနေတာလဲ"





"အမှန်တွေ ပြောနေတာလေ။ ဟီးရိုးကို သက်သေထားပြီး ပြောမယ်၊ နင့်ကို ငါ ချစ်တယ် ခက်"

"သေလိုက်ပါလား"

သံလွင်က ဒေါသသံနှင့် ပြောလိုက်ပေမယ့် ဟီးရိုးက တည်တည်ငြိမ်ငြိမ်ပါပဲ။ ဒီလို နေနိုင်ပုံထောက်တော့ ဟီးရိုးက ချစ်လင်းလို မဟုတ်လို့ပေါ့။

"နင်ကရော ခက်"

"ဘာကိုလဲ"

"ငါ့ကို ချစ်လားလို့"

"သူငယ်ချင်းလို ချစ်ကြတာပဲ ကောင်းပါတယ် ချစ်လင်းရယ်၊ နင် နောက်ထပ် ဒီစကားမျိုးတွေ မပြောပါနဲ့၊ ငါ အချစ်ရေးကို စိတ်မဝင်စားသေးဘူး"

"အခု မဝင်စားသေးရင်နေလေ၊ ဝင်စားတဲ့အခါကျရင်သာ ငါ့ကို စဉ်းစားပေး ဟုတ်ပြီလား"

"အား"

"ဟင်"

ဟီးရိုး အော်လိုက်သံကြောင့် လှည့်ကြည့်လိုက်တော့ ဟီးရိုး လက်မှာ သွေးတွေ။

"ဟီးရိုး"



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပဲ ဟီးရိုးအနားသို့ ရောက်သွားကြ၏။ တစ်ဖက်လက်မှာက ဓားကိုကိုင်ထားပြီး ပန်းသီးကသုံးစိတ်။ လက်ထဲမှာ ပန်းသီးနှစ်စိတ်က ကိုင်ထားလျက်နှင့် သွေးစွန်းနေပြီး တစ်စိတ်က အောက်ကျနေတာကို မြင်လိုက်ရုံဖြင့် သဘောပေါက်ပြီးသားပါ။

သူတို့က –

ဘာပဲစားစရာရှိရှိ သုံးယောက်ညီတူညီမျှ ခွဲဝေပြီးစားကြတာဆိုတော့ ပန်းသီးကို သုံးစိတ်စိတ်ရင်း လက်ကို ဓားထိသွားတာပဲ ဖြစ်မှာပေါ့။ သံလွင် တစ်ရှူးတွေကို အမြန်ထုတ်လိုက်ပြီး –

"ဓားထိတာ မဟုတ်လား"

"အင်း"

"သွေးတွေ အရမ်းထွက်နေတယ်။ မင်း ဆေးခန်းသွားမလား ဟီးရိုး"

"ဒီဒဏ်ရာလောက်နဲ့ သွားစရာလား"

"နင်ကတော့လေ ဖြစ်လိုက်ရင် အသည်းအသန်ပဲ သိလား"

ပြောလည်း ခံရမှာပါပဲ။ ဖြစ်ပြီးသွားတာ ခြေလှမ်းများသလို နောက်ပြန်ဆုတ်လို့မှ မရတာ။ သံလွင်က တစ်ရှူးစတွေနှင့် သွေးတွေကို သုတ်ပေးပြီး –

"ဟဲ့ ချစ်လင်း"

"ဟင်"





"ဒီအတိုင်းပဲ ကြည့်နေသလား။ ပလာစတာ အမြန်သွားဝယ်ပေး"

"အေး . . . အေးပါ"

ချစ်လင်းသွားမယ်လုပ်တော့ –

"နေပါစေ . . . မသွားနဲ့ ရတယ်"

"နေလို့ရမလား၊ ဒီလောက် သွေးထွက်နေတာကို"

ဟီးရိုးစကားကို နားမထောင်ဘဲ ချစ်လင်း ထသွားလေလျှင် ဟီးရိုး ထိုကျောပြင်ကို လိုက်ကြည့်ရင်း သက်ပြင်းခိုးချလိုက်မိ၏။ ဒီလို သက်ပြင်းချမိတာ ကိုယ့်အကြောင်းနဲ့ကိုယ်။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"စံပယ်ပန်းတွေ၊ စံပယ်ပန်းတွေ"

စံပယ်ပန်းတွေ အော်သံကြားတာနဲ့ ချစ်လင်း အိမ်ရှေ့အထိ ပြေးထွက်လာခဲ့၏။ ခက်ကိုချစ်တယ်လို့ ပြောပြီးမှတော့ အရင်ထက် ပိုပြီး ဂရုစိုက်ခွင့်ရပြီလေ။ သူကြိုက်တဲ့အရာတွေကို ကိုယ့်လောက် မရင်းနှီးတဲ့ကောင်တွေတောင်သိနေတာ ကိုယ်က အနီးဆုံးလူဆိုတော့ ပိုမသိသင့်ဘူးလား။

"စံပယ်ပန်းတွေရမယ် စံပယ်ပန်းတွေ"

"စံပယ်ပန်းသည် လာပါဦး"

"ဟာင် . . . ခေါ်သလား"





"ခေါ်တယ်ခင်ဗျာ့ လာပါဦး"

"လာပြီ . . . လာပြီ"

ဈေးသည်ဆိုတာ ခေါ်သူရှိရင် ဝမ်းသာအားရမို့ စံပယ်ပန်းသည်အနားသို့ ရောက်လာလေလျှင် –

"ဘယ်နှကုံးယူမလဲ ငါ့တူ"

"ဟိုလေ . . . ကျွန်တော်က အကုံးမလိုချင်ဘူး။ အပွင့်ပဲ သီးသန့်လိုချင်တာ အဒေါ်ရဲ့"

"ဟာင် လူတိုင်းက သီပြီးသားပဲ ဝယ်ကြတာလေ ငါ့တူရဲ့။ အဲဒါကြောင့် အဒေါ်တို့က သီပြီးသားပဲ ရောင်းတာ၊ မသီရသေးတာ မပါဘူး"

"ကျွန်တော်က မသီရသေးတာပဲ လိုချင်တာဗျ"

"ဘယ်လိုပါလိမ့်"

ချစ်လင်း ခေါင်းကုတ်ပြီးရယ်လိုက်ကာ –

"ကျွန်တော်က သူများနဲ့မတူလို့ပေါ့။ ကျွန်တော့်ချစ်သူအတွက် ကျွန်တော်ကိုယ်တိုင် သီပေးချင်လို့ပါ"

"ဒါဆို သီထားတာကို ဖြုတ်လိုက်လေ။ ပြီးရင် ပြန်သီပေါ့"

ရောင်းတဲ့သူကလည်း ရောင်းချင်လို့ဖြုတ်ခိုင်း ချစ်လင်းကလည်း အဲဒီလိုမလုပ်ချင်။

"ဒီနေ့တော့ မယူသေးဘူး အဒေါ်ရယ်။ နောက်နေ့တွေကျ



www.burmeseclassic.com

www.burmeseclassic.com



နေ့တိုင်းပဲ အပွင့်သီးသန့်ယူလာပေးနိုင်မလား မသိဘူး''

''ရတာပေါ့၊ အဒေါ် အသီရတောင် သက်သာသေးတယ် ပို့ပေးမယ်လေ''

''ဟုတ်ကဲ့၊ ဒါဆို ကျေးဇူးပဲနော် အဒေါ်''

''အေး အေး . . . အဒေါ်လည်း ဆက်ရောင်းလိုက်ဦးမယ်''

လှည့်ထွက်လာတဲ့ ချစ်လင်းမျက်နှာပေါ်မှာ အပျော်တွေစီးဝင်နေသည်။ စိတ်ကူးနဲ့ရူးနေရတဲ့ အချစ်ရူးလေ။ အခု လက်မခံလည်း တစ်နေ့တော့ ခက် သူ့ကို လက်ခံလာမှာပါ။ ခက်အိမ်က ဟီးရိုးကို ဂျစ်ကန်ကန်မို့လို့ သိပ်ကြည့်မရပေမယ့် –

ကိုယ့်ကိုတော့ ချစ်ကြသည်မဟုတ်လား။

ချစ်လင်းကိုကိုက နှုတ်၊ ရုပ်၊ ပညာအရည်အချင်း၊ မိဘ အသိုင်းအဝိုင်း ဘာဆိုတာမှ ပြောစရာမလို။ ဒါကြောင့် ပျိုတိုင်းကြိုက်တဲ့ နှင်းဆီနိုင်ဖြစ်ခဲ့ပေမယ့် သူ့ရင်ထဲမှာက ခက်တစ်ယောက်သာ။ သူက ဟီးရိုးလို ဘယ်တော့မှဖြစ်သလိုမနေဘဲ အမြဲတမ်း သပ်ရပ်သန့်ရှင်းနေသူ။

သူက အသားဖြူတော့ အစ်ကိုဖြစ်သူကတောင်၊ တစ်ခါတလေ –

''လူနီဖြူစပ် မပေါင်းအပ်''

လို့ ချစ်စနိုးစတတ်သည်လေ။





''ဟော့ကောင်''

''အင် . . . ဗျာ''

ပခုံးကို ခပ်ဆတ်ဆတ်ရိုက်တာ ခံလိုက်ရမှ ဖျတ်ခနဲ မော့ကြည့်လိုက်တော့ –

''ကိုကြီး''

''ခေါ်မကြားအော်မကြားနဲ့ စိတ်တွေက ဘယ်ကိုရောက်လွင့်နေတာလဲ''

''အဟဲ . . . ဘာရယ်လို့မဟုတ်ပါဘူး''

''မဟုတ်ဘူး မပြောနဲ့။ တစ်ခုခုတော့ ဟုတ်ကိုဟုတ်တယ်။ မင်းမျက်နှာက အသီအသာကြီး''

''ခက်ကိုပေးဖို့ စံပယ်ပန်း သွားဝယ်တာပါ။ ကျွန်တော်က ကိုယ်တိုင်သီပေးချင်လို့ အပွင့်သီးသန့်လိုချင်တာကို အကုံးပဲပါတယ်ဆိုလို့ မဝယ်ဘဲပြန်လာတာ''

''ဩော် . . . ဒီလိုလား ဟား ဟား''

ချစ်မင်း သဘောကျစွာ ရယ်လေတော့၏။ ကိုယ်လည်း ဘယ်ရာက ကြီးလာတာပဲလေ။ မသိရိုးပါမလား။

''အခု မင်း အော်ဒါမမှာခဲ့ဘူးလား''

''မှာခဲ့တာပေါ့။ နောက်နေ့တွေကျ မသီဘဲ နေ့တိုင်းလာပို့ပေးပါလို့။ အဒေါ်ကြီးက အသီရတောင်သက်သာသေးတယ် လာပို့



www.burmeseclassic.com

www.burmeseclassic.com



ပေးမယ်တဲ့''

''မင်းကတော့ကွာ''

အချစ်နဲ့ပတ်သက်လာရင် လူတိုင်း ကမ္ဘာဆန်တတ်ကြသည် ဆိုတော့ မပြောတော့ပါဘူး။ ကိုယ်တွေ ငယ်ငယ်တုန်းကလည်း ဒီလိုပဲ အချစ်ကို ရူးသွပ်ခဲ့ကြတာ မဟုတ်လား။ အိမ်ထောင်ကျသွားပြီဆိုတော့မှ အခြေကျပြီး သားရေး မယားရေးနဲ့ လုံးပန်းနေရတာ။

''အဆင်ပြေနေပြီလား''

''ဟင် ... ဘာကိုမေးတာလဲ''

''ခက်နဲ့ အဆင်ပြေနေပြီလားလို့ မေးတာလေ''

''ပြေတယ်လို့လည်း မဟုတ်သေးပါဘူး၊ မပြေဘူးလည်း မဟုတ်ဘူးလေ''

''မင်းစကားက ဘာကြီးတုန်းကွ''

''အဖြေမရသေးဘူး ကိုကြီးရဲ့''

''သြော်''

ချစ်မင်းကိုကို တွေခနဲဖြစ်သွား၏။ ငယ်ငယ်ကတည်းက သုံးယောက်မခွဲ အတူတူကြီးပြင်းလာခဲ့ကြတာ အခုအရွယ်ရောက်ကုန်ပြီ။

နှစ်ယောက်က ခွဲထွက်ရင် ကျန်ခဲ့ရမယ့်တစ်ယောက်အတွက် ကတော့ စိတ်မကောင်းစရာပဲပေါ့။





ဟီးရိုးကရော –

ခက်ကို မချစ်ဘူးတဲ့လား။ ခက်ကို ချစ်လင်းချစ်နေတဲ့ကိစ္စ ဒီကောင်သိလားမသိဘူးလား။ သုံးပွင့်ဆိုင်ဇာတ်လမ်းနဲ့ ရင်နာစရာတွေ ဖြစ်မှာကို ချစ်မင်း စိုးရိမ်မိကာ ဟီးရိုး ခက်ကို မချစ်ပါစေနဲ့ဟုပဲ ဆုတောင်းမိ၏။

''ချစ်လင်း''

''ဗျာ''

''အဲဒီကိစ္စ ဟီးရိုးသိလား''

''အင်း ... သိတယ်လေ။ သူ့ရှေ့မှာပဲ ကျွန်တော် ခက်ကို ချစ်တယ်လို့ပြောခဲ့တာပဲဥစ္စာ။ ဘာဖြစ်လို့လဲ ကိုကြီးရဲ့''

''ငါ တစ်ခုခုကို စိုးရိမ်နေလို့ပါ''

''ဘာကိုလဲ''

''ဟီးရိုးလည်း ခက်ကို ချစ်နေမှာစိုးတာ။ မင်းတို့ သုံးပွင့်ဆိုင် ဇာတ်လမ်းဖြစ်ကြရင် မကောင်းဘူးပေါ့''

ချစ်လင်းကတော့ ဘာမှ မစိုးရိမ်သလို ရယ်လိုက်တာ ပေါ့ ပေါ့ပါးပါးပါပဲ။ စိုးရိမ်ပေးရတဲ့သူကိုပဲ အားနာရကောင်းမှန်းမသိဘူး ထင်ပါရဲ့။ သူ ဟီးရိုးကို ဒီလောက်တောင်ပဲ ယုံကြည်နေသလား။

''မင်းပုံစံက ဘာကိုမှ စိုးရိမ်ဖော်မရသလိုပါလား''

''ဘာစိုးရိမ်စရာရှိလို့လဲ ကိုကြီးရဲ့၊ ဟီးရိုးနဲ့ခက်က မတည့်



www.burmeseclassic.com

www.burmeseclassic.com



အတူနေဆိုသလို တည့်ကြတာမှမဟုတ်တာ။ ပြီးတော့ ဟီးရိုးက ခက်အပေါ်မှာ ကျွန်တော့်ရလောက် ဂရုမစိုက်ဘူး ကိုကြီးရဲ့"

သက်ပြင်းသာချလိုက်မိတော့၏။ ချစ်လင်းက လူတွေရဲ့ စိတ်ကို ဘာသာမှမပြန်တတ်သေးတာ။ ဒါပေ့ါလေ . . . ဟီးရိုးက ခက်ကို စိတ်မဝင်စား တကယ်လည်း ဖြစ်ချင်ဖြစ်နေမှာပေ့ါ။ သူ့မိသားစုအရေးကြောင့် စိတ်တွေ ရှုပ်ထွေးပြီး အချစ်အကြောင်း မစဉ်းစားနိုင်တာလည်း ဖြစ်နိုင်တာပဲ။

ချစ်နေရင်လည်း ချစ်လင်းအပေါ် အနိုင်မယူချင်လို့ အရှုံးပေးထားတာလည်း ဖြစ်နိုင်တာပဲလေ။

တစ်ခါတစ်ခါ —

ဟီးရိုးစိတ်က နားလည်ရခက်တာပဲလေ။ ဘာပဲဖြစ်ဖြစ် ကိုယ်ကတော့ လူတွေရဲ့အတွေအတိုင်း ကိုယ့်ညီလေးကိုပဲ စိတ်ချမ်းသာစေချင်တာပေ့ါ။

"ငါ ဖေဖေ့ကို ပြောထားပေးရမလား"

"ကောင်းတာပေ့ါ"

"တော်တော်ငြင်းရှာတာပဲ"

"လူကြီးချင်း အရင်အဆင်ပြေထားတော့ ကောင်းတာပေ့ါ ကိုကြီးရဲ့။ တကယ်လို့ ခက် ကျွန်တော့ကို ပြန်မချစ်နိုင်ရင်တောင် လူကြီးတွေအားကိုးနဲ့ ရအောင်ယူလို့ရတာပေ့ါ"





"အကြံက တော်တော်ကြီးပါလား"

ကိုယ့်ညီအတွက် အကြံကြီးပြီး မဒံသီး မသီးပါစေနဲ့လို့ပဲ ချမ်းမင်း ဆုတောင်းပါသည်။ တစ်ခါတလေ အချစ်ဝက်ပါက လူတွေကို နက်စိုလည်အောင် လှည့်စားကွေ့ကောက်တတ်လို့ပါ။

✻



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

နေ့စဉ်ရက်ဆက်ဆိုတော့ သံလွင့်မှာ အကျင့်လေးတစ်ခု ရနေပါပြီ။ အဲဒါ ဘာလဲဆိုရင် မနက်အိပ်ရာက နိုးတာနှင့် ခြံဝမှာ လာချိတ်ထားတတ်တဲ့ စံပယ်ပန်းကုံးနဲ့ ကောက်ညှင်းပေါင်းထုပ်လေးကို ပြေးယူရတာလေ။ ပိုင်ရှင်ဘယ်သူပဲဖြစ်ဖြစ်။

ဒီအရာလေးတွေက သံလွင့်ရင်ကို လှုပ်ခတ်စေခဲ့ပြီး ကြည်နူးမှုတွေကို ပေးစွမ်းနေတာ။ အခုလည်း ဖြုတ်ယူပြီးတာနှင့် စံပယ်ပန်းတွေကို နမ်းရှိုက်နေမိတာ မျက်လုံးလေးမှိတ်လို့ပါ။ စံပယ်ပန်းရနံ့လေးက မွှေးတယ်ဆိုသည်ထက် ပိုမွှေးနေသလိုလို။

ယူချင်တာယူပြီးပြီဆိုတော့ –





လုပ်စရာရှိတာတွေ ဆက်လုပ်ဖို့အတွက် အိမ်ထဲသို့ပြန်ဝင်လာခဲ့၏။ ရေချိုးခန်းထဲဝင်ပြီး ပြန်ထွက်လာကာ ကိုယ့်အခန်းထဲမှာ သနပ်ခါးလိမ်းနေစဉ် –

“သမီးငယ်”

“ရှင်”

မှန်ထဲမှာပေါ်လာတာသည် မေမေ့ပုံရိပ်ပါ။ ဒေါ်မာမာခက် နောက်ကနေပဲ မှန်ထဲမှာပေါ်နေတဲ့ သမီးမျက်နှာလေးကိုကြည့်ပြီး –

“သမီးကို မေမေ ပြောစရာရှိတယ်”

“ဟုတ် . . . ပြောပါမေမေ”

“သမီးတို့က ဒီနှစ်ဖိုင်နယ်တောင်ရောက်နေပြီဆိုတော့ မေမေ မပြောမဖြစ်မို့ ပြောရတာပါ။ ပြောတော့ မပြောချင်ပါဘူး”

“မေမေကလည်း သားအမိချင်း စကားပလ္လင်ခံနေပြန်ပါပြီ။ ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်း ပြောမှပေါ့”

“ပြောမှာပါ၊ သမီးတို့က အရွယ်တွေရောက်ကုန်ပြီလေ။ သမီးကို လူရွေးမှားမှာ မေမေက စိုးရိမ်လို့ပါ”

“မေမေ ဘာကိုပြောချင်တာလဲ၊ သမီး နားမလည်ဘူး”

သံလွင် တကယ် နားမလည်တာပါ။ စံပယ်ပန်းတွေနဲ့ ကောက်ညှင်းပေါင်း နေ့စဉ် ခြံတံခါးကိုရောက်လာတဲ့ကိစ္စလား။ ကာယကံရှင် ဘယ်သူဆိုတာ သံလွင်တောင်မသိသေးတာ မေမေတို့က



www.burmeseclassic.com

www.burmeseclassic.com



သိပြီး မသင့်တော်လို့ပြောတာလား။

"မေမေ ရှင်းရှင်းပဲပြောမယ် သမီး"

"ဟုတ်ကဲ့ ပြောပါ မေမေ"

"သမီးကို ပတ်ဝန်းကျင်က ဟီးရိုးနဲ့ချစ်လင်း နှစ်ယောက်ထဲက တစ်နေ့ တစ်ယောက်ယောက်နဲ့ လက်တွဲမယ်လို့ထင်ကြေးပေးနေကြတာ သမီးသိပါတယ်။ သမီး တကယ်ရွေးမယ်ဆိုရင် လူရွေးမှားမှာစိုးလို့ မေမေက သတိပေးချင်တာပါ"

မေမေ ဒီစကားကိုပြောတာ ဘယ်သူ့ကိုသဘောကျပြီး ဘယ်သူ့ကို သဘောမကျလို့လဲ။ သံလွင် တွေခနဲဖြစ်ကာ စဉ်းစားရခက်သွား၏။ သူတို့ထင်တယ်လိုပဲ ဖြစ်ဖြစ် သံလွင်ကတော့ ခုထိတိုင် နှစ်ယောက်စလုံးအပေါ် ရိုးရိုးသားသားပါ။

"မေမေက ဘယ်သူ့ကို သဘောမကျလို့လဲ"

"ဟီးရိုးကို မေမေ သဘောမကျဘူးသမီး။ သူ့မှာတော့ အပြစ်မရှိပါဘူး။ သူ့အဖေက မိန်းမငယ်ငယ်လေးယူထားတာကိုပဲ သဘောမကျတာ"

"အဲဒါ ဟီးရိုးနဲ့မှမဆိုင်ဘဲ မေမေရဲ့"

"ဟင် . . . ဘာလဲ၊ သမီးက သူ့ဘက်က ကာကွယ်ချင်တာလား"

"ဟီးရိုးက သမီးသူငယ်ချင်းလေ မေမေရဲ့"





"အေး . . . အဲဒီသူငယ်ချင်းကနေ အဆင့်ပိုချင်ရင် ချစ်လင်းအပေါ်ပဲပို ကြားလား။ ချစ်လင်းက ဘာမှပြောစရာမလိုအောင် အဖက်ဖက်က ပြည့်စုံတယ်"

"လောလောဆယ်တော့ ဘယ်သူ့အပေါ်မှ မပိုဘူး"

"သံလွင်ရေ"

နောက်ထပ် သံလွင့်အခန်းထဲသို့ ဝင်လာတာက မမဝေမာပါ။ လက်ထဲမှာလည်း စံပယ်ကုံးတွေနှင့်မို့ –

"ခြံဝက စံပယ်ကုံးတွေ သံလွင် ယူပြီးပြီလေ မမရဲ့"

"မဟုတ်ဘူးလေ၊ ဒါက ချစ်လင်းပေးတာ။ ခက်ပန်းဖို့ ကျွန်တော်ကိုယ်တိုင် သီလာတာတဲ့"

"ဟာ . . . တော်ပြီ၊ ဒီလောက်များရင် ဘယ်လိုလုပ်မလဲ။ အဲဒါတွေ ဘုရားတင်လိုက်။ သူ့ ကုသိုလ်တောင် ရသေးတယ်"

"ဪ . . . ဒီပန်းတွေကို ဘုရားတင်ပြီး ချစ်လင်းပေးတဲ့ ပန်းတွေကို ပန်လိုက်ပေါ့ သမီးငယ်ရဲ့"

"အဲဒီကောင်ကလည်း ဘာတွေအရူးထမှန်းမသိဘူး"

ပြောပြီး သံလွင် စံပယ်ကုံးကို ခြံဝကယူလာတဲ့အထဲက တစ်ကုံး၊ ချစ်လင်းပေးထားတဲ့ထဲက တစ်ကုံးယူလိုက်ပြီး –

"မျှမျှတတပေါ့၊ ကျန်တာ ဘုရားတင်လိုက် မမ"

"ဪ . . . အေးပါ . . . အေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ဝေမာ စံပယ်ပန်းတွေယူပြီး ထွက်သွားလေတော့ –

"သမီးငယ်"

"ရှင်"

"မေမေပြောတာတွေ မမေ့နဲ့နော်"

"ဟုတ်ကဲ့"

မေမေလည်း ထွက်သွားတော့မှ သံလွင် သက်ပြင်းချမိ၏။ ဟီးရိုးနဲ့ ချစ်လင်းအပေါ်မှာ သူမ ဘယ်သူ့အပေါ် ပိုပြီး ဘယ့်သူ့အပေါ် လိုတယ်ဆိုတာ မရှိခဲ့ဘူးလေ။ တိတိကျကျပြောရရင် ဟီးရိုးအပေါ် သူ စိတ်ညစ်နေရတဲ့အချိန်တွေအတွက် သနားတာလေးတော့ ပိုခဲ့သည်ပေါ့။

ချစ်လင်းက အမေမရှိပေမယ့် အဖေကလည်း နောက်အိမ်ထောင်မပြုဘဲ အစ်ကိုမိသားစုလည်းရှိနေတော့ အထီးကျန်မဆန်။ ဟီးရိုးဘဝကျတော့ ဖအေတစ်ခု သားတစ်ခုမှာ အခု ဖအေက နောက်အိမ်ထောင်ပြုတော့ တိုင်ပင်ဖော် တိုင်ပင်ဖက် ညီအစ်ကိုမောင်နှမ မရှိဘဲ အထီးကျန်ဆန်စွာ။

အဲဒါကိုပဲ သံလွင် သနားတာပါ။ သူကတော့ သံလွင်ကို ဂရုမစိုက်၊ ရှိတယ်လို့တောင် ထင်ရဲ့လားမသိ။

သံလွင် –

အဝတ်လဲပြီး စံပယ်ပန်းနှစ်ကုံးကို ခေါင်းကိုပန်ပြီး အောက်





ထပ်ကို ဆင်းလာခဲ့တော့ –

"ကြာလိုက်တာဟာ၊ ဘယ်လောက်တောင် အလှပြင်နေသလဲ မသိဘူး။ နဂိုရှိမှ နဂိုင်းထွက်မယ့်ဟာကို"

"ဟဲ့ ... မိန်းကလေးပဲဥစ္စာ၊ ဒီလောက်တော့ ရှိမှာပေါ့ ဟီးရိုးရဲ့"

"အဲဒါကြောင့်ပြောတာ၊ နင်တို့ မိန်းကလေးတွေမှာ ဝေယျာဝစ္စတွေ ရှုပ်ကိုရှုပ်တယ်"

"အံမယ် ... ရှုပ်တော့ရော နင်လိုက်လုပ်ပေးနေရလို့လား"

"ငါသာ လိုက်လုပ်ပေးရရင် စောင်နဲ့ပဲထုပ်ပြီး ခေါ်သွားမှာ"

"ကောင်စုတ်"

သံလွင် အနားရောက်သွားပြီး ဟီးရိုးလက်မောင်းကို ထုပစ်လိုက်၏။

ဒါ သူပြောစရာလား။

"သိပ်မထုနဲ့နော်၊ ဒီကောင်က စိတ်ရှည်တာမဟုတ်ဘူး။ တော်ကြာ ပြန်ထုလို့ ပုဝင်နေမယ်"

နှစ်ယောက်စလုံးကို မျက်စောင်းထိုးလိုက်တော့ ဟီးရိုးအပြုံးကို လှစ်ခနဲ မြင်လိုက်ရသည်။

ဒီကောင် ဘယ်လောက်ပဲစိတ်တိုတို သံလွင့်အပေါ်တော့ အဲဒီလောက် ရက်စက်မယ်မဟုတ်ပါဘူး။ ချစ်လင်းက သံလွင့်ခေါင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ပန်ထားတဲ့ စံပယ်ပန်းတွေကိုကြည့်ပြီး –

"ငါပေးတဲ့ စံပယ်ကုံးထဲက ပန်တာလား"

"မျှမျှတတဖြစ်အောင် ပိုင်ရှင်မဲ့က တစ်ကုံး၊ နင်ပေးထားတဲ့ထဲက တစ်ကုံး ပန်ထားတာ"

ချစ်လင်းမျက်နှာ ပျက်ချင်ချင်ဖြစ်သွားပြီးမှ ကိုယ့်စိတ်ကို ဖြေဖို့ ကြိုးစားလိုက်ရ၏။ ကိုယ်ပေးတဲ့စံပယ်ကုံးတစ်ကုံး ပါနေသားပဲလို့လေ။

"နေစမ်းပါဦး ... ခြံဝက စံပယ်ပန်းကို နင်က ဘယ်သူလာချိတ်ထားတယ်ထင်လို့ ဗွဲလမ်းနေတာလဲ"

"သူ ဘယ်သူပဲဖြစ်ဖြစ်ပါ၊ စံပယ်ပန်းလေးတွေက ငါ့ရင်ကို အေးစေတာတော့အမှန်ပဲ"

မေးလိုက်တာက ဟီးရိုးဖြစ်ပြီး ဖြေတဲ့သူက ချစ်လင်းကို အားနာရကောင်းမှန်းမသိ ပွင့်ပွင့်လင်းလင်းပါ။

"ငါ့ကို ဘာမှ ထပ်မမေးနဲ့တော့ သွားကြမယ်"

သံလွင်ထွက်သွားလို့ ဟီးရိုးက ချက်ချင်းထလိုက်သွားပေမယ့် ချစ်လင်းပုံစံက လေးတိလေးတွဲပါ။

"ဟော့ကောင် ... လာလေကွာ ဘာဖြစ်နေတာလဲ"

"လာနေတာပဲ"

"မင်းလာနေပုံက လူနာကျနေတာပဲ"





"နာတော့နာနေတာပဲ၊ ဘယ်နေရာကမှန်းမသိလို့ အဖြေရှာနေတာ"

"အရူး"

"ရူးတော့ ရူးနေတာပဲ အချစ်ရူး"

"ဘာကောင်လဲကွ"

"ကိုယ့်ကိုယ်ကိုယ် ဘာကောင်မှန်းကို မသိချင်တော့တာ"

"ကဲ ... လာစမ်းပါ"

စိတ်မရှည်စွာပဲ ဟီးရိုး နောက်ပြန်လှည့်လာပြီး ချစ်လင်းကို သက်ဆွဲခေါ်ပြီး ကားပေါ်တက်လေ၏။

သံလွင်ကတော့ နောက်ခန်းမှာ အရုပ်ကလေးတစ်ရုပ်အတိုင်း ငြိမ်၏။

"ခက်"

"ဘာလဲ"

"နင် ချစ်လင်းကို မသနားဘူးလား"

"ဘာသနားစရာရှိလို့လဲ၊ သူက အစစအရာရာ ပြည့်စုံတဲ့ဘဝကို ပိုင်ဆိုင်ထားတာပဲဥစ္စာ။ ကိုယ့်ဒုက္ခကိုယ်ရှာတာတော့ မတတ်နိုင်ဘူးဟေ့"

"ရက်စက်လိုက်တာ"

ချစ်လင်း ခပ်မဲ့မဲ့လေးပြောပြီး ရှေ့သို့ပြန်လှည့်လိုက်၏။ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လိုသလိုမဖြစ်တော့ ရင်ထဲမှာ အကောင်းတိုင်းတော့ ရှိမနေချင်ဘူးပေါ့လေ။ သူ ဒီထက်ပိုကြိုးစားဖို့တော့လိုပြီ၊ အချစ်ဆိုတာကို ကိုယ်လိုရာအချိန်ရတဲ့အရာလို့ ထင်ထားမိတော့ အရင်က ဘယ်လိုခံစားချက်မျိုးရှိလာနိုင်မလဲ ကြိုမတွေးခဲ့မိခဲ့။

အခု ဈေးဝယ်သလို ပိုက်ဆံပေးတိုင်း ဝယ်လို့မရတဲ့အရာမှန်းသိလိုက်ရတော့ လေးနက်စူးရှမှန်း သိလိုက်ပြီလေ။ ဒါပေမဲ့ အချိန်မနှောင်းသေးပါဘူး။ သူ့မှာ ကြိုးစားခွင့်ရှိသေးတာပဲ ဥစ္စာ။

"ချစ်လင်း"

ဟီးရိုးရဲ့ခေါ်သံက ခပ်တိုးတိုးမို့ လှည့်ကြည့်လိုက်စဉ် –

"မင်း ခက်ကို တကယ်ချစ်တာလား"

"ဘုရားပေးပေး ကျမ်းပေးပေးပါကွာ။ ငါက ခက်အပေါ် အပျော်ကြံပါ့မလား"

"မင်း စိတ်ရှည်ရှည်ထားပါ။ တစ်နေ့တော့ မေတ္တာတရားရဲ့ အတုံ့အလှည့် အသွားအပြန်တွေရှိလာမှာပါ"

"အဲဒါတော့ မင်းပြောမှလား ငါလည်း သိတာပေါ့"

ပြောပြီး အတန်ကြာ တိတ်ဆိတ်သွားကြပြီးမှ ကိုကြီးပြောတဲ့ စကားတွေကို ချစ်လင်း သတိရကာ –

"ဟီးရိုး"

"ဟင်"





"မင်းကရော"

"ဟင် . . . ဘာလဲ"

"ခက်အပေါ် ငါ့လိုမဖြစ်မိဘူးလား"

"အဟွန်း"

ဟီးရိုး မပွင့်တပွင့်ရယ်လိုက်ပြီး –

"အချစ်က ငါနဲ့မသက်ဆိုင်တဲ့အရာပါ"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

စံပယ်ပင်တွေကို ရေလောင်းနေတဲ့ ဟီးရိုးဆီသို့ တူးတူးလေး က ပြေးလာသည်။ လက်ထဲမှာလည်း ငှက်ပျောသီးတွေကိုင်လို့ပါလာ ဟီးရိုး တူးတူးတို့မိသားစုကို သနားလို့ကူညီရင်း ခုတော့ သံယောဇဉ် တွယ်နေမိပါပြီ။

ဒါကြောင့် –

သူ ဒီအိမ်လေးကိုပဲ ခဏဖြစ်ဖြစ် နေ့စဉ်လာနေမိပြီး ဒီအိမ် မှာ စံပယ်ပင်တွေကို ရေကူလောင်းပေးနေတာ။

"ကိုကြီးရဲ"

"ဟေကွာ"





"ဒီမှာ ကိုကြီးရဲစားဖို့ သား ငှက်ပျောသီးတွေ ယူလာတယ်"

"အေး . . . ယူလာရင် စားပေးရမှာပေါ့ကွာ"

"ပေး ပေး . . . သား ဆက်လောင်းမယ်"

"ရပါတယ်ကွာ၊ လောင်းပြီးမှစားတာပေါ့"

"ဘွားဘွားက ကိုကြီးရဲကို ဆက်မလောင်းနဲ့တော့တဲ့"

"ရပါတယ်ဆိုကွာ။ မင်း တော်တော်စကားများတဲ့ကောင်ပဲ"

"သားက ကိုကြီးရဲ ပင်ပန်းမှာစိုးလို့ပြောတာကို"

"ကဲ . . . တော်ပြီကွာ၊ တော်ပြီ . . . ကျေနပ်လား"

ဘေးကနေ တတွတ်တွတ်ပြောနေတဲ့တူးတူး။ ဟီးရိုးအလုပ် ကို ရပ်လိုက်မှပဲ မျက်နှာလေးက ပြုံးသွားကာ ပါးစပ်လည်းပိတ်သွား ၏။ တူးတူးက အလွန်ချစ်စရာကောင်းတဲ့ကလေးပါ။ အသက်က ဆယ်နှစ်တဲ့။ မိဘမဲ့လေးဖြစ်ပြီး အဘိုးအဘွားနဲ့နေရတာမှာ အဘိုး အဘွားတွေက လုပ်နိုင်ကိုင်နိုင် ရှိနေကြသေးလို့ တော်သေးတာပေါ့။ ဆင်းရဲပေမယ့် တူးတူးတို့မိသားစုဘဝလေးက အေးချမ်းပါသည်။

ကိုယ့်မှာသာ –

ပြီးပြည့်စုံတဲ့ဘဝကို ပိုင်ဆိုင်ထားသည်လို့ အများကမြင်ကြ သော်မယ့် တကယ်တမ်းမှာ မပြည့်စုံခဲ့ပါဘူး။ ပြည့်စုံတယ်ဆိုတာ အပေါ် ယံတင်ပဲလေ။ ရင်ထဲမှာက မပြည့်စုံ။

"ကိုကြီးရဲ ငှက်ပျောသီးစားလေ"



www.burmeseclassic.com

www.burmeseclassic.com



"စားမှာပေါ့ ပေး"

"သား အခွံနွာပေးမယ်"

ပြောရင်း တူးတူးက ငှက်ပျောသီးကိုအခွံနွာပြီးပေးလေ၏။ တူးတူးက သူနဲ့ဘဝတူလေ။ ဟီးရိုးမှာလည်း ညီအစ်ကိုမောင်နှမ မရှိတော့ အထီးကျန်ဆန့်စွာ။

"ကောင်းလိုက်တဲ့ ငှက်ပျောသီး"

"ကိုကြီးရဲ"

"ဟင်"

"သားကိုချစ်လား"

"အင်း ... ချစ်တာပေါ့။ မင်းက ဒီလောက်ချစ်စရာကောင်းတာကို"

"သားလည်း ကိုကြီးရဲကို အရမ်းချစ်တယ်၊ ကိုကြီးရဲအိမ်ကို လာရင် အရမ်းပျော်တယ်။ နောက်လည်း ခုလိုပဲ သားတို့အိမ်ကို နေ့တိုင်းလာရမယ်နော်"

"လာမှာပေါ့၊ မင်းသာ ငါခိုင်းတဲ့အလုပ်ကို တာဝန်မပျက်စေနဲ့ ကြားလား"

"ဟုတ်ကဲ့ ... စိတ်ချပါ ကိုကြီးရဲရဲ့"

ဟီးရိုး တူးတူးရဲ့ဆံပင်ပျော့လေးတွေကို ချစ်စနိုးနှင့် သူ့လက်ချောင်းများဖြင့် ထိုးဖွလိုက်သည်။ ကလေးတွေက ဖြူစင်ကြတယ်





လေ။ ဒါကြောင့်ပဲ ဟီးရိုးဆိုတဲ့ကောင် ကလေးတွေနဲ့တည့်ပြီး လူကြီးတွေနဲ့မတည့်တာ။

သူ –

တူးတူးနဲ့အတူ အိမ်ဘက်ကိုပြန်လျှောက်လာပြီး လှေကားထိပ်မှာ ထိုင်ပြီး ငှက်ပျောသီးစားနေတော့ တူးတူးက သူ့ပေါင်ပေါ်မှာ ခေါင်းလေးမှေးတင်လျက် –

"ကိုကြီးရဲသာ သားအစ်ကိုရင်းဖြစ်ရင် သိပ်ကောင်းမှာပဲ"

"ဘာလဲ ... ချမ်းသာချင်လို့လား"

"မဟုတ်ဘူး ... ကိုကြီးရဲကို ချစ်လို့"

ဟီးရိုး ရယ်လိုက်မိပြီး –

"ငါလည်း မင်းကို ချစ်ပါတယ်ကွ။ ညီအစ်ကိုလိုသဘောထားရင် ညီအစ်ကိုပဲပေါ့"

"တကယ်လား"

"အင်း"

"ဟဲ့ သား ... သူ့ရဲကောင်း"

"ဗျာ ... ဒေါ်လေး"

"ဘယ့်နှယ် လှေကားမှာထိုင်နေရတယ်လို့ကွယ်။ အိမ်ပေါ်တက်ထိုင်လေ"

ဒေါ်စောမြ အိမ်ထဲကနေထွက်လာပြီး ပြောတာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ရောယ် ဒေါ်လေး၊ ဒီမှာ ကျွန်တော် တူးတူးနဲ့ စကားပြောနေတာ"

"သြော် . . . လူကြီးလူကောင်းနဲ့ စကားပြောနေတာကိုး၊ အိမ်ပေါ်တက်ပြီး ပြောပါကွယ်"

"လူကြီးလူကောင်းတွေကမှ လိမ်တတ်ညာတတ်သေးတယ်၊ သားတို့ကလေးတွေက မလိမ်တတ် မညာတတ်ဘူး ဘွားဘွားရဲ့"

"ကဲ . . . ဟုတ်ပါပြီ ကိုတာတ်ပရယ်။ အိမ်ပေါ်တက်ပြီး စကားပြောကြပါနော်"

အဘွားလုပ်သူရဲ့အပြောကြောင့် တူးတူးက ထရပ်ပြီး –

"ကိုကြီးရဲ့ ထ"

တူးတူးက လက်ကမ်းပေးလေသဖြင့် ဟီးရိုး ထိုလက်သေးသေးလေးကို ဆုပ်ကိုင်ပြီး တူးတူးကိုယ်လေးကို ဆွဲခနဲ ပွေ့ချီပြီး အိမ်ထဲကိုဝင်ခဲ့တော့ တူးတူးက သူ့ပါးကို နမ်းလိုက်တာ ရွှတ်ခနဲပါပဲ။

✳



## အခန်း (၉)

"ဟင်"

ချစ်လင်း ပါးစပ်က 'ဟင်' ခနဲဖြစ်ပြီး သံလွင်ရော အတူတူ ခြေလှမ်းတွေရပ်တန့်သွားပြီး ဟီးရိုးလက်မောင်းကိုလည်း ဆွဲထားပြီးသားပါပဲ။

ဟီးရိုးက သံလွင့်မျက်နှာကို တစ်ချက်သာငဲ့ကြည့်ပြီး ရှေ့သို့ ပြန်လှည့်သွားတဲ့မျက်နှာက တင်းခနဲပါပဲ။ ဒီမျက်နှာက ဘယ်သူ့ကို ဘယ်တုန်းကမှ မျက်နှာချိုမသွေးတတ်ခဲ့။

ရှေ့မှာ ခြေနှစ်ချောင်းကိုချဲရပ်ပြီး မိုက်ကြည့်ကြည့်နေတဲ့ လေးယောက်က နေယံနဲ့ သူ့သူငယ်ချင်းတွေ။ ဒါ ဘာသဘောလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ မေးနေစရာမလိုလောက်အောင်ကိုပဲ သိနေပြီးသားဆိုတော့ ဟီးရိုးရှေ့ဆက်သွားတာနှင့် ချစ်လင်းနဲ့ သံလွင်လည်း ရပ်ကျန်ခဲ့လို့ မဖြစ်ဘူးဆိုတော့ –

အားလုံး မျက်နှာချင်းဆိုင်မိကြချိန်မှာ –

"နေယံ"

"––––"

"ဘာလဲ ... မင်းက အုပ်ကောင်းမှ မိုက်ကြေးခွဲတာလား။ ယောက်ျားပဲ မကျေနပ်တာကို ပွင့်ပွင့်လင်းလင်း ပြောရဲရမှာပေါ့။ ဘာကို မကျေနပ်တာလဲ"

"ရှင်းပါတယ်၊ မင်းတို့ သံလွင့်ကို မစားရလောက်တက်နဲ့ ဘေးနားမှာ အမြဲကပ်နေတာ ငါ မကျေနပ်ဘူး"

ဟီးရိုး နှုတ်ခမ်းက မဲ့ခနဲဖြစ်သွားပြီး –

"ချစ်လင်း ခက်ကို ခေါ်သွား"

"ဟာ ... သူတို့က လေးယောက်တောင် မင်းတစ်ယောက်တည်း ထားခဲ့လို့ဖြစ်မလား"

"လေးယောက်မကလို့ လေးဆယ်ဖြစ်ဖြစ် ငါသေရင် အလောင်းလာကောက် သွား။ ငါက တစ်သက် သူတို့ ထောင်နန်းစံရရင် လေးယောက်တန်တယ်"

"ဟီးရိုး"





"ကဲပါ ... မသွားချင်တဲ့သူတွေက ပေကပ်နေတာကို နှင်မနေပါနဲ့။ မင်းတစ်ယောက်တည်းဆိုရင် တို့လည်း အနိုင်ကျင့်ရာ ကျပါတယ်"

ပြောပုံက မခံချင်စရာ။

"မင်းလက်ကလည်း အင်အားတော့ ဖြည့်သင့်ပါတယ်"

ဒီတစ်ခါ ချစ်လင်းပါ သံလွင့်ကို နောက်ဘက် တွန်းပို့ပြီး သူက ရှေ့တက်လာကာ ဟီးရိုးနဲ့ ပခုံးချင်းယှဉ်ရပ်လိုက်၏။ အဲဒီလို ယှဉ်ရပ်တော့ ချစ်လင်းက ဟီးရိုးထက် နည်းနည်းပုသွားတာ သိသိသာသာ။

"ဒီမှာ နှစ်ယောက်ဖြစ်တော့ရော မင်းတို့က လေးယောက် မှုတယ် ထင်လို့လား"

"အချစ်နဲ့စစ်မှာ မတရားတာမရှိဘူး။ အခု အချစ်အတွက် ဆိုတော့ တရားပါတယ်"

"နင်တို့ အဲဒီလိုလုပ်လို့ နင့်ကို ငါ ပြန်ချစ်မယ်လို့ ထင်လား နေယံ"

"နင့်အနားမှာ ဒီကောင်နှစ်ယောက်မရှိရင် မျှော်လင့်ချက် တော့ ရှိပါသေးတယ်"

"သေလိုက်ပါလား"

သံလွင်ကလည်း ရှေ့တက်လာပြီး ပြောတာဖြစ်၏။ အချင်း



www.burmeseclassic.com

www.burmeseclassic.com



ချင်း ဘယ်လိုပဲမတည့်အတူနေဖြစ်ဖြစ် ငယ်သံယောဇဉ်က သူများနဲ့ တစ်ခုခုဖြစ်ပြီဆို ကိုယ့်လူဘက်က ရပ်တည်ပြီးသားပါ။ သံလွင့်ဘဝမှာ မိဘတွေပြီးရင် ဒီသူငယ်ချင်းနှစ်ယောက်က အရေးကြီးဆုံးပါပဲ။

"ဒီမှာ နေယံ"

"အင်း . . . ပြော"

"ငါ အပြတ်ပြောလိုက်မယ်။ လောကမှာ ယောက်ျားဆိုလို့ နင်တစ်ယောက်တည်းရှိနေရင်တောင် ငါ ငှက်ပျောတုံးဖက်ပြီး သေမယ်။ နင့်ကိုတော့ ဘယ်တော့မှ ပြန်မချစ်ဘူး သိလား။ ဒီတစ်သက် မမျှော်လင့်နဲ့"

"တစ်သက်နဲ့တောင် ချီပြောပါလား၊ ရက်စက်လိုက်တာ"

နေယံအကြည့်နဲ့ပုံစံက မထီတထီ။ ဟီးရိုးလို စိတ်ဆတ်တဲ့ လူမပြောနဲ့ သံလွင်တောင် ပြေးပြီး ကုတ်ဖဲ့ပစ်ချင်စိတ်ပေါက်တယ်။

အစကတော့ . . . အိမ်ရှေ့ခြံဝမှာ စံပယ်ပန်းတွေနဲ့ ကောက်ညှင်းပေါင်းထုပ်ကလေး လာထားတဲ့သူဟာ သူများဖြစ်နေမလားလို့ စဉ်းစားမိသေးတယ်။ နောက်တော့ မဖြစ်နိုင်ဘူးလို့ ခံစားမိပြီး ဖြစ်နေရင်လည်း လူကိုတော့ လုံးဝစိတ်ဝင်စားမှာ မဟုတ်တာ အသေအချာ။

"ခက် နင်သွားတော့"

"နင်တို့နှစ်ယောက်"





"လျှာမရှည်နဲ့ သွားတော့"

ဟီးရိုးအော်လိုက်တော့ သံလွင် ကိုယ်လေး ဆတ်ခနဲ တုန်သွားမိကာ ပြီးမှ ခေါင်းညိတ်ပြမိ၏။ သူသွားဆိုရင်သွားမှလေ၊ မဟုတ်ရင် သူ့ကိုယ်တိုင် ရိုက်လွှတ်မလားမှ မပြောတတ်တာ။ သံလွင် စိတ် မချစွာ တစ်ချက်ကြည့်ပြီးထွက်သွားတဲ့နောက်မှာ –

"ကဲ ပြော . . . မင်းတို့ ဘာချင်းယှဉ်ချင်တာလဲ"

"ယောက်ျားတွေပဲဥစ္စာ၊ ခေါးတွေတုတ်တွေ အားကိုးစရာ မရှိပါဘူး။ ပြီးတော့ မင်းတို့ကို အသေမသတ်ဘူး၊ ကျေနပ်ရုံလေးပဲ ဆုံးမပေးချင်တာ"

"ပါးစပ်ဆိုင်မှာတော့ ငါ ဗိုလ်ပါလား။ တကယ်လက်တွေ့ တီးကြည့်မှ ပတ်လုံးပေါက်မလား လက်နာမလား စမ်းကြည့်ပေါ့"

"စကားလုံးနဲ့ မခြောက်ပါနဲ့"

"ခြောက်,မခြောက် စမ်းကြည့်"

"ဟော့ကောင်တွေ စမ်းကြည့်တဲ့"

နေယံ သူ့သူငယ်ချင်းတွေကို လှည့်ပြောလိုက်တာနှင့် အဆင်သင့် အနေအထားရှိနေသူတွေက –

"ဟုတ်တယ် . . . ဒီမှာ လက်ယားလို့ လက်ဖျားတွေ ဆတ်ဆတ် တုန်နေပြီ၊ အပြောတွေလျှော့ ဒီက လက်တွေ့ကျကျပဲ လုပ်ချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက် ဖင်ခေါင်းကျယ်တဲ့ကောင်တွေ . . . ဟီးရိုး ချကွာ"

ချစ်လင်းက ပြောရုံရှိသေး နေယံဘက်က လူတွေက အရင် ဝင်လာပြီး အခြေအနေက ရှုပ်ထွေးစွာ။

"ကဲကွာ"

"ခွပ်"

"တောက်"

"ဘုန်း"

"အ"

"ခွေးသူခိုး သေပေတော့"

"ခွပ်"

လေးယောက်နဲ့နှစ်ယောက် အင်အားချင်းမမျှပေမယ့် ဟီးရိုးနဲ့ ချစ်လင်းက နောက်မဆုတ်တမ်း တက်ညီလက်ညီ။ ဒီလူတွေက အင်အားကြည့်ပြီး ဖြုံသွားမယ့်ကောင်တွေမှ မဟုတ်တာ။ ပြီးတော့ အရွယ်ရောက်ပြီဆိုကတည်းက တောင်စပ်စပ် မြောက်စပ်စပ်ပါသူတွေမို့ ပညာက စုံပြီးသားလေ။

"ရော့"

"ခွပ်"

"အ"





"ဖြောင်း"

"အား"

ချစ်လင်း တစ်ချက်အထိခံရပြီး နောက်သို့ ယိုင်သွားစဉ်မှာ အုတ်ခဲပိုင်းကို ကိုင်ပြီး နောက်က ဝင်လာတဲ့သူက ချစ်လင်းခေါင်းကို ရိုက်လိုက်လေလျှင် –

"ဒုတ်"

"အား"

ဟီးရိုးဘက်မှာက လူရှင်းသွားပြီမို့ ချစ်လင်းဘက်ကို ကူဖို့ လှည့်ကြည့်လိုက်လေလျှင် –

"ဟာ . . . ချစ်လင်း"

ချစ်လင်းထိသွားတာကိုမြင်သလို နောက်က ရိပ်ခနဲ ဝင်လာတာကိုလည်း မြင်ပြီး ကိုယ်ကို တစ်ပတ်လှည့်လိုက်ကာ –

"ကဲ"

"ဘုန်း"

"အား"

ဝင်လာတဲ့လူ လဲကျသွားတာနှင့် ဟီးရိုး ချစ်လင်းဆီသို့ စိုးရိမ်တကြီးရောက်သွားကာ –

"ချစ်လင်း"

"အား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဟော့ကောင်"

ဟီးရိုး ဘာမှဆက်ပြောမနေတော့ဘဲ ချစ်လင်းကိုယ်ကြီးကို ကောက်ပွေ့ထမ်းလေလျှင် –

"ဟီးရိုး ... ရတယ်"

"ရ ရ .. လျှာမရှည်နဲ့"

✻



## အခန်း (၁၀)

ချစ်လင်းက ခေါင်းမှာပတ်တီးအဖွေးသားနှင့် ဆေးရုံမှာ။ ဟီးရိုးက အချုပ်ထဲမှာ ဒုက္ခခံနေရလောက်ရောပေါ့။ ချစ်လင်း ကိုယ့်ဒဏ်ရာနာကျင်နေတာထက် ဟီးရိုးကို သူ့အဖေ အာမခံနဲ့ လိုက်ထုတ်ပေးပါ့မလားပဲ စိုးရိမ်နေတာ။ သားအဖနှစ်ယောက်ထဲတုန်းက ပြဿနာမရှိပေမယ့် အခုက သူ့စိမ်းဝင်နေပြီ။

သူများပြောရင် တစ်လ၊ မယားပြောရင် တစ်ညတဲ့။

မိန်းမက အသက်ငယ်ငယ်လေးဆိုတော့ ပိုဆိုးတာပေါ့။ မနီလာခင်က ဟီးရိုးနဲ့မတည့်တော့ သူ့ယောက်ျားကို အာမခံနဲ့လိုက်ထုတ်မပေးဖို့တားမှာ အသေအချာပါပဲ။ ဟိုကလည်း မှတ်လောက်



www.burmeseclassic.com

www.burmeseclassic.com



အောင်ထားမယ်ဆိုပြီး ထားလိုက်ရင် ဟီးရိုး ပိုပြီးနာကျင်ခံစားရမှာ။

''သားငယ်''

''ဗျာ''

''သက်သာရဲ့လား''

''ဟုတ် ... သက်သာပါတယ် ဖေဖေ''

ဦးဝင်းကို သက်ပြင်းချလိုက်ပြီး –

''ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် နောက်ကို ရန်မဖြစ်ပါနဲ့ သားရယ်။ ဘယ်သူ့ကြောင့်လို့ ဖေဖေ မပုတ်ခတ်ချင်ဘူး။ သား တစ်ခုခုဖြစ်ရင် ဖေဖေပဲရင်ကျိုးရမှာ။ အခုလို ကွဲကြပြဲကြဖြစ်တော့ ကိုယ့်အသားလည်း နာ၊ သိက္ခာလည်းကျ''

''ကြောက်တတ်ရင် ဝန်ကင်းတယ်ဆိုပြီး ကိုယ်က ရှောင်ထွက်သွားရင် သူတို့ ထဘီနဲ့ကျောက်ပျဉ် ရှာပေးလိမ့်မယ် ဖေဖေ။ ဒီကောင်တွေကိုက တမင်ရန်စတာ''

''သံလွင်နဲ့ပတ်သက်နေတယ် မဟုတ်လား''

မေးတော့ မဖြေ။ ဖြေစရာမလိုအောင် သိနေပြီးသားလေ။ သံလွင်ခက်နဲ့ ပတ်သက်လာရင် ဒီကောင်တွေ သွေးဆူတတ်တာ ခုမှမဟုတ်ဘဲ။ တစ်ယောက်ထိရင် တစ်ယောက်က မခံနိုင်တာ ငယ်ငယ်ကတည်းကပဲ ဥစ္စာ။

''ဖေဖေ''





''ဟင်''

''ဟီးရိုး ဆေးရုံကို ဘာလို့ လိုက်မလာတာလဲ။ အချုပ်ထဲမှာ လား''

''ဟုတ်တယ်''

''သူ့ဒယ်ဒီက အာမခံနဲ့လိုက်မထုတ်ဘူး ထင်တယ်''

''သေချာတာပေါ့။ မှတ်လောက်အောင် နေပါစေတဲ့''

''ဟင်''

ထင်တဲ့အတိုင်းပဲမို့ တံတွေးမျိုချလိုက်တာပင် နင်တင်တင်။ ချစ်လင်း ဘာလုပ်ရမလဲ။ ကိုယ်က ဆေးရုံကနေ မဆင်းရသေးဘူး ဆိုတော့ ဖေဖေ့ကိုပဲ အကူအညီတောင်းရတော့မှာပေါ့။ ဖြစ်နိုင်ရင် ကိုယ်ပဲ ဟီးရိုးဆီကို ပြေးသွားလိုက်ချင်တာ။ ဟိုတုန်းကလို မဟုတ်တော့တဲ့ သူ့ဘဝအခြေအနေမှာ –

သူငယ်ချင်းတွေကသာ သူ့အတွက် အားကိုးခင်မင်တွယ်တာရာ ဖြစ်ချင်ဖြစ်နေမှာလေ။ သူ့ဘဝ သဲကန္တာရထဲမှာ အိုအေစစ်က ဘယ်သူလဲမသိပေမယ့် ကိုယ်တွေက တတ်နိုင်သလောက် ဖေးမပေးချင်တာ။

''သား ဖေဖေ့ကို တောင်းပန်ပါတယ်။ ဖေဖေ ဟီးရိုးကို အာမခံပြီး သွားထုတ်ပေးပါနော်။ ဒါ ဖေဖေ့ဆီမှာ သားတောင်းဆိုတာ ပါ''



www.burmeseclassic.com

www.burmeseclassic.com



“သားငယ်”

“ဗျာ”

ဦးဝင်းကို သားငယ်ကို စိုက်ကြည့်မိလိုက်၏။ ဒီကောင် ဟီးရိုး အပေါ်ဆို သူ့အစ်ကိုချစ်မင်းအပေါ်ထက် အစစအရာရာ ဦးစားပေး လွန်းသူမို့ ဒီလောက်တောင် ချစ်ရသလားလို့ အပြစ်မပြောချင်တော့ ပါဘူး။ သံလွင့်အပေါ် ချစ်တာကျတော့ တစ်မျိုးဖြစ်နေပြီ။ သားငယ်ကို စိတ်ချမ်းသာစေချင်တာမို့ ကိုယ်ကလည်း ဘာမဆို လုပ်ပေးဖို့ အဆင် သင့်။

“သားငယ်က ဟီးရိုးကို တော်တော်ချစ်တာပဲနော်”

“ဟီးရိုးက အပြောသာဆိုးတာ စိတ်ရင်းကောင်းတယ် ဖေဖေ ရဲ့။ ပြီးတော့ အခု သူရင်ဆိုင်နေရတဲ့ အထီးကျန်ဆန်မှုတွေကို သားတို့ က တတ်နိုင်သလောက် ဖယ်ထုတ်ပေးချင်တာ။ တကယ်တော့ သူက သားတို့ထက်တောင် စိတ်ထားဖြူစင်သေးတယ်”

“သားတို့နဲ့ဆိုတာ”

“ခက် နဲ့လေ”

“ကောင်းပြီလေ၊ ဖေဖေ ခုပဲ ဟီးရိုးဆီကို သွားလိုက်ပါ့မယ်။ ခဏကြာရင် မင်းကိုကြီးရောက်လာလိမ့်မယ်”

“သားက တစ်ယောက်တည်း ကျန်ခဲ့ရလည်း ခဏပါ ရတယ်၊ ဖေဖေ ဟီးရိုးဆီကိုပဲ သွားပါ”





ဟီးရိုးဆီကိုပဲ လွှတ်နေသဖြင့် ဦးဝင်းကို ထလာခဲ့တော့၏။ ဟီးရိုးဘဝကို သူလည်းနားလည်ပါတယ်။ ကိုရဲမြင့်ကိုလည်း နောက် အိမ်ထောင်ပြုရမလားလို့ အပြစ်မဆိုချင်။ ကိုယ် နောက်အိမ်ထောင် မပြုတိုင်း သူများကို ပိတ်ပင်စရာမှမလိုတာ။

ဒါပေမဲ့ ...

ဟီးရိုးနဲ့ အသက်မတိမ်းမယိမ်း မိန်းမကို ယူတာဆိုးတာပေါ့။ ငယ်ရွယ်သူဆိုတော့ ဟီးရိုးအပေါ် သည်းခံပြီး ဖြည့်စွက်တွက်ပြီး နားလည်ပေးနိုင်မှာမှ မဟုတ်တာ။

ရဲစခန်းကိုရောက်တော့ –

သူ ဟီးရိုးကို အာမခံနဲ့ထုတ်ပေးပြီး ဟီးရိုးရောက်လာတော့ အံတကြိတ်ကြိတ်။ ဖအေအရင်းက သူ့ကို ဥပေက္ခာပြုထားတော့ ဟီးရိုးရင်ထဲမှာ ဘာတွေရှိနေမလဲဆိုတာ ဗေဒင်မေးစရာမလို။

“အန်ကယ်လ့်ကို ကျွန်တော် ကျေးဇူးတင်ပါတယ်”

“မလိုပါဘူးကွာ။ မင်းက သားသူငယ်ချင်းပဲဥစ္စာ။ နောက် ဒီလိုမဖြစ်စေနဲ့လို့တော့ အန်ကယ်လ် ပြောချင်တယ်”

“မဖြစ်အောင်တော့ ကျွန်တော် နေကြည့်ပါ့မယ်။ တစ်ဖက် က ထပ်ပြီးရန်စလာရင်တော့ ပြန်ချဖို့ လက်တွေက တရားချလို့ရမှာ မဟုတ်ဘူး”

“ဟေ”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မမိုက်ချင်ပါဘူး။ ကျွန်တော့်အပေါ် ရိုင်းနေကြလို့ ကျွန်တော် ပြန်ရိုင်းပြနေရတာပါ။ ဒီလိုပြောလို့ ကျွန်တော့်ကို အန်ကယ်လ်ပါ အထင်သေးချင်သေးနိုင်ပါတယ်။ ကျွန်တော်ကလည်း ကျွန်တော့်ခံယူချက်နဲ့ ကျွန်တော်ပဲ"

ဟီးရိုးအပြောကြောင့် ဦးဝင်းကို ခေါင်းညိတ်ရမလို ခေါင်းခါရမလိုနှင့် ဘာမှ မလုပ်မိဘဲ သက်ပြင်းသာချလိုက်မိ၏။ ပြီးမှ -

"အန်ကယ်လ်က သားသမီးချင်း ကိုယ်ချင်းစာလို့ ပြောတာပါ"

ဦးဝင်းကိုစကားကို ထိန်းထိန်းကာကာပြောလိုက်တာဖြစ်၏။ တကယ်က ဆုံးမတာပါလို့ ပြောချင်တာပေမယ့် ဒီလိုပြောရင် ဟီးရိုးပက်ခနဲပြန်ပြောမှာစိုးလို့ လိမ္မာပါးနပ်စွာပြောလိုက်တာ။

"ကျွန်တော်ကလည်း အန်ကယ်လ်ဆုံးမတာကို မနာခံဘူးလို့ မပြောပါဘူး"

"အေးပါ၊ ကဲ ... လာပြန်ကြရအောင်"

"အန်ကယ်လ်ပဲ ပြန်ပါ"

"ဟင် ... မင်းက အိမ်ကိုမပြန်ဘူးလား"

"ကျွန်တော် မပြန်ချင်ဘူး။ အခုချိန်မှာ ကျွန်တော့်အိမ်ဆိုတာ ကျွန်တော့်အတွက် ငရဲပဲ"

"ဒါဆို အခု မင်း ဘယ်ကိုသွားမှာလဲ"





"တစ်နေရာရာကိုပေါ့"

"ဟာ ... မင်း အဲဒီလို ခြေဦးတည့်ရာ လျှောက်သွားလို့ ဘယ်ဖြစ်မှာလဲ။ ဟိုမှာ မင်းသူငယ်ချင်းလည်း ဆေးရုံရောက်နေတာတောင် မင်းကိုပဲ မေးနေတာ။ မင်း ငါနဲ့လိုက်ခဲ့ပါ"

ကိုယ့်သားသူငယ်ချင်းဆိုတော့ ဒီကလေးကို ဦးဝင်းကို အလေအလွင့် မခံနိုင်။ တတ်နိုင်သလောက်တော့ ကူညီထိန်းမတ်ပေးချင်တာကြောင့် ခေါ်နေတာပေမယ့် ဟီးရိုးက ဟင့်အင်းမလုပ် အင်းမလုပ်နဲ့ ရပ်နေတာ ကျောက်ရုပ်တစ်ရုပ်လို။

သူ့ကို -

သူ့အဖေမဟုတ်ဘဲ ကိုယ်လာပြီး အာမခံပေးတဲ့အတွက် ဝမ်းနည်းဒေါသဖြစ်နေတာပဲ ဖြစ်မှာပေါ့။ မျက်လုံးတွေက ရီဝေဝေ။

"အခု ချစ်လင်းအခြေအနေ ဘယ်လိုရှိလဲ"

"စိုးရိမ်စရာ မရှိပါဘူး။ ဒဏ်ရာကတော့ နည်းနည်းများတယ်"

"စိုးရိမ်စရာမရှိရင် ကျွန်တော် မလိုက်တော့ပါဘူး။ သူ့ကို သံယောဇဉ်ရှိပေမယ့် ကျန်တဲ့သံယောဇဉ်တွေကို ကျွန်တော် ဖြတ်ချင်တယ်။ ယောကျ်ားပဲဗျာ၊ မိဘချမ်းသာတာ ကိုယ်ချမ်းသာတာမှ မဟုတ်ဘဲ။ ကျွန်တော် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ချင်တယ်"

အဲဒီယောကျ်ားမာနကိုတော့ တကယ် ချီးကျူးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကျောင်းပြီးကာနီးမှဆိုတော့ ပညာရေးကို ထိခိုက်မှာတော့ စိုးရိမ်သေးတာပေါ့။ ဒီကောင်က လူတစ်မျိုးဆိုတော့ တားလို့မရမှာက လည်း အသေအချာ။

"ယောက်ျားမာနနဲ့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည် မယ်ဆိုလည်း အန်ကယ်လ်ကတော့ ပညာရေးကို စနိုးစနောင့် မဖြစ်စေ ချင်ဘူးကွာ"

"ဖြစ်နိုင်ရင် မိဘပိုက်ဆံနဲ့ သင်ခဲ့ရတဲ့ အဲဒီပညာတွေကို ထုထောင်းချိုးချေပြီး အရည်ဖျော်ပစ်လိုက်ချင်တာ။ ယူမိထားတော့ လည်း ကျွန်တော် ပန်းတိုင်ရောက်အောင် ဆက်လျှောက်မှာပါ။ အခု လက်ရှိ ဖြစ်ပျက်နေတဲ့ ကျွန်တော့်ဘဝအခြေအနေက ခလုတ်တိုက် ခြင်းပဲပေါ့"

စားထားတဲ့ ထမင်းလုတ်တောင် ဖြစ်နိုင်ရင် ကျောထုရင်ထုနဲ့ အန်ပစ်ချင်တာမျိုးပါလား။ သူ့စကားထဲမှာ ဖအေကို အပြစ်တင်တဲ့ စကားတစ်ခွန်းမှ မပါတာကတော့ သူ တကယ်မမိုက်ရိုင်းလို့ပေါ့။

"ပြောမရလို့သွားမယ်ဆို အန်ကယ်လ် ဘာအကူအညီပေး ရမလဲ ဟီးရိုး"

"နေပါစေ၊ ကျွန်တော့်အတွက် ချမ်းသာခြင်းအစစ်ကိုရမယ့် နေရာတစ်နေရာ ရှိပါတယ်။ ကျွန်တော့်ကို သွားခွင့်ပြုပါဦး"

"ဟင်"





ချမ်းသာခြင်းအစစ်ကိုရမယ့်နေရာဆိုတော့ အင်း ... ဒီကောင် ဘုန်းကြီးဝတ်မလို့လား။ အဲဒီလိုပုံလည်း မပေါက်ပါဘူးလို့ တွေးနေတုန်းမှာပဲ ဟီးရိုးက ထွက်သွားပြီ။

ဟီးရိုး –

သူပြောခဲ့တဲ့ ချမ်းသာခြင်းအစစ်ကိုရမယ့်နေရာဆိုတာကို တွေးလိုက်မိတော့ လွှန်းခနဲပြုံးမိသွား၏။ သူ ဘတ်စ်ကားတိုးစီးပြီး ရောက်အောင်လာခဲ့ရတဲ့ နေရာသည် တူးတူးတို့အိမ်။ အရင်တုန်းက တော့ ကိုယ့်ကားကိုယ်မောင်းပြီး လာနေကျလေ။

ခုတော့ –

အဲဒီဘဝကို ခွာချခဲ့ပါပြီ၊ တူးတူးတို့ အိမ်ရှေ့ကိုရောက်တော့ တူးတူးက လှေကားလေးမှာ ထိုင်ပြီး စာကျက်နေတာကို တွေ့လိုက် ရသဖြင့် –

"ဟော့ကောင်ကြီး တူးတူး"

"ဟာ ... ကိုကြီးရဲ လာပြီ"

သူ့ကိုမြင်လိုက်တာနှင့် တူးတူးက စာအုပ်ကိုချခဲ့ပြီး သူ့ဆီသို့ ပြေးလာပြီး ခါးကိုဖက်ကာ –

"ကိုကြီးရဲကို သားမျှော်နေတာ။ မလာတာ နှစ်ရက်ရှိပြီ ဘယ်သွားနေတာလဲ၊ ကိုကြီးရဲမလာတဲ့ရက်မှာ သားတာဝန်မပျက်ဘူး နော်၊ ဟိုကိုသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟူးဟူးက လက်ကလေးထောင်လိုက်၊ လက်ခါပြလိုက် ပြောနေတာ ဟီးရိုး သူ့အပေါ် ပြုံးငြင်သွားမှာစိုးနေသလို။ ကိုယ်ပေးထားတဲ့ တာဝန်ကို မပျက်ကွက်ဘူးတဲ့။ ဒါ . . . သံယောဇဉ်ကြောင့် သူ့ခမျာ အပင်ပန်းခံပြီး သွားပေးရှာတာ။

''မင်း တော်တော်အလိုက်သိတဲ့ကောင်ပဲ။ အဲဒါကြောင့် ချစ်တယ်ဆိုတာထက် မင်းကို ငါ ပိုချစ်သွားပြီ''

''တကယ်''

''အင်း . . . ငါ ဗိုက်ဆာတယ်ကွာ၊ စားစရာ ဘာရှိလဲ''

''ဘွားဘွားကိုမေးကြည့်ဦးမယ်လေ . . . လာ''

လာဆိုပြီး လက်ဆွဲခေါ်တော့ အိမ်ပေါ်သို့တက်ခဲ့ကြစဉ် –

''ဘွားဘွား''

''ဟေ''

''ဒီမှာ ကိုကြီးရဲ''

''ဟယ် . . . ရဲ''

''ဘွားဘွား ကိုကြီးရဲက ဗိုက်ဆာလို့တဲ့ စားစရာ ဘာရှိလဲ''

''ကျန်တာဘာမှမရှိဘူး မြေးရဲ့။ ထမင်းဟင်းတွေတော့ ကျက်နေပြီ။ ခူးခပ်ကျွေးလိုက်လေ။ အဲ . . . ဟင်းကတော့ မကောင်းဘူး။ လူလေး စားနိုင်ပါ့မလား''

''ကျွန်တော် စားနိုင်အောင် စားပါ့မယ်''





''စားနိုင်ရင် သား သွားယူလိုက်မယ်နော်''

ပြောပြီး ပျာပျာသလဲ ထွက်သွားတာ လှစ်ခနဲပါပဲ။ စေတနာ မေတ္တာဆိုတာ သူစိမ်းသူကျက် မခွဲခြားပါဘူးလေ။ စိတ်ဆိုတာ ထားတတ်ရင် မြတ်မှန်းသိတယ်။ ဒါပေမဲ့ နီလာခင်ဆိုတဲ့မိန်းမနဲ့ ပတ်သက်လာရင်တော့ ဟီးရိုး လုံးဝ စိတ်ထားမမြတ်နိုင်ပါဘူး။ ကိုယ့်အိမ်ကို စရောက်ကတည်းက သခင်စိတ်နဲ့ ဝင်လာတဲ့မိန်းမ။

''လူလေး''

''ဗျာ''

''နှစ်ရက်တောင် ဒေါ်လေးတို့အိမ်ကို မလာဘူး ဘယ်ပျောက်နေတာလဲ''

''အချုပ်ထဲမှာ''

''ဟေ''

''ကျွန်တော့်အဖြစ်က ဒီလိုပါ''

ဟီးရိုး ဒေါ်စောမြကို အကြောင်းစုံရှင်းပြလေတော့ ဒေါ်စောမြ စိတ်မကောင်းဖြစ်ကာ –

''ဖြစ်ရလေ လူလေးရယ်၊ ဒေါ်လေးက တကယ်ကိုမသိတာပါ။ သိရင် လူလေးကိုလာတွေ့တာပေါ့''

''ရပါတယ်၊ အခု ကျွန်တော် ဒေါ်လေးတို့နဲ့အတူနေဖို့ လာခဲ့တာ။ ကျွန်တော် ကြိုရကျပမ်းအလုပ်ကိုလုပ်ပြီး ကျွန်တော့်ဘဝကို



www.burmeseclassic.com

www.burmeseclassic.com



ရပ်တည်ချင်တယ်''

''မဟုတ်တာ လူလေးရယ်၊ မိဘဆိုတာ''

''တော်ပါတော့ ဒေါ်လေးရယ်၊ ကျွန်တော် မိဘကို မစော်ကားဘူး။ ကိုယ့်ကို ဥပေက္ခာပြုထားတာကျတော့ မခံစားနိုင်ဘူး။ ကျွန်တော် ယောက်ျားပါ။ ဘယ်သူ့ဆီမှာမှ အသနားခံရမှာကို ဝါသနာမပါဘူး။ အဲဒါ ကျွန်တော့်ရဲ့မာနပဲ''

''အေးလေ ... လူလေး ဒေါ်လေးတို့နဲ့ နေမယ်ဆိုလည်း နေပါ။ ဒေါ်လေးတို့အပေါ်မှာ လူလေးရဲ့ကျေးဇူးတွေ အများကြီးရှိပါတယ်။ လူလေး အလုပ်လုပ်စရာမလိုပါဘူးကွယ်''

''ဆရာ ... ရပြီ၊ ဒီဆိုင်က မြန်မာထမင်း မြန်မာဟင်းပဲ ရတာနော်။ ပြီးရင် ဘီယာမရဘူး၊ ရေနွေးကြမ်းပဲရမယ်။ သုံးဆောင်ပါခင်ဗျာ''

တူးတူးက သူ့ရှေ့မှာ ထမင်းပန်းကန်နဲ့ ဟင်းပန်းကန်တွေ ချပေးပြီး ပြောလေတော့ သူရယ်လိုက်မိ၏။ ဟင်းဆိုတာက ထမင်းပန်းကန်ထဲမှာ ငါးကြော်တွေထည့်ထားပေးပြီး ကျန်တာက ငါးပိရည်နဲ့ တို့စရာ။

မင်း စားနိုင်အောင် စားရမယ် သူရဲကောင်း။

✳



## အခန်း (၁၁)

''တောက် ... ဒါ ဒီကောင် ငါ့ကို သက်သက်အရှက်ခွဲတာ။ ငါ့ကို သိက္ခာချတာ။ မိုက်ရိုင်းလိုက်တာကွာ''

''ဦးသားက ဘယ်တုန်းက လိမ္မာလို့လဲ။ အမြဲတမ်း လူကို မကောင်းမြင်ဝါဒနဲ့ကြည့်နေတော့ မကောင်းတာတွေပဲ ဖြစ်လာမှာပေါ့။ လူပျိုလေးဖြစ်ပြီး ကိုယ့်သိက္ခာတောင် ကိုယ်မထိန်းတာ၊ ဦးရဲ့သိက္ခာတွေကို ထည့်တွက်ငဲ့ကွက်နေမတဲ့လား''

''အဲဒီလိုတော့မပြောပါနဲ့ မမနီလာ၊ ဟီးရိုး ခုလိုဖြစ်သွားတာ သံလွင့်ကြောင့်လို့ သံလွင်ပြောပြီးပြီပဲ။ သူက မိုက်ရိုင်းတာမဟုတ်ဘူး၊ သတ္တိရှိတာ။ သံလွင် အာမခံရဲတယ်။ ဟီးရိုးက သူ့ဘဝကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ ဖြစ်သလို ရွက်လွှင့်မယ့်ကောင်မဟုတ်ဘူး''

ဆတ်ခနဲ လှည့်ကြည့်ခြင်းမှာ အကြည့်တွေထဲမှာ တင်းမာချင်ကြတာချင်း အတူတူ။ ကိုယ့်သူငယ်ချင်းကို ဒီလောက်မှိုချိုးမျှစ်ချိုးပြောနေတာ ခံနိုင်ပါ့မလား။ တကယ်ဆို ဟီးရိုးအရွဲ့တိုက်ပြီး လေလွင့်နေတာ သူ့ကြောင့်။ သူရောက်လာပြီးကတည်းက သားအဖကြားမှာ သွေးထိုးသပ်လျှိုနေလို့ ဟီးရိုးဘဝ အထီးကျန်ဆန်ရတာ။

''အခု ဟီးရိုးမရှိတော့ မမနီလာ ထင်တိုင်းကြီးစွင့်ရနေတာပဲ မဟုတ်လား။ ဝမ်းသာလိုက်စမ်းပါ''

''ဘာ''

လူတွေက မှန်တာပြောရင် မခံနိုင်ကြဘူးဆိုတဲ့အတိုင်း–

''နင်က ငါ့အိမ်ပေါ်တက်ပြီး ငါ့ကိုစော်ကားနေတာလား သံလွင်''

''မစော်ကားပါဘူး။ မှန်တာတွေ ပြောပြတာ''

''နင်''

''တော်ကြစမ်း''

ဦးရဲမြင့် စိတ်တိုတိုနှင့် အော်ပစ်လိုက်၏။ ခုမှ သူ့မှာ ဆူးနှစ်ဖက်ကြားပေါက်တဲ့ဘူးသီးလို ဖြစ်နေတာလေ။ သားနဲ့မယားကြားမှာ ဘယ်သူ့ဘက်ပါလို့ ဘာလုပ်ရမှန်းမသိ။ သူ့မှာ ဒီသားလေး တစ်ယောက်ပဲရှိတာ ဖြစ်ချင်တာဖြစ် ပစ်ထားနိုင်ပါ့မလား။ တကယ်က





မယားစကားနားထောင်ပြီး သူ့ သားကို အချုပ်ထဲကနေ အာမခံနဲ့ လိုက်ထုတ်မပေးတာမဟုတ်။

နောက်ထပ် ဒီလိုမဖြစ်စေချင်လို့ မှတ်လောက်အောင် ထားလိုက်တာ ဒီလိုဖြစ်စေချင်လို့မှ မဟုတ်ခဲ့ဘဲ။

သားရင်ထဲမှာ –

တလွဲတွေးပြီး ဒဏ်ရာရသွားပြီ ထင်ပါရဲ့။ ဒီကောင်က သိပ်ပြီးမာနကြီးတဲ့ကောင်။ ကိုယ့်သားအကြောင်း ကိုယ်သိရဲ့သားနဲ့ ပစ်ထားလိုက်မိတာကိုက ကိုယ်မှားခဲ့တာ။ ပတ်ဝန်းကျင်ကလည်း ကိုယ့်ကို မယားငယ်ငယ်လေးယူပြီး မယားဆိပ်တက်နေတာလို့ မြင်နေကြတာပဲလေ။ တကယ်က သူ အဲဒီလိုမဟုတ်ခဲ့ပါဘူး။

သူနဲ့နီလာ –

ဘယ်သူက ဘယ်သူ့ကိုမှ မချစ်တာ နတ်သိကြားတွေနဲ့ ကာယကံရှင်တွေပဲ အသိဆုံးပေါ့။ မိတ်ဆွေတစ်ယောက် မိတ်ဆက်ပေးလို့ ခင်မင်ရင်းနှီးကြရုံအပ ဘာစိတ်မှမရှိခဲ့ကြဘဲ ကံကြမ္မာက ဖန်လာတော့ အရက်မူးနေတဲ့သူနဲ့၊ ဒေစတနာနဲ့ လာတွဲပြီး အိပ်ခန်းထဲ တွဲပို့ပေးတဲ့သူ။ တခြားသူမြင်သွားပုံက မသင့်တော်သလိုဖြစ်သွားတာမို့ ဤသို့ ဤနှယ် ဖြစ်လာခြင်းမှာ ဘယ်သူ့ရင်ဘတ်မှာမှ အချစ်မပါခဲ့ပေ။ ဒါ . . . အမှန်တရားပါပဲ။

''ဦး''



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာမှမပြောနဲ့ နီလာ၊ ငါ တောင်းပန်ပါတယ်။ အခုချိန်မှာ မင်းပြောမယ့်စကားက စေတနာပါနေရင်တောင် အရာထင်မှာမဟုတ်ဘူး။ ဘာကြောင့်လဲဆိုတာ မင်းသိမှာပါ"

"သိတယ်၊ သိလို့ပဲ စေတနာလည်း မထားနိုင်ဘူး။ မသင့်မြတ်ကြလို့ ဦးက ကွာရှင်းမယ်လို့ပြောလာရင် နီလာ ကွာမပေးနိုင်ဘူးနော်။ နီလာတို့မျိုးထဲမှာ တစ်ခုလပ်တစ်လင်ကွာဆိုတာ မရှိတဲ့အတွက် နီလာ မျိုးရိုးဂုဏ်သိက္ခာကို တတ်နိုင်သလောက် ထိန်းရမှာပဲ"

"ငါကလည်း မင်းကို မကွာခိုင်းပါဘူး။ မင်းမာနတွေကို နည်းနည်းလျှော့ချပေးဖို့ပဲ တောင်းဆိုချင်တာပါ"

မဲ့ခနဲလုပ်ပြီး တစ်ဖက်လှည့်သွားပုံက သူ့မမာနတွေကို လုံးဝလျှော့မချနိုင်ဘူးဆိုတဲ့ သရုပ်ကိုပေါ်လွင်စေ၏။

"သံလွင်"

"ရှင်"

"သမီးပြန်တော့နော်။ ဟီးရိုးအတွက် ဘာမှ စိတ်မပူပါနဲ့။ အန်ကယ်လ် သူ့ကိုလိုက်ရှာပြီး ပြန်ခေါ်မှာပါ။ ကိုယ့်သားပဲ သမီးရယ် ဘယ်အရာနဲ့မှ ဖြတ်လို့မပြတ်နိုင်ပါဘူး"

"ဟုတ်ကဲ့"

"ချစ်လင်းရော ဘယ်လိုနေသေးလဲ၊ ဆေးရုံက ဆင်းပြီလား"

"မနက်ဖြန် ဆင်းမှာပါ အန်ကယ်လ်"





"ဪ ... အေးအေး အန်ကယ်လ်လည်း ကိုယ့်အပူနဲ့ကိုယ်ဆိုတော့ မရောက်ဖြစ်ဘူး ဖြစ်သွားတာ"

"ဟုတ်ကဲ့ ... သံလွင့်ကို ပြန်ခွင့်ပြုပါဦး အန်ကယ်လ်"

သံလွင် ထပြန်သွားပြီးနောက် နီလာ ဆတ်ခနဲ ဦးရဲမြင့်ကို မော့ကြည့်ကာ –

"နီလာ ဆုံးဖြတ်လိုက်ပြီ ဦး"

"ဘာကိုလဲ"

"ဟီးရိုးနဲ့ပြိုင်ဖို့ နီလာ ကလေးယူမယ်"

ဘယ်ဘဝက အမုန်းတရားတွေက ယခုဘဝအထိ အဆက်ဆိုပြီး မပြေနိုင်ကြသလဲတော့မသိ။ မုန်းချင်သလောက် မုန်းကြပါစေလို့ အဖြစ်မခံနိုင်တဲ့သူအဖို့မှာတော့ သောကဗျာပါဒတွေနှင့် ပူလောင်ပြင်းပြနေလျက်။

✳



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

သုံးယောက်ထိုင်နေကြတဲ့နက် ဟီးရိုးမျက်နှာက ရှုတည်တည်။ ကျန်တဲ့နှစ်ယောက်လည်း မျက်နှာမကောင်းကြပေ။ ဘယ်လိုလုပ်ပြီးကောင်းနိုင်ပါ့မလဲ။ အရင်က သွားအတူ လာအတူနဲ့ အမြဲတမ်းအတူတူရှိနေကြတာ။ အခု ဟီးရိုးက တစ်လမ်းခွဲထွက်သွားရတာဆိုတော့ ဘယ်လိုစိတ်ကောင်းနိုင်ကြပါ့မလဲ။

''မင်း မနီလာကို အရှုံးပေးရလောက်အောင် ပဲ..."





''မိတချမ်းသာတာ ကိုယ်ချမ်းသာတာမှ မဟုတ်ဘဲကွ။ မာမီ့ပိုင်ဆိုင်မှုဆိုတာ ငါ ရထိုက်ရင်ရလာလိမ့်မယ်။ ငါဆိုတဲ့ကောင်က သောထဲကဆူးလို ကိုယ့်ဘာသာကိုယ်ချွန်ပြီး ရပ်တည်ချင်တာ''

''မင်း ဘယ်လောက်အထိ တောင့်ခံနိုင်မှာလဲ''

''စောင့်ကြည့်''

''ဟီးရိုး''

ဟီးရိုးဘက်သို့ တည့်တည့်လှည့်ထိုင်လိုက်တဲ့သံလွင့်ခေါင်းက စံပယ်ပန်းကုံးလေးက နွဲ့ခါသွားလေ၏။ ဟီးရိုး ဒါကိုပဲ ငေးကြည့်နေမိစဉ်မှာ –

''နင် အခု ဘယ်မှာနေတာလဲ၊ တို့ကိုပြောစမ်းပါ''

''မြေကြီးပေါ်မှာ''

''တွေ့လား။ အကောင်းမေးတာကို အကောင်းမဖြေဘူး။ နင့်အဖေ နင့်ကို အရမ်းစိတ်ပူပြီး လိုက်ရှာနေတာ။ ကျောင်းလာမယ်ဆိုတော့ နင်ပဲ ညာခိုင်းလို့ နင် ကျောင်းမတက်ဘူး ညာထားရတာ တို့ စိတ်မလုံဘူးသိလား''

''ဟုတ်တယ် ဟီးရိုး။ အန်ကယ်လ်က မင်းထင်သလို မိန်းမမျက်နှာပဲကြည့်ပြီး မိန်းမစကား နားထောင်နေတာ မဟုတ်ဘူးနော်ဟောကောင်''

''ဒယ်ဒီက မင်းတို့ကို ပြောပြတာလား''



www.burmeseclassic.com

www.burmeseclassic.com



"မပြောဖြစ်ပါဘူး . . . သိနေတာ"

"တော်စမ်းပါ . . . အဲဒါ လူကြားကောင်းအောင် ကျယ်ကျယ် အမျှဝေပြီး ကြေးစည်ထုပြတာ။ နီလာခင်ဆိုတဲ့မိန်းမ ရှိနေသရွေ့ ငါ အဲဒီအိမ်ပေါ်ကို လုံးဝပြန်မတက်ဘူး"

"နင်ကလည်း ပြောရခက်လိုက်တာ ဟီးရိုးရယ်။ အဲဒါ နင် အတ္တကြီးတာ"

"ဘာ"

ဘာသံက တိုးပေမယ့် ကြည့်လိုက်တဲ့အကြည့်က ခပ်စူးစူးပါ ပဲ။ နီလာခင်နဲ့ပတ်သက်ပြီး ဟီးရိုး ဘာလို့ ဒီလောက်တင်းမာနေတာလဲ စဉ်းစားမရ။ သူ့အဖေဆီက အချစ်တွေကို သူများနဲ့ မျှဝေခွဲခြားပြီး မခံစားချင်တာလား။

"နင် စဉ်းစားကြည့်လေ အန်ကယ်လ်က သူများသားပျို သမီးပျိုကို ယူတုန်းကယူပြီး ခုမှ ကွာပစ်လို့ရမလား။ အိမ်ထောင်ရေး ဆိုတာ ပြီးပြီလား။ ပြီးရင် ဖျက်ပစ်လို့လုပ်လို့ရတာ မဟုတ်ဘူးဟဲ့။ နင်က ချစ်တောင်မချစ်တတ်သေးတော့ ဒါတွေပြောလည်း နားလည် မယ် မဟုတ်ပါဘူး"

"ဟင်"

သံလွင့်စကားကြောင့် ဟီးရိုး ဆတ်ခနဲ ဖြစ်သွား၏။ သူ့ကို မချစ်တတ်ဘူးလို့ ပြောလိုက်တာလား။ ကိုယ့်အဖြစ်က အဲဒီလို အပြော





ခံရလောက်အောင် အချစ်နဲ့ပတ်သက်ပြီး သွေးအေးပုံပေါက်နေပြီတဲ့ လား။ ဟုတ်မှာပါ။ ကိုယ်က အချစ်ကို အချစ်မှန်းသိအောင် ရုပ်လုံး မဖော်တတ်တော့ ဒီလိုပဲ ပြောမှာပေါ့။ တကယ်တမ်း ကိုယ့်ရင်ထဲမှာ ရှိနေတာက မျိုသိပ်ကွယ်ဝှက်ထားမှုတွေကြောင့် လူမသိ သူမသိ တိတ်ဆိတ်စွာ ရှိနေခဲ့တာ အချစ်တွေ။

ချစ်တတ်လွန်းလို့ပဲ အထီးကျန်ဆန်တဲ့ ဘဝကိုမှန်းတာ။ အဲဒီတော့ စိတ်ထွက်ပေါက်ရှာမိတာ မိုက်ရိုင်းတယ်ဖြစ်ပြန်ရော။ လောကကြီးက မတရားလိုက်တာ။

"ချစ်လင်း"

"ဘာလဲ"

"ခက်ခေါင်းပေါ်မှာ ပန်ထားတာ မင်းဆက်သတဲ့ ပန်းတွေ မဟုတ်လား"

"စကားလမ်းကြောင်းမလွှဲနဲ့ ဟော့ကောင်။ အခုထိ ခက်က ငါ ပေးတဲ့ပန်းတစ်ကုံးနဲ့ ပိုင်ရှင်မဲ့ ခြံဝက ပန်းတစ်ကုံး မျှမျှတတ နှစ်ကုံး ပန်နေတုန်းပဲ"

"ဟုတ်လား"

"ဟုတ်တယ်"

မျက်နှာပြောင်ပြီး ရယ်လိုက်တာက ဘာကိုသဘောကျမှန်း မသိ။ သံလွင် မျက်စောင်းထိုးတာကိုလည်း မသိချင်ယောင်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



နေကာ –

"မင်း ခက်ဆီက အဖြေရပြီလား"

"မရသေးဘူးဟေ့ ကြိုးစားနေရတုန်းပဲ။ အဲဒီ မရွှေခက်က ဘာတွေမှုနေမှန်းကို မသိတာ"

"ငါက မှုနေတာမဟုတ်ဘူး ချစ်လင်းရဲ့။ နင့်ကို သူငယ်ချင်း တစ်ယောက်ထက် ပိုပြီး စဉ်းစားလို့ကိုမရတာ"

"တစ်ခါတည်း ပြောလိုက်တာ မျှော်လင့်ချက်ကင်းမဲ့အောင် ပါလား"

"မျှော်လင့်ရတာ ရင်မောပါတယ်ဟာ။ ဘာမှ မျှော်လင့်မနေ နဲ့"

"အဲဒီလိုတော့ မလုပ်နဲ့လေ။ နည်းနည်းသနားကြည့်လိုက်။ သနားရာကနေ ချစ်ကောင်းချစ်လာနိုင်တာပဲဥစ္စာ"

"ချစ်ကောင်းက အိမ့်ချစ်ရဲ့အဖေ"

"ခွေးကောင်"

ချစ်လင်းက ဟီးရိုးလက်မောင်းကို လက်သီးနှင့်ဖွဖွထိုးလိုက် ၏။ ဟီးရိုးက နောက်ပြောင်ခဲ့လှတာမို့ ဒီလိုကျတော့ ကျန်တဲ့နှစ်ယောက် ရင်ထဲမှာ ပျော်သလိုလို။ ဒါ စိတ်ထွက်ပေါက်ရှာတဲ့အနေနဲ့ပြောလိုက် တာ ဖြစ်ချင်ဖြစ်မှာပေါ့။ သူ့ရင်ထဲမှာ ဘာတွေ ဘယ်လောက်တောင် ခံစားနေရသလဲ။





တကယ်တော့ –

သားအဖနှစ်ယောက်ကြားမှာ နားလည်မှု လွဲမှားနေကြတာ ပါ။ ဦးရဲမြင့်က ဟီးရိုးထင်သလို သားကိုပစ် မယားပဲချစ်တဲ့လူမျိုး မဟုတ်သလို ဟီးရိုးဘက်က ကြည့်ရင်လည်း သူ့ ဂျစ်ကန်ကန်မိုက် ကန်းကန်း လုပ်နေတာ ဦးရဲမြင့်ကို မကျေနပ်တာ သီးသန့်မဖြစ်နိုင်။

နောက်ထပ် –

ဘယ်လိုလျှို့ဝှက်ချက်တွေရှိနေသလဲဆိုတာ ဟီးရိုးကိုယ်တိုင် ပဲ အသိဆုံးဖြစ်မှာပေါ့။

"ဟီးရိုး"

"အင်း"

"မင်း တို့နဲ့ပြန်လိုက်ခဲ့ပါကွာ နော်"

"ဟာ ... ဘယ်လမ်းပဲပြောင်းပေးပေး ဒီဘူတာပဲပြန်ဆိုက် တာပါပဲလား။ မလိုက်ဘူးကွာ၊ ငါပြန်လိုက်ရင် နီလာခင်ကို ရိုက်သတ် ပစ်မှာ"

"ဟေ့ကောင်"

"ဟင်"

ဟီးရိုး ဆတ်ခနဲထသွားတော့ ကျန်တဲ့နှစ်ယောက်လည်း ဆက်ထိုင်မနေနိုင်တော့။ တော်တော် အပြောရကျပ်တဲ့ကောင်ပါလား။ လွယ်တာကိုခက်အောင်လုပ်နေတာ သူ့။ မကြည့်ချင် မြင်လျက်သား

www.burmeseclassic.com



ဖြစ်နေတော့ရော ဘာဖြစ်လဲ။ ခပ်ကင်းကင်း ခပ်ရှင်းရှင်းနေပြီး စကား မပြောလို့ရတာပဲဥစ္စာ။

တော်ကြာ –

သူ အဲဒီလို မာနကြီးနေတာကပဲ ကိုယ့်နေရာသူများနေဖို့ ဖယ်ပေးသလို ဖြစ်မနေဘူးလား။

"ဟီးရှိန်"

"မင်း ပြန်မလိုက်ချင်နေပါ။ ဘယ်မှာနေတာလဲဆိုတာတော့ တို့ကို ပြောပြသင့်ပါတယ်ကွာ"

"မစဉ်းစားနဲ့"

"ကျွတ်"

"မင်းတို့ ငါ့ကို မမြင်ရတော့တာလဲ မဟုတ်တဲ့နဲ့။ နေ့တိုင်း တွေ့နေကြတာပဲ မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်"

"ငါ့မျက်နှာကို မြင်ချင်သေးတယ်ဆိုရင် ဆက်မမေးနဲ့"

ကဲ . . . မှတ်ကရော။ ဒီစကားပြောမှပဲ နှစ်ယောက်စလုံး ပါးစပ်ပိတ်သွားကြလေတော့၏။ ဒီလို မပြောချင်ပေမယ့် ပြောမှဖြစ်မှာမို့ ပြောလိုက်ရတာပါ။

*



## အခန်း (၁၃)

မနက်စောစောစီးစီး ဒေါ်စောမြ စံပယ်ပန်းတွေရောင်းဖို့ ထွက်ခဲ့စဉ် တူးတူးကလည်း သူ တာဝန်ယူထားတဲ့အလုပ်ကိုလုပ်ဖို့ အဘွား ဝယ်ပေးထားတဲ့ ကောက်ညှင်းပေါင်းထုပ်ကလေးနှင့် စံပယ်ပန်းကုံး လေးတွေကိုယူပြီး မြေးအဘွားနှစ်ယောက်ကိုယ်စီ အိမ်ပေါ်မှ ဆင်းခဲ့ ကြစဉ် –

"ဝုန်း"

"အမယ်လေး"

"ဟာ . . . ဘွားဘွား"

ဒေါ်စောမြ လှေကားပေါ်ကနေ ချော်ကျပြီး အောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပုံလျက်သားလေး လဲကျလေလျှင် –

"ဘွားဘွား ... ဘာဘာရေ၊ ကိုကြီးရဲ လုပ်ပါဦး"

တူးတူး အော်လည်းအော်၊ အဘွားဖြစ်သူကိုလည်း ပြေးဆင်းလာကာ ဆွဲထူလေ၏။

"အား ကျွတ် ကျွတ်"

"ဘွားဘွား ဘာဖြစ်သွားသေးလဲ ... ထ ထ"

"ဒေါ်လေး"

"အစေ ဘာဖြစ်တာလဲ"

"လှေကားပေါ်က ချော်ကျတာ ဘာဘ"

"ဟုတ်လား ... ဘာဖြစ်သွားသေးလဲ။ ဘယ်နာသွားသေးလဲ"

"အား ကျွတ် ကျွတ် ... ခြေချင်းဝတ်ထဲမှာ နာသွားတာ"

"ထကြည့်ပါဦး"

ဦးဘာတင် ဇနီးဖြစ်သူကို တွဲထူလိုက်တော့ ခြေထောက်က သိပ်ထောက်လို့နိုင်ပုံမရဘဲ ဒေါ်စောမြမျက်နှာက ရှုံ့မဲ့မဲ့။ တစ်နေ့လုပ်မှတစ်နေ့စားရတာမို့ စိုးရိမ်စိတ်ကလည်း ထိတ်ခနဲ။ အရင်တုန်းကဆို ဒီထက်ပိုဆိုးသေးတယ်လေ။ နောက်မှ သူ့ရဲကောင်းရဲ့ အကူအညီနဲ့ ဦးဘာတင်က ကိုယ်ပိုင်ဆိုက်ကားလေးနင်းခွင့်ရတာ။

ဒါကြောင့် –





ကျေးဇူးရှင် သူရဲကောင်းရဲ့ဆန္ဒကို ဖြည့်ဆည်းပေးဖို့ တစ်နေ့တစ်နေ့ ကောက်ညှင်းပေါင်းလေးဝယ်ပေးတာနှင့် စံပယ်ပန်းဖိုးအတွက် ကိုယ်တွေ တာဝန်ယူတာကိုလက်မခံ။ အရင်တုန်းကတော့ တစ်နေ့တစ်ခါ ရှင်းပေးပြီး နောက်ကျတော့ တစ်နေ့တာကိုတွက်ပြီး တစ်လစာ ပေးထားတတ်တာမျိုးမှာ တူးတူးအတွက် ကားခနဲ့ မုန့်ဖိုးလည်း ပါသေး၏။ တူးတူးအတွက် ကျောင်းစရိတ်ထောက်ပံ့နေတာလည်း သူပါပဲ။

အခု –

ကိုယ်တွေ ကျေးဇူးပြန်ဆပ်ခွင့်ရဖို့ အိမ်မှာလာနေသလား မှတ်ပါတယ်၊ ကြိုရာကျပမ်းအလုပ်လုပ်ပြီး လက်မခံတော့ခက်သား။

"ကျွတ် ကျွတ် ... ကျွန်မတော့ ပန်းရောင်းမသွားနိုင်တော့ဘူး ထင်ပါတယ် ကိုဘာတင်ရယ်"

"အဲဒီအတွက် ဒေါ်လေး စိတ်မပူပါနဲ့။ ကျွန်တော် သွားရောင်းမယ်"

"မဟုတ်တာကွယ်"

"မဟုတ်တာကို ဟုတ်အောင်လုပ်ရင် ဟုတ်ပါတယ်"

ပြောပြီး ဟီးရိုး ပြန့်ကျဲနေတဲ့ စံပယ်ပွင့်တွေကို လိုက်ကောက်လေတော့ –

"ထားလိုက်ပါ လူလေးရယ်။ ဦးလေး ကောက်ပါ့မယ်"

"ရပါတယ်၊ ဒါနဲ့ ဒီစံပယ်ပွင့်တွေကို ဘာလို့မသီတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေး''

''အဲဒါ ဖောက်သည်တစ်ယောက်က မသိရသေးတဲ့အပွင့်ပဲ လိုချင်တယ်ဆိုလို့လေ။ သူ့ဆီကို ဒေါ်လေး မနက်တိုင်း သွားပို့နေရတာ။ အဲဒီကောင်လေးက သူ့ချစ်သူအတွက် သူ့လက်နဲ့ ကိုယ်တိုင် သီပေးချင်လို့တဲ့''

''ဪ''

ချစ်သူအတွက် ကိုယ်တိုင်သီပေးချင်လို့တဲ့။ ဟီးရိုးကတော့ ကိုယ်တိုင်သီမပေးဖြစ်ပေမယ့် ကိုယ်တိုင်စံပယ်ပင်တွေကို ရေလောင်းပေးတဲ့သူ။ မိုးတွင်းဘက်တော့ မလိုအပ်ဘူးပေါ့။ ကိုယ်က လိုအပ်တဲ့ အချိန်မှာ အင်အားစိုက်ပေးတဲ့သူ။

''ကျွန်တော် သွားပို့ပေးပါ့မယ်။ ဒေါ်လေးလိပ်စာပဲ ပြောပါ''

''မြေးလေးနဲ့အတူတူသွားရမှာ။ မြေးလေး ပို့ပေးရတဲ့ခြံနဲ့ တစ်ခြံကျော်ကပါ''

''ဟင်''

ဒါဆို ချစ်လင်းပေါ့။ ဒီလိုကျပြန်တော့ ကိုယ်ရေလောင်းလို့ ပွင့်လာတဲ့ပန်းကို ချစ်လင်းက အဆင်သင့်ကောက်သီပေးတဲ့သူ ဖြစ်ပြန်ရော။ ဘာပဲဖြစ်ဖြစ် အရာရာကို မသိဟန်ဆောင်နေလိုက်တာ အကောင်းဆုံးပါပဲ။ ဒေါ်လေးက မသွားနိုင်တော့ဘူးဆိုတော့ –

''တူးတူး''





''ဗျာ''

''ဒါဆို မင်းနဲ့ငါ သွားရအောင်။ မင်းက အဲဒီခြံကလူကိုပို့။ ငါက မင်းပို့နေကျခြံကို သွားမယ်''

''ဟုတ်ကဲ့''

နှစ်ယောက်သား ထွက်သွားကြတော့ ဒေါ်စောမြမပြောတော့။ ပြောလို့ရမှာမှ မဟုတ်ဘဲလေ။ သူ့ရဲကောင်းက လုပ်မယ်ဆို လုပ်သွားမယ်ဆိုသွားရမှာ။

ဟီးရိုးနဲ့တူးတူး –

ဘတ်စ်ကားတိုးစီးပြီးလာခဲ့ကြရာ တူးတူးက ချစ်လင်းတို့ အိမ်ကိုသွား။ ဟီးရိုးက သံလွင်တို့ ခြံရှေ့မှာ ကောက်ညှင်းပေါင်းထုပ်ကလေးနဲ့ စံပယ်ပန်းကုံးလေးတွေကို ချိတ်ပြီး ရပ်ကြည့်နေစဉ်–

''ဟီးရိုး''

''ဟင်''

ပါးစပ်ကလည်းခေါ်ရင်း သံလွင်က ပြေးထွက်လာကာ –

''တရားခံမိပြီ၊ အဲဒီကောက်ညှင်းပေါင်းနဲ့ စံပယ်ပန်းတွေ နင် လာလာချိတ်ထားတာ မဟုတ်လား''

''အဟွန်း''

ဟီးရိုး ပခုံးကို တွန့်လိုက်ပြီး –

''ရှုးနေလား၊ နင့်ကို ငါက ဘာကိစ္စပို့ပေးရမှာလဲ။ အခုက

www.burmeseclassic.com



လမ်းကြုံလို့ ရပ်ကြည့်ရင်း ဒါတွေကို ဘယ်သူပို့တာလဲလို့ စဉ်းစားနေတာ''

''နှင့်အကြောင်းပြချက်က မခိုင်လုံဘူး ဟီးရိုး''

''နှင့်ကို ယုံပါလို့ ငါမပြောဘူး။ ငါမဟုတ်တာတော့ သေချာတယ်။ ယုံတာမယုံတာ နှင့်အပိုင်းပဲ''

''အခု နှင် ဘယ်ကိုလာတာလဲ''

''သူငယ်ချင်းတစ်ယောက်နဲ့ အဖော်လိုက်လာတာ။ သူက ဟိုဘက်ခဏသွားလို့ ငါက ဒီမှာစောင့်နေတာ''

''ဩော်''

သူငယ်ချင်းဆိုတော့ မမြင်ရမှန်းသိသိနဲ့ ဟိုကြည့်ဒီကြည့်ပြီး ဝမ်းနည်းသလိုလို။ ကိုယ်တွေထက်ပိုပြီးသံယောဇဉ်ဖြစ်မှာစိုးတာလေ။ ကိုယ်တွေနဲ့ တန်းတူဆိုရင်လည်း မကြိုက်ချင်။ ခဏတွေ့တုန်း သင့်အောင်ပေါင်းတဲ့သူငယ်ချင်းပဲ ဖြစ်ပါစေ။

''နှင် အိမ်ထဲကို ဝင်ပါဦးလား''

''မဝင်တော့ပါဘူး။ သူငယ်ချင်းက ပြန်လာတော့မှာ''

''နှင် အဲဒီသူငယ်ချင်းကို တော်တော်ခင်လား''

''အင်း ... ခင်တာပေါ့။ သူက အရမ်းချစ်ဖို့ကောင်းတာ''

''ဟင် ... မိန်းကလေးလား''

''ယောက်ျားလေးပါ''





စိုးထိတ်စွာဖြင့် သံလွင် ဘာလို့ ဒီလိုမေးမိသွားသည်မသိ။ တကယ်ဆို ယောက်ျားလေးဖြစ်ဖြစ် မိန်းကလေးဖြစ်ဖြစ် ကိုယ့်မှာ တားဆီးပိတ်ပင်ပိုင်ခွင့် ရှိလို့လား။ သူလည်း သူငယ်ချင်း၊ ကိုယ်လည်း သူငယ်ချင်းပဲဥစ္စာ၊ ကိုယ်တွေကိုပဲ ခင်ရမယ်၊ သူများကို မခင်ရဘူး ဆိုရင် ကိုယ်ပဲ အတ္တကြီးရာကျမှာပေါ့။

ဖြစ်စေချင်တာအမှန်ကတော့ –

ကိုယ်တွေကလွဲပြီး အခြားသူငယ်ချင်းမရှိစေချင်ပါဘူး၊ ကိုယ်တွေအပေါ် ခင်မင်မှုပေ့ါသွားလေမလားလို့ တွေးမိပြီး ခံစားလိုက်ရတဲ့ ခံစားချက်က ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုပဲ ကြွေသွားသလိုလို။

''ဘာလိုလိုနဲ့ စာမေးပွဲတောင်နီးလာပြီ။ နှင် စာရောကျက်ရဲ့လား ဟီးရိုး''

''ကျက်ပါတယ်၊ မိဘပေးတဲ့ အမွေအဖြစ် ထမင်းစားလက်မှတ်တော့ ငါ ရအောင်ယူမှာပါ''

''နှင် တကယ်ပဲ အိမ်ပြန်မလာတော့ဘူးလား''

''လေမဝယ်ရတိုင်း ပြောနေတယ် ထင်လို့လား။ ငါ့ဘဝ စုတ်ပြတ်သပ်သွားရင်တောင် ခွက်ဆွဲပြီး တောင်းစားမယ်။ နီလာခင်နဲ့ ငါက နေနဲ့လပဲ''

''လိုက်ဖက်ညီတယ်ပေါ့''

''တစ်ယောက်ရှိရင် တစ်ယောက်မရှိမှဖြစ်မယ့် နေနဲ့လလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောတာ''

''ဟီးရိုးရယ်''

အဲဒီလောက် မုန်းနေကြဖို့မလိုဘဲ မုန်းနေကြတာပါလား။ ဟိုတစ်ယောက်ကလည်း ဟီးရိုးအကြောင်းပြောရင် ခါးခါးသီးသီးပါပဲ။ ဘယ်ဘဝက ရေစက်ကြောင့် ဒီလို ခါးခါးသီးသီးဖြစ်နေကြသည် မသိ။

တကယ်ဆို မခေါ်ချင်နေကြပေါ့။ သူ့စည်းနဲ့သူ ကိုယ့်စည်းနဲ့ ကိုယ်နေကြရင် ရလျက်သားနဲ့ မျက်နှာမမြင်ချင်လောက်အောင်ကို ဖြစ်နေကြတာ။

''နင် မနီလာကို ဘာလို့ အဲဒီလောက်မုန်းနေတာလဲ''

''ဒယ်ဒီ့မိန်းမဖြစ်နေလို့''

''ဟင်''

''သူ့ရုပ်ရည် သူ့အသက်အရွယ်နဲ့ ငါ့ဒယ်ဒီကိုယူတာ စည်းစိမ်တွေမက်လို့အပြင် ဘာရှိဦးမှာလဲ''

''နင် အဲဒီလိုတော့ တစ်ဖက်သတ်မစွပ်စွဲသင့်ဘူး ဟီးရိုး။ သူတို့မှာ သူတို့အကြောင်းနဲ့သူတို့ ရှိနေတယ်ဆိုရင်ရော''

''တော်စမ်းပါ ... အဲဒီမိန်းမအကြောင်းပြောရင် ငါ နားခါး တွင်း ချဉ်ပြီး ဖင်လေချဉ်တက်တယ်။ ကြားနေရတာ နားမို့လို့ ဟိုဟာ သာဆို ရှုံ့ထားတယ်''





''ကြည့်စမ်း ... ဟီးရိုး နင်စကားပြောရင် သိပ်မိုက်ရိုင်းတာပဲ''

''ငါ မိုက်ရိုင်းတတ်တာ နင် ခုမှသိတာ မဟုတ်ဘူး''

''တော်ပြီ ... တော်ပြီ၊ နင်နဲ့ငါ စကားမပြောတော့ဘူး။ သွားတော့မယ်''

သံလွင် လှည့်ထွက်သွားလေလျှင် –

''ဟဲ့ ... ခက်''

ခေါ်သံကြောင့် လှည့်ကြည့်လိုက်တော့ ဟီးရိုးက ခြံတံခါးမှာ ချိတ်ထားတဲ့ စံပယ်ပန်းတွေကို မေးငေါ့ပြပြီး –

''ဒီကိစ္စတွေ ယူမသွားဘူးလား''

''နင့်ကြောင့် မေ့သွားတာ၊ ယူမှာ''

ခြေလေးဆောင့်ကာ လာယူပြီး ပြန်လှည့်ထွက်သွားသော သံလွင်ကျောပြင်ကိုကြည့်ပြီး ဟီးရိုး သက်ပြင်းချလိုက်မိ၏။ အချစ် ဆိုတာ ရယူပိုင်ဆိုင်ခြင်းတစ်ခုတည်းမှ မဟုတ်ဘဲလေ။ စွန့်လွှတ်ပေး ဆပ်ခြင်းတစ်ခုတည်းလည်းမဟုတ်။

အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုလို့ရတဲ့ အထဲမှာ ဟီးရိုးရဲ့အချစ်က ရွှေငါးလေးကို မှန်ပုံးထဲထည့်ပြီး နေ့စဉ် အလှကြည့်နေရုံသက်သက် ဆိုတာမျိုး။

ဖွင့်ပြောဖို့ကျတော့လည်း –



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှာ ဖွင့်ဟဝန်ခံထားတာ သူငယ်ချင်းပဲလေ။ သူဖွင့်ပြောပြီးမှ ကိုယ်ကပြောရင် သစ္စာမရှိရာကျမှာပေါ့။ ချစ်ခဲ့တာ ဟိုတုန်းကတည်းကပေမယ့် အကြောင်းကြောင်းတွေကြောင့် ဖွင့်မပြောဖြစ်ခဲ့တာ။

ခုတော့ အလှကြည့်သက်သက်နဲ့ ကိုယ်က ဆူးခက်အဖြစ်ကာရံပေးရုံပဲရှိတော့တာပေါ့။

"ကိုကြီးရဲ့"

"ဟင် . . . ဩော် . . . မင်းပြန်လာပြီလား"

"ဟုတ် . . . ပြန်ကြမယ်လေ"

"အင်း"

ခေါင်းညိတ်ပြပြီး တူးတူးနဲ့အတူ ပြန်ခဲ့သည့်လမ်းမှာ လူသာပါလာခဲ့ပြီး စိတ်က ခက်အနားမှာကျန်ခဲ့သလို။

*



## အခန်း (၁၄)

သံလွင်တို့စာမေးပွဲပြီးသွားတော့ ဟီးရိုးနဲ့မတွေ့ရတော့ပဲ ချစ်လင်းနဲ့သာ တစ်တွဲတွဲဖြစ်နေရတာ နှစ်ယောက်စလုံး ရင်ထဲမှာ တစ်ခုခုလိုနေသလို ရင်ထဲမှာဟာတာတာ။ လူတွေပြောလေ့ရှိကြပါတယ်။ လူဆယ်ယောက်တိုးတာမသိပေမယ့် လူတစ်ယောက်လျော့သွားရင် မနေတတ်ကြဘူးတဲ့။

"ဟီးရိုးကို သတိရလိုက်တာဟာ"

"တို့ကသာ သတိရနေတာပါဟယ်။ သူက သတိမရလို့မှ တို့ဆီကို မလာတာပေါ့"

"အေး . . အဲဒီကောင်မှာ အသည်းနှလုံးမှ ပါရဲ့လား မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



နေနိုင်လိုက်တာ''

''သူက နေနိုင်မှာပေါ့၊ သူငယ်ချင်းအသစ် ရနေတာလေ''

''ဟုတ်လား''

''ဟုတ်ပ့ါ''

မဲ့ရွဲ့ပြောလိုက်တဲ့ သံလွင့်မျက်နှာလေးကို ချစ်လင်း ငေးခနဲ ကြည့်မိသွား၏။ ဘယ်လိုပဲနေနေ ချစ်စရာကောင်းနေတဲ့ သံလွင့်ကို ကိုယ်က သူငယ်ချင်းအချစ်ထက် ပိုနေမိသည့်တိုင် သူ့ဘက်က တုံ့ပြန်မှုက သူငယ်ချင်းထက် မပိုနိုင်ဘူးတဲ့။

''ခက်''

''ဟင်''

''ဟီးရိုးကို လွမ်းတဲ့စိတ်ကို ဖြေဖို့ ငါ့မှာနည်းလမ်းတစ်ခုရှိတယ် သိလား''

''ဘာနည်းလမ်းလဲ''

ချစ်လင်း သံလွင်နှင့် နီးနီးကပ်ကပ်ဖြစ်အောင် ရွှေ့ထိုင်လိုက်ပြီး

''နင် ငါ့ကို ချစ်တယ်လို့ အဖြေပေးလိုက်လေ။ ချစ်သူတွေ ဖြစ်သွားတော့ ပျော်စရာကောင်းတာပေါ့''

''အံမယ် ... ချစ်လင်းစုတ် ဘာဆိုင်လို့လဲ''

''ဆိုင်တာပေါ့''

''ဟွန်း''





''ငါက နင့်ကို ချစ်နေတဲ့အကြောင်း ဖေဖေ့ကိုတောင် ဖွင့်ပြောပြီးပြီ။ ဖေဖေက သားတို့ အဆင်ပြေရင် တောင်းပေးမယ်တဲ့''

''မစဉ်းစားနဲ့''

သံလွင့်စကားကို ရင်ထဲမှာရှိတဲ့အတိုင်း ပြောလိုက်တာပါပဲ။ စိတ်ထဲမှာ လွတ်တဲ့ငါးကြီးတယ်လို့ ထင်နေတာမျိုး မဟုတ်သည့်တိုင် သူမ ဟီးရိုးကိုသတိရနေမိတာ ဘာကြောင့်လဲ။

စံပယ်ပန်းနဲ့ ကောက်ညှင်းပေါင်း နေ့စဉ် ဝတ္တရားမပျက် ခြံဝမှာ လာချိတ်ပေးနေတာ သူလားလို့ တွေးလိုက်မိတုန်းက ရင်ထဲမှာ လှိုက်ခနဲတောင် ခုန်သွားမိတာ။

ဒါပေမဲ့ သူမဟုတ်ဘူးတဲ့။ မယုံစရာမရှိအောင် ခုပဲ သူ နေနိုင်ရက်တာလေ။ စာမေးပွဲပြီးကတည်းက မတွေ့ရတာ ဘယ်မှာ နေမှန်းလည်း မသိ။ သူဘာတွေလုပ်နေလဲ၊ ဘယ်သူတွေနဲ့ အတူရှိနေမလဲ။ ကိုယ့်အဖြစ်က မီတဲ့လက်ကို ခါချပြီး မမီမကမ်းလက်ကိုမှ လှမ်းဆွဲချင်တာမျိုး ဖြစ်နေပြီလား။

''နင် ငါ့အပေါ် အဲဒီလောက်ရက်စက်နိုင်သလား ခက်''

''အချစ်ဆိုတာ ဈေးဝယ်သလို ဘယ်ပေးညှာယူနဲ့ အလဲအလှယ်လုပ်လို့ရတဲ့အရာ မဟုတ်ဘူး ချစ်လင်း။ ကိုယ်စိတ်မပါဘဲနဲ့ တုံ့ပြန်ရင် ရလဒ်က ဘာဖြစ်လာမလဲ။ သူငယ်ချင်းအချင်းချင်းမို့ ငါ နင့်ကို မညှာချင်လို့ ငြင်းနေတာ။ နင့်ကိုငါ တစ်ခုမေးမယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဘာမေးမှာလဲ"

"နင် အတုနဲ့အစစ် ဘယ်အရာကို လိုချင်သလဲ"

"အစစ်ပဲ လိုချင်တာပေါ့"

"ငါကလည်း နင့်ကို အတုတွေ မပေးချင်ဘူး"

ပြတ်သားလိုက်တာ ခက်ရယ်လို့ ရင်ထဲမှာ ရေးသွားရ၏။ မြင်နေကျမို့ ရိုးနေပြီး မချစ်နိုင်တာလား။ ကိုယ်ကတော့ တွေ့နေမြင်နေကျကိုပဲ သံယောဇဉ်တွေ ရစ်ပတ်ဖွဲ့နှောင်မိတာ တစ်နေ့တခြား တိုး၍ တိုး၍သာ။ ခက် ဘယ်သူ့ကို မျှော်လင့်နေတာလဲ။ ပိုင်ရှင်မဲ့ပန်းတွေကို ပန်ပြီး အဲဒီပိုင်ရှင်ကို မျှော်လင့်နေတာလား။

"ခက်"

"____"

"နင် တစ်ယောက်ယောက်ကို မျှော်လင့်နေတာလား"

"မျှော်လင့်တယ်ဆိုတာ ဘာကိုပြောတာလဲ၊ မသေချာ မရေရာတာတွေကို စိတ်ကူးယဉ်တာကို ပြောတာလား။ အဲဒါဆိုရင်တော့ ငါ ဘယ်သူ့ရယ်လို့ မမျှော်လင့်ဘူး ချစ်လင်း။ ငါ့နှလုံးသားကိုက အချစ်ဆိုတဲ့ သစ်ပင်စိုက်ဖို့ လက်မခံသေးတာ"

"စိုက်လို့ ရရင်ရော ငါ့ကို စဉ်းစားပေးမှာလား"

ချစ်လင်းရဲ့မျက်လုံးတွေက မျှော်လင့်ချက်တွေနဲ့ အရောင်လက်နေပေမယ့် သံလွင်က မတုန်မလှုပ်။ နောက်ဆိုလည်း စဉ်းစား





ပေးဖို့က အခက်သား။ အခုတောင် စဉ်းစားလို့မရတာလေ။

"မျှော်လင့်မနေပါနဲ့ ချစ်လင်းရယ်။ နောက်လည်း ငါ နင့်ကို ချစ်လာနိုင်လိမ့်မယ်လို့ မထင်ဘူး။ သူငယ်ချင်းလို ခင်နေကြတာပဲ ကောင်းပါတယ်"

သံလွင့်စကားလုံးတိုင်းက ချစ်လင်းအတွက် မျှော်လင့်ချက်ကင်းမဲ့နေတာမို့ မျက်နှာပျက်သွားမိ၏။ ကိုယ့်ရင်ထဲမှာ အခိုင်အမာရှိနေတာကို ပြန်နုတ်ဖို့ဆိုတာ ဖြစ်မှမဖြစ်နိုင်တာ။ ဟင်းအိုးလိုလည်း အပေါ့အငန်မြည်းပြီး လိုတာထက်ထည့်လို့မရ။ ကိုယ်ကပိုနေလို့ နုတ်ရခက်တာလေ။

"ငါ နင့်ကို ချစ်မိတာ ရင်ထဲမှာ အရမ်းလေးနက်နေပြီ ခက်။ ငါက နင့်ကို အဆုံးရှုံးမခံနိုင်လို့ ရအောင်ယူမယ်ဆိုရင်ရော"

"ဘာ"

"ငါ နင့်ကို ပိုင်ဆိုင်ချင်တယ်။ သူများရင်ခွင်ထဲ ထည့်မပေးနိုင်ဘူး။ ငါ့ကို ကြိုးစားခွင့်ပေးပါ"

"မျှော်လင့်ချက်ကြီးရင် ဆုံးရှုံးမှု များတတ်တယ်"

"ကိုယ့်အပေါ်မှာ မူတည်တာပါ"

"ဘယ်လိုပြောပြော မရပါလား။ ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး"

"ဘယ်လိုမှမပြောနဲ့ ထ"



www.burmeseclassic.com

www.burmeseclassic.com



ချစ်လင်းက ခက်လက်ကိုဆွဲပြီး ထခိုင်းလေလျှင် –

"ဟင် ... ဘယ်သွားမလို့လဲ"

"ပျင်းနေတာ မဟုတ်လား။ ရုပ်ရှင်သွားကြည့်မယ်။ အခု သမ္မတမှာ ရုံတင်ထားတဲ့ကားက အရမ်းကောင်းတယ်တဲ့"

"ဘာကားလဲ"

"တိုက်ဆိုင်မှုရှိလျှင်တဲ့"

အဲဒီကားကို သံလွင်ကြည့်ချင်နေတာမို့ ချက်ချင်းပဲ ထရပ်လိုက်၏။ ပျင်းနေတာကလည်း တကယ်၊ ဒီအတိုင်းထိုင်နေရင် ဟိုတွေး ဒီတွေးနဲ့ စိတ်ရှုပ်နေရဦးမှာ။

"အဲဒါဆို ငါ အဝတ်သွားလဲလိုက်ဦးမယ်"

"မကြာစေနဲ့နော်"

"အေးပါ"

သံလွင် အိမ်ထဲသို့ ခပ်သုတ်သုတ်ဝင်လာခဲ့စဉ် –

"သံလွင်"

"ရှင်"

"သုတ်သီးသုတ်ပျာနဲ့ ဘယ်လိုဖြစ်လာတာလဲ"

"ရုပ်ရှင်သွားကြည့်မလို့ မမ"

"ချစ်လင်းနဲ့လား"

"ဟုတ်"





"နင့်ကို ငါပြောစရာ ရှိသေးတယ်"

လှေကားသုံးထစ်တက်ပြီးမှ ပြန်လှည့်ကြည့်နေတဲ့ သံလွင် မမက ပြောစရာရှိတယ်ဆိုတာနှင့် ချက်ချင်းပဲ ပြန်ဆင်းလာခဲ့၏။

"မမ ဘာပြောစရာရှိလို့လဲ ပြောလေ"

"ငါ မနေ့က အိပ်ရာစောစောထပြီး နင့်ရဲ့ စံပယ်ပန်းပိုင်ရှင် ဘယ်သူလဲလို့ စောင့်ကြည့်နေတာ"

"တွေ့လား"

"တွေ့တယ်"

တွေ့တယ်ဆိုတော့ ဘယ်သူလဲ ဘယ်လိုပုံစံလဲဆိုတာ သံလွင် မသိချင်ဘဲ ရှိပါ့မလား။ မမြင်ရတဲ့ သံယောဇဉ်ကြိုးက ပိုပြီး ခိုင်မာသလားတော့ မသိ။ ရင်ထဲမှာ တွယ်ငြိနေတာသည် အဲဒီ မမြင်ဖူးတဲ့သူပဲလေ။ နေ့စဉ် ဝတ္တရားမပျက်ရောက်လာတဲ့ စံပယ်ပန်းကုံးတွေက သံလွင့်နှလုံးသားကို ချည်နှောင်နေတဲ့ ကြိုးတွေပါပဲ။

"သူက ဘယ်လိုပုံစံမျိုးလဲဟင် မမ"

"စိတ်ဝင်စားနေပြီလား"

"ဝင်စားတာပေါ့။ သံလွင် သိချင်နေတာပဲဥစ္စာ"

"အဟင်း"

ဝေမာ ပြောရမှာပင် အားနာနေသလို ရယ်လိုက်မိ၏။ ပြောရင် သံလွင် အံ့ဩမှာ ကျိန်းသေ။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဘာရယ်နေတာလဲ မမရဲ့။ ဒီက သိချင်လို့ပြီး ပြောစမ်းပါ။ သူက ဘယ်လိုပုံစံမျိုးလဲဟင်"

"အသက်က တော်တော်ကြီးနေပြီ သံလွင်ရဲ့"

"ဟင်"

"ရုပ်ကတော့ စိတ်ရှိလက်ရှိ ဖက်နမ်းချင်ဖို့ကောင်းအောင် ချစ်ဖို့ကောင်းတာ"

"မမစကားကလည်း ဘာတွေမှန်းမသိဘူး။ အသက်တော်တော်ကြီးနေတဲ့သူက ဘယ်လိုလုပ်ပြီး ချစ်ဖို့ကောင်းတော့မှာလဲ"

သံလွင်ပြောတော့ ဝေမာက ပိုရယ်လေ၏။ ပြီးတော့ စံပယ်ပန်းနဲ့ ကောက်ညှင်းပေါင်းထုပ်ကို မော့ချိတ်နေစဉ် လှုပ်စိ လှုပ်စိဖြစ်နေတဲ့ ဆံပင်ပျော့လေးတွေကို မြင်ယောင်ကြည့်မိပြီး –

"အသက်ကတော့ အရမ်းကိုကြီးနေပြီ။ ဘယ်လိုမှ မဖြစ်နိုင်ဘူး သံလွင်ရေ။ စိတ်သာလျှော့လိုက်တော့"

"ပြောပါဦး ဘယ်လောက်ရှိလို့လဲ"

"ကိုးနှစ် ဆယ်နှစ်လောက်ပဲ ... အဟွန်း"

"ဘယ်လို ... ဒါဆို ကလေးပေါ့"

ဝေမာက ရယ်ပြီး ခေါင်းညိတ်ပေမယ့် သံလွင့်မှာ မရယ်နိုင်။ သံလွင်မမြင်ဖူးတဲ့ စံပယ်ပန်းပိုင်ရှင်က ကလေးတဲ့လား။ မဖြစ်နိုင်ဘူး။ ဒါ တစ်ယောက်ယောက်က နိုင်းတာပဲဖြစ်ရမယ်။ မဖြစ်သေးပါဘူး။





သံလွင်ကိုယ်တိုင် စောင့်ဖမ်းပြီးမေးမှဖြစ်မှာ။

"မမ အဲဒီကလေးကို ဘာမှ မမေးလိုက်ဘူးလား"

"မမေးလိုက်ရပါဘူးဟယ်၊ ကလေးက ချိတ်ပြီး အတင်းပြန်ပြေးတာ"

"ဒါ တစ်ယောက်ယောက်နိုင်းတာပဲဖြစ်မယ်"

"သေချာတာပေါ့။ ကလေးကတော့ နှင့်ကို ပိုးကြေးပန်းကြေးနဲ့ လာဆက်သပါ့မလား"

"ကျွတ်"

ကိုယ်သာဆို အဲဒီကလေးနောက်ကို ပြေးလိုက်ပြီးမေးမိမှာ။ မမဆိုတော့ အဲဒီအထိ ဘယ်စိတ်ဝင်စားပါ့မလဲ။ သံလွင် မမကို နားလည်ပေးလိုက်ခြင်းဖြင့် –

"တစ်နေ့နေ့ သံလွင်ကိုယ်တိုင် စောင့်ကြည့်မယ်"

"အံမယ် ... အအိပ်ပုပ်မကများ"

"နောက်နေ့ မပုပ်ဘူး ကြည့်နေ"

"အေးပါ ... အေးပါ။ ကဲ ... သွားတော့ သွားတော့"

မမရှေ့က ထွက်လာခဲ့တဲ့ သံလွင့်ရင်ထဲမှာ မေးခွန်းပေါင်းများစွာ။ ပိုင်ရှင်မဲ့ ပန်းကလေးတွေကို ဒီကလေးပဲ နေ့တိုင်းလာပို့နေတာလား။

✵



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ဟိုးရိုး သူ့ရဲ့ခပ်ရှည်ရှည်ဆံပင်တွေကို ညှပ်ပြီးပြီဆိုတာနှင့် ချောမောတဲ့သူ့မျက်နှာက ရှင်းသန့်စွာ ပို၍ပေါ်လွင်သွား၏။ အရင်လို တန်ဖိုးကြီးအဝတ်အစားတွေ မဝတ်နိုင်တော့ပေမယ့် တန်ဖိုးနည်း အဝတ်အစားတွေကပဲ သူ့ကိုယ်ပေါ်မှာ တန်ဖိုးကြီးနေသလို။

ဒီနေ့ တူးတူးရဲ့ ဆယ်နှစ်မြောက်မွေးနေ့တဲ့။

ဒါကြောင့် ... တူးတူးကို ကစားကွင်းလိုက်ပို့မယ်ဆိုပြီး ခေါ်လာခဲ့ကာ ဘတ်စ်ကားပေါ်က ဆင်းပြီး လမ်းလျှောက်လာစဉ် -

"ဟဲ့ ... ဟိုမှာ ဟိုမှာ"

"ဟင် ... ဘာလဲ"





"သူ့ရဲ မဟုတ်လား"

"သူ့ရဲဆို ခြောက်မှာပေါ့ ပြေးရအောင်"

"ငါပြောတာက သူ့ရဲကောင်းကို ပြောတာဟဲ့"

"ဘာသူ့ရဲကောင်းလဲ။ ချစ်သူ သူ့ရဲကောင်းလား။ အထိုး အကြိတ်ကျွမ်းတဲ့ သူ့ရဲကောင်းလား"

"အကောင်းပြောတာကို နောက်မနေနဲ့နော်။ ငါပြောတာ တို့သူငယ်ချင်း နီလာခင်ရဲ့သားတော်မောင်နာမည် သူ့ရဲကောင်းကို ပြောတာ"

"ဟုတ်လား"

ဒီတော့မှ မြင်လျက်နှင့် ပြုံးပြီလိုက်ကြည့်နေသူကို ဟီးရိုး ဆတ်ခနဲ လှည့်ကြည့်ပြီး မျက်နှာက တင်းခနဲဖြစ်သွား၏။ ပြောလိုက်တဲ့ စကားက ခွေးကိုက်ခံရသလိုပါပဲ။ နီလာခင်ရဲ့သားတော်မောင်တဲ့။ ဒီမျက်နှာတွေကို မမှတ်မိပေမယ့် မြင်တော့မြင်ဖူးနေသလိုပါပဲ။

"လှည့်ကြည့်တယ်တော့"

"နီလာ ဘယ်ရောက်သွားလဲ"

"လာပြီ"

တစ်ဆက်တည်း နီလာခင်ကိုပါ မြင်လိုက်ရတော့ ဒေါသက အလကားနေရင်း ထွက်ပြန်ရော။ ခြေလှမ်းတွေက ရှေ့ဆက်လို့မရ။ ဒီမိန်းမကိုမြင်ရင် ပက်ပက်စက်စက်ကို ပြောပစ်ချင်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးရဲ သွားမယ်လေ"

"ခဏနေဦး"

ဘာဆက်ပြောကြဦးမလဲလို့ ကားစောင့်သလိုလိုနှင့် ရပ်နေမိစဉ် –

"ဟဲ့ နီလာ ... ဟိုမှာ နှင့်ရဲ့သားတော်မောင်"

"ဟင်"

"နှင်နဲ့ရန်မဖြစ်ရလို့ စိတ်ချမ်းသာနေတယ်ထင်တယ်။ ပိုချောလာသလိုပဲ"

"ကားစောင့်နေတာထင်တယ် သနားပါတယ်"

"ရတနာ နှင် သွားမေးလိုက်ပါလား။ တကယ်လိုအပ်ရင် နှင့်ကားပေးလိုက်လေ"

"သူ့မှာ ကလေးနဲ့ဟဲ့။ ဘယ်အချိန်က ရလိုက်တယ်မသိဘူး"

သူငယ်ချင်းတွေ ပြောတဲ့စကားသံတွေက နီလာ့နားထဲကို မဝင်။ သူရဲကောင်းကို မြင်လိုက်ရပြီဆိုတာနှင့် ဒေါသကထိန်းလို့မရအောင် ထွက်ချင်တာ။ ဒီကောင် ဂြိုဟ်ကောင်။ အရင်တုန်းကမှဦးက နီလာ့ကို ဂရုစိုက်ဖော်ရသေးတယ်။

အခုဆိုရင် –

သူ့သားအကြောင်းပဲစုံစမ်းနေပြီး သားစိတ်နဲ့ နီလာ့ကို ဂရု





မစိုက်တော့။ အသက်ကြီးကြီး ယောကျ်ားယူထားပြီး ဂရုစိုက်မခံရတော့တရားခံက သူ့ပဲဆိုပြီး ပိုရွံတင်းမာနေတာ နီလာလွန်သလား။ နီလာဘက်ကတော့ တည်မိတဲ့ဘုရား လင်းတပဲနားနားဆိုပြီး တစ်လင်တစ်မယားစနစ်ကို ကျင့်သုံးဖို့ ကိုယ့်ယောကျ်ားကို ချစ်နိုင်အောင်ကြိုးစားခဲ့တာ။

သူ့ဘက်ကကျတော့ –

သူ့သားထက် ကိုယ့်ကိုပိုပြီး အလေးမထားနိုင်ဘူးလေ။ အပျိုဖြစ်ပြီး အသက်ကြီးကြီး မုဆိုးဖိုကိုလည်း ယူရသေးရဲ့။

ကိုယ်ဖြစ်ချင်တာတွေ ဖြစ်ခွင့်မရတိုင်း ကိုယ့်ဘက်က ရှုံးပြီးချင်း ရှုံးနေခဲ့တာ။

"နီလာ"

"----"

"ဟဲ့ ... နီလာ"

"အင်"

"သွားမေးလိုက်ပါဟဲ့ ... ဘယ်သွားမှာလဲလို့"

နီလာ့ခြေလှမ်းတွေ သူရဲကောင်းဆီသို့ ဦးတည်လာခဲ့၏။ သူငယ်ချင်းတွေ မေးခိုင်းတာမေးဖို့တော့ မဟုတ်ပေ။ ကိုယ် မကျေနပ်တာတွေ ပြောချင်လို့။

"သူရဲကောင်း"



www.burmeseclassic.com

www.burmeseclassic.com



"ပြောစရာရှိမယ်ဆိုတာသိလို့ ရပ်စောင့်နေတာ ပြော"

နှစ်ယောက်စလုံးရဲ့မျက်နှာတွေက ပြတ်ထွက်စေ ပေါက်ထွက်စေလို့ ကြိမ်ဆိုထားတဲ့အတိုင်းပါပဲ။

"နှင် အိမ်ပြန်လာခဲ့ပါ"

"စေတနာမပါဘဲနဲ့ မခေါ်ပါနဲ့"

"စေတနာနဲ့ ဟုတ်လား။ နှင်က စေတနာကို စေတနာမှန်းသိမှာစိုးလို့လား။ ဝေးသေးတယ်၊ နှင့်ကို စေတနာထားဖို့ ငါက မှန်လိုပဲ ကျင့်သုံးတာ"

"ကျွန်တော့်ဘက်ကလည်း ခင်ဗျားလို ထပ်တူထပ်မျှပဲ။ ပိုချင်သာ ပိုသွားမယ်"

"သိပါတယ်၊ အခု နှင့်ကို ပြန်လာဖို့ပြောနေတာ နှင့်အဖေကြောင့် သိလား"

"ဒယ်ဒီ ဘာဖြစ်လို့လဲ"

"နှင့်စိတ်နဲ့ အိပ်ရာထဲ မလဲရုံပဲရှိတယ်။ နှင့်ကြောင့် သေသွားတယ်လို့ ပုဒ်မအတပ်မခံချင်ရင် ပြန်လာခဲ့ဖို့ ပြောနေတာ"

ဟီးရိုး တွေခနဲဖြစ်သွား၏။ ဒယ်ဒီက အဲဒီလောက်ဖြစ်အောင် သူ့ကို ချစ်သေးတယ်တဲ့လား။ အရင်ကချစ်တာကိုသိပေမယ့် အပြစ်မြင်လာမိတာ နီလာခင်ဆိုတဲ့မိန်းမကြောင့်။ ဘာပဲဖြစ်ဖြစ် ကိုယ့်ကြောင့်တော့ ဒယ်ဒီ့ကို ဘာမှ မဖြစ်စေချင်ပါဘူး။





"ခင်ဗျားပြောချင်တာ ဒါပဲလား"

"မပြီးသေးဘူး"

"ဆက်ပြော"

"နှင့်အဖေက နှင့်ထက်ပိုပြီး ဘယ်သူ့ကိုမှ မချစ်နိုင်ဘူးဆိုတာ ပြောမလို့ပါ။ နှင် ဝင်းသာလိုက်တော့ သူ့ရဲကောင်း၊ အခု နှင့်အဖေငါ့ကို လုံးဝဂရုမစိုက်ဘူး"

"ကောင်းတာပေါ့"

"အေး ... ကောင်းပ့ါ။ ငါ့ဘက်ကတော့ ရှုံးပြီးရင်းရှုံးပဲ။ အသက်ကြီးကြီး မုဆိုးဖိုကိုယူထားပြီး ကိုယ်က ငယ်တဲ့သူရယ်လို့ ဘာအခွင့်အရေးမှ တောင်းဆိုခွင့်မရခဲ့ဘူး။ ငါက နှင့်အဖေ ပေးသလောက်ယူပြီး ကျွေးသလောက်ပဲစားနေရတဲ့ မိန်းမပါ။ ဒါ အသနားခံတာ မဟုတ်ဘူး။ အမှန်တရားကို နှင်သိအောင် ပြောပြတာ"

ပြောလိုက်ပုံက နာနာကြည်းကြည်းပါပဲ။ ကိုယ်ကပဲ သနားပြီး အိမ်ပြန်ရမလိုလို။ သူက သနားစရာမိန်းမ မဟုတ်ပေမယ့် ဒယ်ဒီကို သူ ငဲ့ဖို့တော့လိုပြီ။ စိတ်ထောင်းတော့ ကိုယ်ကြေတဲ့။ ကိုယ့်စိတ်နဲ့ စိတ်ဆင်းရဲတာမျိုးတော့ မဖြစ်စေချင်တာကြောင့် –

"ကောင်းပြီလေ၊ ကျွန်တော် ပြန်လာခဲ့မယ်။ အရှက်မရှိ မျက်နှာပြောင်တိုက်ပြီး ပြန်လာတာမျိုးတော့ မဟုတ်ဘူး။ ဒယ်ဒီ့ကို ငဲ့ပြီး ပြန်ငဲ့တယ်ဆိုတာ ခင်ဗျား နားလည်ပေးပါ။ ဒါပေမဲ့ ... ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သူရှိတုန်းဆိုပြီး ချက်ချင်းပြန်လာမှာ မဟုတ်ဘူး။ ဒယ်ဒီ့ကို ပြောလိုက် တစ်ပတ်ပြည့်ရင် ကျွန်တော် ပြန်လာခဲ့မယ်လို့''

''ငါကလည်း နင်သိအောင် ပြောရဦးမယ်''

''ဘာလဲ''

''ငါ နင့်အဖေကိုလက်ထပ်ခဲ့တာ နင်တို့ရဲ့စည်းစိမ်ချမ်းသာတွေကို မက်မောလို့မဟုတ်ဘူး''

ဒါဆို ဘာကိုမက်မောတာလဲလို့ ချက်ချင်းပြန်မပြောဖြစ်ဘဲ မျက်မှောင်သာ ကြုတ်သွားမိ၏။

''ဒါဆို ဘာကို မက်မောတာလဲလို့ နင် မမေးတော့ဘူးလား။ နင်မမေးလည်း ငါဖြေမယ်။ ငါ နင့်အဖေကိုလက်ထပ်ခဲ့တာ ငါ့ရဲ့ အရှက်နဲ့ ဂုဏ်သိက္ခာအတွက်ပဲ''

''ဩော် ... ဩော်''

အကောင်းဩော်လိုက်တာ မဟုတ်မှန်းသိပေမယ့် ကိုယ်ကလည်း ကိုယ့်ဘက်က အမှန်တရားကိုသိစေချင်တာမို့ –

''နောက် ရှိသေးတယ်''

''ဘာလဲ''

''နင်ယုံတာ မယုံတာကတော့ နင့်အပိုင်းပါ။ နင့်အဖေအပေါ်မှာ ငါ သစ္စာရှိသွားမယ်''

''ခင်ဗျားပြောချင်တာ ကုန်ပြီလား''





''ကုန်ပြီ''

ကုန်ပြီဆိုတာနှင့် ကလေးကို လက်ဆွဲထွက်သွားတဲ့ ခြေလှမ်းတွေက ခြေဖနောင့်မှာ မျက်စိတစ်စုံပါရင်တောင် နီလာကို ထပ်မြင်ရမှာစိုးလို့ မိတ်သွားချင်တာမျိုးပါ။

✵



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ဒီနေ့တော့ သံလွင် စောစောထပြီး သနပ်ခါးပင်မလိမ်းနိုင်၊ သွားတိုက်၊ မျက်နှာသစ်ပြီး ရေလည်းမချိုးနိုင်သေးပါဘူး။ ကမန်းကတမ်း ခြံတံခါးဆီကိုသာ အာရုံစိုက်ပြီးထွက်လာခဲ့စဉ် –

"ဟဲ့ သမီးငယ်"

"ရှင်"

"ဒီနေ့မနက် စောစောစီးစီး အိပ်ရာက ထလို့ပါလား။ ဘယ်သွားစရာရှိလို့လဲ"

"ဘယ်မှသွားစရာမရှိပါဘူး မေမေရဲ့။ ခြံတံခါးမှာ ပန်းလာချိတ်နေတာ ဘယ်သူလဲဆိုတာ သိချင်လို့ ဒီနေ့ အမိဖမ်းမလို့လေ"





"သြော်"

ပြောပြီးထွက်သွားတဲ့ သမီးကို ချက်ချင်းပဲ ပြောစရာရှိသွားပေမယ့် မပြောဘဲ ဒေါ်မာမာခက် မျိုသိပ်ထားလိုက်၏။ တစ်နေ့လုံး ပြောချိန်တွေ ရှိနေသေးတာပဲလေ။

သူ့မဆန္ဒကတော့ ဘယ်သူမှန်း မသိတဲ့လူကို သမီးငယ် စိတ်ဝင်စားနေမှာစိုးတာပါ။ ဘယ်သူမှန်းတောင် မသိတာ ဘယ်လို အသိုင်းအဝိုင်း၊ ဘယ်လိုအဆင့်အတန်း၊ ဘယ်လိုအကျင့်စာရိတ္တ ရှိလဲဆိုတာ သိဖို့ဝေးစွ။

ချစ်လင်းက သမီးငယ်ကို ချစ်နေတဲ့သူ။

တကယ်ဆို ချစ်လင်းက အဖက်ဖက်မှ ပြည့်စုံသူမို့ ချစ်လင်းနဲ့ပဲ ဖြစ်စေချင်တာ။

သမီးငယ်က ချစ်လင်းကို ပြန်မချစ်တော့ ခက်နေတာပေါ့။ လူကြီးချင်းတိုင်ပင်ပြီးပဲ လက်ထပ်ပေးရကောင်းမလား။

"မာ"

"___"

"မာ"

"ဟင်"

အနားကိုကပ်ပြီး ကျယ်ကျယ်ခေါ်မှ လန့်ဖျပ်ထူးရင်း လှည့်ကြည့်လိုက်တော့ –



www.burmeseclassic.com

www.burmeseclassic.com



"ကိုမောင် ဘာလဲဟင်"

"တစ်ယောက်တည်း တွေတွေကြီးရပ်ပြီး ဘာလုပ်နေတာလဲ"

"ဘာမှမလုပ်ပါဘူး . . . ရှင့်သမီးငယ်အကြောင်း တွေးနေတာ"

"သမီးငယ်က ဘာဖြစ်လို့လဲ"

"ကျောင်းကလည်း ပြီးသွားပြီလေ။ သမီးငယ်ကို ချစ်လင်နဲ့ နေရာချထားပေးရင် ကောင်းမလားလို့"

"ဟာ . . . မင်းကလည်း သမီးကြီးတောင် အိမ်ထောင်မပြု သေးတာကို။ နောက်ကားက ကျော်တက်သလို ဖြစ်နေမှာပေါ့"

"ရှင် မသိပါဘူး"

"ဟာ . . . ဟေ့"

ဒေါ်မာမာခက် ဆက်မပြောချင်သလိုထွက်သွားတော့ ဦးဆန်းလွင်မောင်က နောက်မှ လိုက်လေ၏။

သံလွင်ကတော့ –

ခြံတံခါးဆီကိုရောက်လာပြီး ကြည့်လိုက်တော့ ရောက်နေကျ အရာလေးတွေက မရောက်သေးပေ။ ဒါကြောင့် ခြံပြင်ထွက်လာခဲ့ပြီး လာမယ့်သူကိုဖမ်းဖို့ ခပ်လှမ်းလှမ်းမှာ လမ်းလျှောက်နေမိတာ ခေါက်တုံ့ ခေါက်ပြန်။





"ဟော"

စံပယ်ပန်းတွေကိုင်လာတဲ့ ကလေးတစ်ယောက်ကိုမြင်တော့ မမပြောတဲ့ ကလေးလားလို့ မျက်စိကို ဖွင့်၊ နားကိုစွင့်ကာ ကြည့်နေမိပြီး နောက်မှ ဘာလုပ်ရမလဲတွေးမိကာ –

"ဟိတ် . . . ဟိတ်"

"ဖြောင်း . . . ဖြောင်း"

ပါးစပ်ကလည်းခေါ် လက်ခုပ်လည်းတီးတော့ ချာတိတ်က လှည့်ကြည့်ပြီး –

"မမ သားကို ခေါ်တာလား"

"ဟုတ်တယ်"

"ဟုတ် . . . ဘာပြောမလို့လဲ မသိဘူး"

"စံပယ်ပန်းတွေ ရောင်းတာလား"

"မဟုတ်ဘူး မမ"

"ဟင် . . . ဒါဆို ဘယ်သူ့ကိုပေးဖို့လဲ"

"ဒီခြံမှာ ချိတ်ထားဖို့ပါ"

"ဘယ်သူ့အတွက်လဲ"

"မမ သံလွင်ခက်အတွက်ပါ"

"ဘယ်သူပို့ခိုင်းတာလဲ"

"ဟာ . . . မမစကားက လဲတွေချည်းပဲ။ သားခြေထောက်



www.burmeseclassic.com

www.burmeseclassic.com

တွေတောင် လဲကျတော့မယ်''

ကောင်လေးက ခေါင်းကုတ်ပြီး ပြောလိုက်ပုံမှာ ချစ်စရာ။ ဒါဆို နေ့တိုင်း ဒီကလေးပဲ လာလာပို့နေတာပေါ့။ စကားကလည်း တတ်လိုက်တာ။

ကိုယ်မေးတာကိုပဲ မဖြေချင်လို့ ဆင်ဝှေ့ရန်ရှောင် လုပ်နေတာလား။

''မင်း မမသံလွင်ခက်ဆိုတာကို မြင်ဖူးလား''

''ဟင့်အင်း . . . မမြင်ဖူးပါဘူး''

''သံလွင်ခက်ဆိုတာ မမလေ မောင်လေးရဲ့''

''ဗျာ''

တူးတူး မျက်လုံးလေးဝိုင်းကာ ခြေလှမ်းက နောက်ဆုတ်သွားမိ၏။ ကိုကြီးရဲ့ကမှာထားသည်လေ။

တကယ်လို့ အဲဒီအိမ်ရှင် တစ်ယောက်ယောက်နဲ့တွေ့ခဲ့ရင် ဘယ်သူပို့ခိုင်းတာလဲ၊ ဘယ်သူလဲ မေးမေး ပြောမပြရဘူးတဲ့။ အခု တည့်တည့်တိုးတော့ မမသံလွင်ခက်နဲ့။

တူးတူးစိတ်ကို သံပတ်ပေးလိုက်၏။

မပြောရဘူး။

ဘယ်သူဘာပဲမေးမေး ဒီကိစ္စနဲ့ပတ်သက်ပြီး ပြောလို့ မဖြစ်ပါဘူး။ ပြောလိုက်တာ ကိုကြီးသိရင် စိတ်ဆိုးမှာ။





''မမကိုပေးဖို့ဆိုရင် ပေးလေ''

''ဟုတ်''

မရဲတရဲနှင့် ကမ်းပေးလိုက်ပြီး ချက်ချင်းပြန်လှည့်ထွက်ဖို့ ပြင်တော့ –

''နေဦး''

သံလွင် တူးတူးလက်ကို ဆွဲထားလိုက်ပြီး –

''မင်းနာမည် ဘယ်လိုခေါ်လဲ''

''____''

''ဘာလဲ . . . မဖြေချင်ဘူးလား။ မမက မောင်လေးနဲ့ခင်ချင်လို့ မေးတာပါ''

''မမက သားကို တကယ်ခင်လို့လား''

''တကယ်ခင်တာပေါ့''

''ဒါဆို ပြောပြပါ့မယ်။ သားနာမည်က တူးတူးပါ။ ကျောင်းနာမည်က အောင်ထက်ပိုင်ပါ မမ''

''မမ မင်းနဲ့စကားပြောချင်တယ်။ အိမ်ထဲကို ခဏလောက် ဝင်ပါလား''

''ဟာ . . . အဲဒါတော့ ဝင်လို့မဖြစ်ဘူး မမရဲ့။ ကိုကြီးသိရင် သားကိုဆူမှာ''

''ကိုကြီး ဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



ထပ်မေးတော့ တူးတူးက မဖြေ။ သူ့မှာ အစ်ကိုရှိနေတာလား။ အစ်ကိုက ညီကို စေခိုင်းပြီး သံလွင့်ဆီကို စံပယ်ပန်းတွေ ပို့နေတာလားတော့မသိ။ အဲဒီအစ်ကိုဆိုတာ ဘယ်သူလဲ သိချင်စိတ်က ပြင်းပြနေလျက်။

"ဒါဆို မင်းအစ်ကိုကြီးနာမည်က ဘယ်သူလဲဟင်။ မမဆီကို ဒါတွေလာပို့ခိုင်းတာ သူလား"

"မဟုတ်ဘူး ... မဟုတ်ပါဘူး"

"မဟုတ်ဘူးဆိုရင် ဘယ်သူပို့ခိုင်းတာလဲ။ မမ မုန့်ဖိုးပေးမယ်လေ ပြောပြပါလား"

"သား သွားတော့မယ်"

"နေဦးလေ"

သံလွင့်လက်ကို ဆွဲထားတော့ တူးတူးက ရုန်းလေ၏။ မုန့်ဖိုး ဘယ်လောက်ပဲပေးပေး တူးတူးမမက်ပါဘူး။ သူက ကိုကြီးရဲ့ကိုချစ်တော့ ကိုကြီးရဲ့စကားကိုပဲ နားထောင်မှာဆိုတော့ –

"သားကို လွှတ်ပါ"

"နေပါဦး တူးတူးရဲ့"

"မမက ဟိုမေး ဒီမေးနဲ့ သားမဖြေချင်ဘူး။ သားကို လွှတ်ပေးပါ"

"ဟင်"





သံလွင်ကဆွဲ တူးတူးက ရုန်းနှင့် ဘာနှင့်တူနေမှန်းမသိ။ နောက်တော့ သံလွင် လွှတ်ပေးလိုက်တာနှင့် တူးတူးက ပြေးထွက်သွားတော့ သံလွင် မျက်ခုံးလေးကျုံ့ပြီး –

"ဟွန်း ... ဘယ်လိုကောင်လေးမှန်းမသိဘူး"

ပြောပြီး ခြေလေးဆောင့်ကာ သံလွင်လည်း ကိုယ့်အိမ်ဆီသို့ ပြန်လာခဲ့တော့၏။

*



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

''ခက်''

''ဘာလဲ''

ချစ်လင်းခေါ်လို့ထူးသည့်တိုင် သံလွင်က လက်သည်းနီဆိုး မပျက်။ ဒါကိုပဲ ချစ်လင်းရင်ထဲမှာ မခံချိမခံသာ။ ကိုယ်က ကိုယ်နဲ့ စကားပြောရင် လိုက်လိုက်လှဲလှဲ ရှိစေချင်တာ။

အခု . . . ခက်က အေးတိအေးစက်။ သူချစ်တယ်လို့ ပြောလိုက်မိတာ မှားနေပြီလား။

အရင်ကမှ ကိုယ့်ကို ဂရုစိုက်ဖော်ရသေးတယ်။ ချစ်တယ်လို့ပြောမိမှာပဲ စိမ်းကားနိုင်တော့ မခံစားနိုင်။





ဒီစကားကို ပြန်ရုပ်သိမ်းဖို့ကလည်း မဖြစ်နိုင်ဘူးလေ။ ကိုယ့်ရင်ထဲမှာ အချစ်တွေက အထက်ထမ်းပိုးတိုးလို့ မရနိုင်ဘူးဆိုမှ ပိုပြီးလိုချင်နေတာ။

''နှင် ငါနဲ့ တကယ်မလိုက်ဘူးလား''

''မလိုက်ပါဘူးဆို''

''ဘာဖြစ်လို့လဲ''

''ငါ အပြင်ထွက်ချင်စိတ် မရှိလို့ပါ''

''သူငယ်ချင်းအချင်းချင်း မျက်နှာပျက်အောင်လုပ်ပြန်ပြီ။ ကေကေက နှင့်ကိုလာခဲ့ဖို့ သေသေချာချာ ဖိတ်ထားတာကို။ လိုက်ခဲ့ပါ ခက်ရယ်။ ကေကေက စိတ်မကောင်းဖြစ်ဦးမယ်''

''နှင် သွားရင်ပြီးတာပဲလေ။ သူ့အတွက် မွေးနေ့လက်ဆောင် နှင်နဲ့ လူကြုံပါးလိုက်တာပဲဟာ''

''ခက်''

''တော်ပြီ . . . မပြောနဲ့တော့။ ငါ စိတ်မပါလို့ မလိုက်တာ။ ရှင်းပြီလား။ ကေကေ ငါ့ကိုမေးရင် နေမကောင်းဘူးလို့သာ ပြောလိုက်''

''ကျွတ်''

စိတ်ပျက်စွာ ခေါင်းခါလိုက်မိတော့၏။ ခက်မပါရင် သူလည်း မသွားချင်။ ဟီးရိုးရှိရင်တောင် တော်သေးတာပေါ့။ ခုတော့ ဟီးရိုးက



www.burmeseclassic.com

www.burmeseclassic.com



မရှိ၊ ခက်က မလိုက်။ တစ်ယောက်တည်း သွားရမှာ ဘယ်လောက် ပျင်းဖို့ကောင်းသလဲ။

ဒါကြောင့် –

"နင်မလိုက်ရင် ငါလည်း မသွားတော့ဘူး"

"ဟင်"

"ဟီးရိုးက မရှိ၊ နင်က ဥပေက္ခာပြုထားတော့ ငါ့အဖြစ်က ဘယ်လောက်အထီးကျန်ဆန်နေသလဲ သိလား"

"သေလိုက်ပါလား"

"ဖြစ်နိုင်ရင် သေချင်တာ၊ သေချင်စိတ်ကို ပေါက်နေတာ သိလား"

သံလွင် မျက်စောင်းထိုးပစ်လိုက်၏။ သေချင်တာ သေသွားတာမှ မဟုတ်ဘဲ။

"နင် ရစ်မနေနဲ့ ချစ်လင်း။ သွားမှာသာသွားစမ်းပါဟာ။ နင်မသွားလို့တော့ မဖြစ်ဘူးနော်"

"အံမယ်"

"အံမယ်မလုပ်နဲ့ ... နင်ကတော့ သွားမှကိုဖြစ်မှာ"

"တော်တော် တရားတာပဲ"

"နင်သွားမှာလား မသွားဘူးလား"

သူကျတော့မလိုက်ဘဲ ကိုယ့်ကျတော့ သွားမှဖြစ်မယ်ဆိုတော့





စိတ်က တိုချင်ချင်။

"သွားမယ် ... သွားမယ်"

ခပ်မာမာပြောလိုက်တော့မှ သံလွင့်မျက်နှာ မချိုမချဉ် ပြုံး၍–

"သူငယ်ချင်းလေးက လိမ္မာပါတယ်။ ငါ တကယ်ပျင်းနေလို့ မလိုက်တာ နားလည်ပေးနော်"

"သူငယ်ချင်းထက် နည်းနည်းပိုလိုက်ပါလား"

"လုံးဝ နိုးပဲ"

"နေပေါ့ ... ငါ လူကြီးတွေကို နားပူနားဆာလုပ်ပြီးပဲ နင့်ကို ရအောင်ယူတော့မယ်"

"အရှုး စိတ်ကူးယဉ်မနေနဲ့။ ရမယ်ထင်လို့လား"

"စောင့်ကြည့်"

ပြောပြီး ချစ်လင်း ထထွက်လာခဲ့သည့်တိုင် ရင်ထဲမှာ ဘာတွေလိုမှန်းမသိနဲ့ ဟာတာတာ။

ဟိုတုန်းက သုံးယောက်မခွဲတဲ့ အမြဲလိုလို အတူတူရှိခဲ့သမျှ ခုတော့ တစ်ယောက်တစ်ကွဲစီ။ ကကော့မွေးနေ့ကိုရောက်တော့လည်း သူမှာ ငိုင်တိငိုင်တိုင်။

"ချစ်လင်း"

"ဟင်"

"မင်းကြည့်ရတာ မလန်းလိုက်တာ၊ ဘာဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ငိုင်တိငိုင်တိုင်နဲ့"

လာမေးတာက ဇော်ဇော်ထွန်းပါ။ ရင်းရင်းနှီးနှီးကြီးမဟုတ်ပေမယ့် သူလည်း တစ်ကျောင်းတည်း အတူတူတက်ခဲ့ကြတဲ့ သူငယ်ချင်းလေ။

"စိတ်ညစ်နေတာလား"

"ညစ်တော့ ညစ်နေတာပဲ။ ဘာညစ်မှန်းကိုမသိဘူး ဖြစ်နေတာ"

"ဒါဆို တူနေပြီ"

"ဘာတူတာလဲ"

"ငါလည်း ငါ့ကောင်မလေး သူရှာပြန်သွားလို့ စိတ်ညစ်နေတာ"

"မင်းနဲ့ငါ ပြိုင်ရင် မင်းရှုံးမှာသေချာတယ်"

"ပြောပါဦး . . . မင်းက ဘာကိုစိတ်ညစ်တာလဲ"

"ငါက ခက်ကို ချစ်နေတာကွ။ ခက်က ငါ့ကို သူငယ်ချင်းထက် မပိုနိုင်ဘူးတဲ့။ ဟီးရိုးကလည်း အနားမှာမရှိတော့ ကိုယ့်စိတ်ကိုယ် ဘယ်လိုဖြေသိပ်ရမှန်းကို မသိဘူး"

"ဟ . . . မင်းဟာက သံလွင်ပြန်မချစ်လို့ ညစ်တာလား၊ ဟီးရိုးကိုလွမ်းလို့ ညစ်တာလား"

"နှစ်ခုစလုံးလို့ ထင်တာပဲ"





"ဟား ဟား ဟား ဟား"

ဇော်ဇော်ထွန်းက အသံထွက်အောင် ရယ်လေ၏။ သူ့အဖြစ်က ရယ်တော့လည်း ရယ်ချင်စရာ။ စိတ်ညစ်နေတာ သံလွင်ခက်ကြောင့်မှန်းမသိ၊ ဟီးရိုးကြောင့်မှန်းမသိ ဖြစ်နေတာ။

"ကဲပါ . . . အဲဒီညစ်နေတဲ့ စိတ်ကို ဆေးကြောဖို့ ဒီကအပြန် ငါနဲ့လိုက်ခဲ့"

"ဘယ်ကိုလဲ"

"စိတ်ညစ်တာတွေ ဆေးကြောမလို့ပါဆို သဘောမပေါက်ဘူးလား"

ပြောပြီး လက်မကိုထောင်ကာမော့ပြလေတော့ ချစ်လင်းသဘောပေါက်သွား၏။ ဒီရက်ထဲမှာ သူဘာလုပ်လို့ ဘာကိုင်ချင်မှန်းမသိ ဖြစ်နေတာ။ ပြေလိုပြေငြား လိုက်မည်ဟု ဆုံးဖြတ်လိုက်စဉ်မှာပဲ

"ဘယ်လိုလဲ လိုက်မှာလား"

"လိုက်မယ်ကွာ"

"OK"

လိုက်မယ်ဆိုပြီး မွေးနေ့ပွဲကအပြန် ဇော်ဇော်ထွန်းနဲ့အတူ ဆိုင်ထိုင်မိကြတယ်ဆိုရင်ပဲ –

"အိမ်ပြန်ရင် မင်းလိုက်ပို့ရမှာနော်"

"အေးပါ"



www.burmeseclassic.com

www.burmeseclassic.com



အရက်ဆိုတာ စိတ်ညစ်တာကို ပြေပျောက်စေတဲ့အရာလို့ ထင်နေကြသလားမသိ။ မူးလာတော့ ခံစားရသမျှ ရင်ဖွင့်သံတွေက သူတစ်ပြန်ကိုယ်တစ်ပြန်။

"ငါ ငါ့ကောင်မလေးကို တကယ်ချစ်တာကွ။ သူပြန်သွားတော့ ဆားမပါတဲ့ဟင်းကို စားနေရသလိုပဲ။ ရင်ထဲမှာ လိုအပ်ချက်တွေ များပြီး မပြည့်စုံဘူး ဖြစ်နေတာ"

"ဩော် . . . ငါကရော ခက်ကို အလကားချစ်တယ် ထင်လို့လား"

"ဘာလဲ . . . ပိုက်ဆံပေးပြီး ချစ်တာလား"

"ဟော့ကောင် . . . မင်း အထမကောက်နဲ့လေ။ ငါလည်း ခက်ကို စူးစူးနစ်နစ် မြတ်မြတ်နိုးနိုးနဲ့ တကယ်ကိုချစ်တာ။ ဆုံးရှုံးလိုက်ရရင်လို့ တွေးမိတိုင်း တကယ်မခံစားနိုင်ဘူး"

"ရောဂါချင်းကတော့ တူနေပြီ။ ဘယ်သမားတော်နဲ့ ကုကြမလဲ"

"ဒီရောဂါက ကုရန်နတ္ထိ ဆေးမရှိဘဲ ဥစ္စာ"

လူတွေက ဒီလိုပဲပြောကြတာပဲလေ။ အချစ်နဲ့ပတ်သက်လို့ စွဲကပ်တဲ့ရောဂါက ကုရန်နတ္ထိ ဆေးမရှိတဲ့။ တကယ်တော့ အချိန်ဆိုတဲ့ သမားတော်က ကုစားတတ်ပါတယ်။ လောလောလတ်လတ်အဖို့မှာ တော့ ဒီလိုပဲ ရှုးသွပ်တတ်ကြတာ လူတိုင်းလိုလိုပဲလေ။ ချစ်တိုင်း





မညားကြသလို ညားတဲ့သူတိုင်းလည်း မချစ်ကြ။

ချစ်လင်း –

အချစ်ကသာ သစ်တစ်ပင်ဆိုရင် အမြစ်ပါမကျန်အောင် ဆွဲနုတ်ပစ်ချင်တာ။ ခုတော့ သစ်ပင်မဟုတ်ဘဲ ရေပြင်လိုခုတ်လို့ မရ ဖြတ်လို့မပြေ အချစ်ရေလို့ အသံကုန်ဟစ်ခေါ်လို့ အချစ်တွေသာ တုံ့ပြန်လာမယ်ဆိုရင် ဘယ်သူကပဲ အရူးလို့ပြောပြော ချစ်လင်း နေရာ အနှံ့မှာ အချစ်ရေ အချစ်ရေလို့ အော်ခေါ်မိမှာ မလွဲမသွေ။

"ချစ်လင်း . . . တော်ပြီလား။ သောက်လေကွာ"

"တော်ပြီ . . . တော်ပြီ တော်ကြာ မှောက်နေရင် မကောင်းဘူး။ မင်းလည်း တော်တော့"

"ပြန်တော့မလား"

"အင်း"

"ဒါဆို ပြန်လေ"

နှစ်ယောက်စလုံးထရပ်တော့ ချစ်လင်း ယိုင်ခနဲတော့ ဖြစ်သွားသေး၏။ ဒါပေမဲ့ ထိန်းနိုင်ပါတယ်။ ကားလည်းမောင်းနိုင်သေးတယ်လို့ထင်တာပဲ။

"မင်း ရလား၊ ငါမောင်းမယ်"

"မင်းမှာလည်း ကားပါနေတာပဲဥစ္စာ။ အလုပ်ရှုပ်ခံမနေနဲ့တော့၊ ငါ့ဘာသာပဲပြန်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းရတာ သေချာလား"

"ရတယ် ... သေချာတယ်။ ငါ ကားလည်း မောင်းနိုင်တယ်။ လမ်းကိုလည်း မြင်တယ်"

ရတယ်ဆိုတာနှင့် တစ်ယောက်ကိုတစ်ယောက် နှုတ်ဆက်ကာ ကိုယ့်ကားကိုယ် မောင်း။ ကိုယ့်လမ်းကိုယ်ပြန်ခဲ့ကြ၏။ အရက်ကတော့ သောက်လာခဲ့ပြီးပြီ၊ ဖေဖေပဲဆူမလား ကိုကြီးပဲ ဆူမလားတော့ မသိ။

ဆူချင်လည်း ဆူပါစေတော့။ တစ်ခါတလေ အဲဒီလိုစိတ်ကို လွှတ်ပေးလိုက်ချင်တာ။

သူ အိမ်ကိုရောက်တော့ –

မအိပ်သေးဘဲ ထိုင်စောင့်နေတာက ကိုကြီးရဲ့ခယ်မ ချမ်းမြေ့ အေးပါ။ ချမ်းမြေ့က သူ့မိဘတွေ ဆုံးသွားပြီးကတည်းက ကိုကြီးမိန်းမက သူ့ညီမကို ခေါ်ထားပါရစေဆိုပြီး ခေါ်ထားတာ။

"ကိုလေး ပြန်လာပြီ"

"နင် ငါ့ကိုစောင့်နေတာလား"

"ဟုတ်"

"ကျေးဇူးပဲ"

"ဒုန်း"

"အို ... ကိုလေး"





ကိုယ်က ယိုင်ခနဲဖြစ်ပြီး တံခါးနှင့်တိုက်မိသွားတော့ ချမ်းမြေ့က သူ့ကိုယ်ကို လှမ်းဖက်ပြီး ထိန်းလိုက်တာ ပူနွေးကပ်ကပ်။

"ချမ်းမြေ့လိုက်ပို့ပေးရမလား ကိုလေး"

"အင်း ... အိမ်ရောက်မှ ဘာလို့ ဒီလောက်မူးလာတယ် မသိဘူး"

မူးမှာပေါ့။ သူ အိမ်အနားရောက်ကာနီးမှ မပြန်ချင်သေးတာကြောင့် ကားရပ်ပြီး စီးကရက်တွေ တစ်လိပ်ပြီးတစ်လိပ် သောက်ခဲ့သေးတာကိုး။

တကယ်က သောက်တတ်လို့မဟုတ်ဘဲ စိတ်ညစ်လို့ လျှောက်လုပ်ခဲ့တာ ဖြစ်၏။

"ဖြည်းဖြည်းတက်"

ချမ်းမြေ့က စိတ်ရှည်လက်ရှည် တွဲပို့ပေးပြီး အခန်းရှေ့ကို ရောက်တော့ ခြေလှမ်းတွေ ရပ်တန့်သွားစဉ်မှာ ချမ်းမြေ့ကို ကြည့်မိတဲ့ ချစ်လင်း မျက်စိထဲမှာ ချမ်းမြေ့က ချမ်းမြေ့မဟုတ်တော့ဘဲ ခက် ဖြစ်နေခဲ့ပြီး –

"ခက်"

"ဟင်"

"ပို့မယ့်ပို့ ကျူးတို့ရောက်အောင်ပို့စမ်းပါ"

"အဲဒါ မဖြစ်ဘူးလေ ကိုလေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"နှင် လိုက်မပို့ရင် ငါ ဒီနေရာကနေ ခြေတစ်ဖဝါးမှ မရွေ့တော့ဘူး"

"ခက်တော့တာပဲ"

ချမ်းမြေ့ စိတ်ညစ်စွာ ခေါင်းကုတ်လိုက်မိတော့၏။ ကိုယ်အားလုံးအပေါ် အလိုက်သိချင်လို့ သူ့ကိုစောင့်နေမိတာ မှားပြီလား။ ယောကျ်ားတစ်ယောက် အခန်းထဲကို မိန်းမပျိုလေးဝင်ဖို့ဆိုတာ သင့်မှမသင့်တော်တာ။

"ခက်"

"အမေ့"

လက်မောင်းကိုဆွဲပြီး တစ်ကိုယ်လုံးကို သိမ်းဖက်တာခံလိုက်ရတော့ ချမ်းမြေ့ လိပ်ပြာလွင့်မတတ် ကြောက်လန့်သွားခဲ့၏။ ကိုယ်ကြောင်နေစဉ်မှာပဲ ခြေလှမ်းတွေ ဘယ်လိုရွေ့လျားသွားမှန်းမသိဘဲ သူ့အခန်းထဲကို ရောက်နေပြီ။

"ခက်"

- "ဟင့်အင်း ... ကျွန်မ ခက်မဟုတ်ပါဘူး။ ချမ်းမြေ့ပါ။ သတိထားပါဦး ကိုလေးရယ်"

"နှင့်ကို ငါ အရမ်းချစ်တယ် ခက်ရယ်"

"မဟုတ်ဘူး ကိုလေး"

"နှင့်ကြောင့် ငါ ဘယ်လောက်ခံစားနေရလဲ သိလား"





"ဟင့်အင်း"

ချစ်လင်းက သူပြောချင်တာတွေသာ တတွတ်တွတ်ပြောနေပြီး သူ့အမြင်ထဲက ခက်ကို နမ်းနေမိတာ အနမ်းဆက်ဆက်။ ခက်မဟုတ်တဲ့ ချမ်းမြေ့မှာတော့ ရှန်းရင်းကန်ရင်း ကြမ်းရှတဲ့အနမ်းတွေကို လက်ခံနေရတာ ကိုယ့်ကိုယ်ကိုယ် လိပ်ပြာမလုံ။

တော်ပါတော့ ကျေနပ်ပါတော့လို့ ရင်ထဲကနေ တောင်းပန်နေမိရင်း မျက်ရည်တွေကျလာ၏။

တတ်နိုင်သလောက် ရုန်းနေပေမယ့် –

သဘာဝတရားက ယောကျ်ားတွေကို အနိုင်ရစေချင်လို့ ခွန်အားတွေ ပိုထည့်ပေးသလား မပြောတတ်။

"ကိုလေး ... လွှတ်ပါ"

"နှင့်ကို ငါ အရမ်းချစ်တယ်"

"ဖယ်ပါ"

"ငါ့ကို ပြန်ချစ်ပေးပါ ခက်ရယ် ... နော်"

"မဟုတ်"

ချမ်းမြေ့ရဲ့စကားသံကို သူက အဆုံးသတ်ခွင့်မပြု။ ခက်လို့သာ တဖွဖွခေါ်ပြီး ချစ်တယ်ချင်းထပ်နေအောင်ပြောကာ သူ့ရင်ခွင်ထဲရောက်နေတာသည် ခက်မဟုတ်ဘူးဆိုတာ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ဟီးရိုး အိမ်ကိုပြန်ရောက်တာနှင့် မျက်နှာချင်းဆိုင်လိုက်ရတာ နီလာခင့်မျက်နှာပဲမို့ နှုတ်ခမ်းက တင်းတင်းစေ့လို့ပါပဲ။ ထွက်သွားတုန်းက အဝတ်တစ်ထည်ကိုယ်တစ်ခုနှင့်မို့ အခုပြန်လာတော့လည်း အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့်ပဲလေ။

အဝိုပါလာဖို့ တူးတူးကိုတော့ ခေါ်သေးတာ။ သူ့ဘာဘာနဲ့ ဘွားဘွားကမထည့်လိုက်သာပေါ့။

"နင်ပြန်လာပြီလား"

"ဟုတ်တယ်"

"ကတိတော့ တည်သားပဲ။ တကယ် ... တစ်ပတ်တိတိ





ပြည့်တဲ့နေ့ပဲ"

"ဒယ်ဒီရော"

"အပေါ်ထပ်အခန်းထဲမှာ"

စကားဆက်ပြောစရာအကြောင်းမရှိတော့ပြီမို့ ဟီးရိုး အပေါ်ထပ်သို့ တက်လာခဲ့၏။ ဒီလိုပဲ မိဘနဲ့သားသမီးကြားလည်း အဖုအထစ်ကလေးတွေ ရှိကြတာမှန်ပေမယ့် ဟီးရိုးက မာနကိုရွေးချယ်ထားချင်တဲ့ကောင်။ ခုတော့ မိဘမျက်ရည်တစ်စက် သားသမီးဆင်းရဲတစ်သက်ဆိုတဲ့စကားရှိတာကြောင့် –

မိဘကို စိတ်ဆင်းရဲအောင်မလုပ်ချင်လို့ မာနကို ခွာချပြီး ပြန်တက်လာခဲ့သည့်တိုင် စိတ်ထဲမှာတော့ မကြေညက်မှုတွေနှင့်။ အခန်းရှေ့ကိုရောက်တော့ မဝင်သေးဘဲ ရပ်ကြည့်နေစဉ် ဒယ်ဒီက တံခါးဘက်ကိုကျောပေးထားလျက် စာဖတ်နေတာလားတော့မသိ။ သူ ခြေသံကို ဖွလျှောက်ဝင်သွားခဲ့ပြီး –

"ဒယ်ဒီ"

"----"

"ဒယ်ဒီ"

"မင်းပြန်လာပြီလား"

မေးသံက တိုပြတ်ပြတ်နှင့် သူ့ကို ချက်ချင်းလှည့်မကြည့်။

"ဟုတ်ကဲ့ ပြန်လာပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဦးရဲမြင့် ဘာမှ ဆက်မပြောတော့ ဟီးရိုးကလည်း ဘာမှ မပြောဘဲ သားအဖနှစ်ယောက်ကြားမှာ တိတ်တိတ်ဆိတ်ဆိတ်။ အတန်ကြာမှ ဦးရဲမြင့် ထရပ်ပြီး ဟီးရိုးဘက်သို့လှည့်ကာ –

"မင်းလောက်ရက်စက်တတ်တဲ့ကောင် နောက်တစ်ယောက် ရှိမှာမဟုတ်ဘူး"

"ဟင်"

အဖျားခတ်တုန်သွားတဲ့အသံကြောင့် ဟီးရိုး ဒယ်ဒီ့မျက်နှာကို သေသေချာချာ ကြည့်လိုက်တော့ မျက်ရည်တွေဝဲနေလို့ပါလား။ သူ့ကြောင့် ဒီမျက်ရည်တွေ ဝဲရတာဆိုပြီး ရင်ထဲမှာ နင့်ခနဲဖြစ်သွား၏။

ရက်စက်တယ်တဲ့။

သူ တကယ်ပဲ ဒယ်ဒီ့အပေါ် ရက်စက်သလိုဖြစ်သွားခဲ့ပြီလား။ အချုပ်ထဲရောက်တဲ့နေ့မှာ သူ့ရင်ထဲမှာ ဖြစ်တည်သွားခဲ့တာလည်း ဒီအတိုင်းပဲလေ။ ဒယ်ဒီ့ကို ရက်စက်တယ်လို့ တိုးတိတ်စွာ အပြစ်ဆိုခဲ့မိတာ။

"မင်း မသိလို့ပါ။ ငါ ဘယ်ဘဝပဲရောက်နေနေ ငါ့ဘဝမှာ မင်းထက်အရေးကြီးတာ ဘာမှမရှိခဲ့ဘူး"

"___"

"မင်းကို ငါ အချုပ်ထဲကနေ အာမခံနဲ့ လာထုတ်မပေးခဲ့တာ မှတ်လောက်အောင်လို့ စိတ်လိုက်မာန်ပါထားခဲ့တာ။ နီလာသွေးထိုးလို့





မဟုတ်ခဲ့ဘူး။ ပြီးတော့ ကိုဝင်းကိုဖြစ်ဖြစ် ကိုဆန်းလွင်မောင်ဖြစ်ဖြစ် မင်းကို ဒီအတိုင်းကြည့်မနေဘူးဆိုတာသိလို့ ဥပေက္ခာလိုလိုနဲ့ ထားကြည့်ခဲ့တာ။ အဲဒါတွေက မင်း ငါ့ကို အပြစ်မြင်စရာတွေ ဖြစ်သွားခဲ့တာပါ"

"ဒယ်ဒီ"

"ငါ ဆုံးဖြတ်ပြီးပြီ။ မင်းအမြင်စောင်းနေတာတွေ တည့်အောင်လုပ်ဖို့ အချိန်တန်ပါပြီ"

"ဒယ်ဒီက ဘာလုပ်မှာလဲ"

"မင်းပိုင်ဆိုင်သင့်တာတွေကိုပေးပြီး ငါနဲ့နီလာ ဒီအိမ်ကနေ ဆင်းသွားပေးဖို့ပါ။ နီလာကလည်း သဘောတူတယ်"

"ကျွတ်"

ဟီးရိုး ခေါင်းခါပစ်လိုက်၏။ သူ မျက်နှာပြောင်တိုက်ပြီး ပြန်လာခဲ့တာ စည်းစိမ်ဥစ္စာတွေကို မက်မောလို့မှမဟုတ်ဘဲ။ ဒယ်ဒီ့ စိတ်ဆင်းရဲမှာစိုးလို့ ပြန်လာခဲ့တာ။ တကယ်တော့ ကိုယ်က ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ချင်သူဆိုတော့ သိအောင်တော့ပြောပြမှ။

"ဒယ်ဒီ့ဘဝမှာ အရာအားလုံး မရှိလို့ဖြစ်တယ်။ သားမရှိလို့တော့ မဖြစ်ဘူးသား"

"ဒယ်ဒီ"

ခေါ်ပြီး ရှေ့တိုးသွားလိုက်တော့ သားအဖနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင်ရပ်နေကြတာ နီးနီးကပ်ကပ်။ ဒယ်ဒီရဲ့ ရီဝေဝေ မျက်ဝန်းတွေကိုမြင်ရတော့ မာနမင်းသားရဲ့ရင်ထဲက မာနတွေ ဘယ်လို လွင့်စဉ်ပျောက်ကွယ်သွားမှန်းမသိ။

"သား ကိုယ့်ဘာသာ ဆင်းသွားပြီး ကိုယ့်ဘာသာပြန်တက်လာတာ ရှက်ဖို့ကောင်းမှန်း သိပါတယ်။ အခုပြန်လာတာ စည်းစိမ်ဆိုတာတွေကို မက်မောလို့မဟုတ်ဘူး။ သား ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ပါတယ်"

"ဒါဆို သားပြန်လာခဲ့တာက"

"ဒယ်ဒီ့ကို စိတ်မဆင်းရဲစေချင်လို့"

ဦးရဲမြင့် မယုံမရဲနှင့်ပဲ ပြုံးလိုက်မိ၏။ ပြီးမှ မျက်ရည်စကို သုတ်လိုက်ကာ –

"မင်းမှာ အဲဒီလိုစိတ်ရှိတယ်လား။ ဝမ်းသာပါတယ်"

"ဒယ်ဒီက သားအဖေပဲလေ။ သားသမီးနဲ့မိဘ မေတ္တာတရားရဲ့ အလျှားအနံမတူပေမယ့် သားသမီးရင်ထဲမှာလည်း မိဘက အဓိကအကျဆုံးပုဂ္ဂိုလ်ပါ"

"မင်း တကယ်ပြောတာလား သား"

"ဒယ်ဒီတို့လင်မယား ဒီအိမ်ကနေ ဆင်းသွားစရာ မလိုပါဘူး။ မိဘပေးတဲ့အမွေကိုမျှော်ကိုးပြီး သား . . . သားဘဝကို မရပ်တည်ချင်ဘူး။ ဒယ်ဒီပေးသလောက်နဲ့ ရောင့်ရဲပြီး သားဘဝကို





သားတည်ဆောက်မယ်"

"သတ္တိကိုတော့ ကြိုက်ပါတယ်"

"ဘာကိုမကြိုက်ဘူးလဲ"

"တစ်ဖွတ်ထိုးနိုင်တာကို"

သူ တကယ်ပဲ တစ်ဖွတ်ထိုးနိုင်ခဲ့သလားဆိုတာ ပြန်တွေးကြည့်မိပြီး လွန်ခဲ့ခနဲပြုံးလိုက်မိသည်။ ကလေးတွေလို တုတ်နဲ့ရိုက်မှ နောက်မလုပ်တော့ပါဘူးဆိုရအောင်ကလည်း ကိုယ်က အရိုက်ခံနေရတာမဟုတ်။

ဒါပေမဲ့ –

"နောက်ကို သား ဆင်ခြင်ပါ့မယ်"

တကယ်လားလို့ မမေးချင်တော့ပါဘူး။

"ထပ်ပြီး အိမ်ကထွက်သွားဖို့ အစီအစဉ်ရှိသေးလား"

"သား ဒီအတိုင်းမနေချင်တော့ဘူး"

"ဟင် . . . ဒီအတိုင်းမနေချင်တော့ မင်းက မိန်းမယူချင်လို့လား"

"မဟုတ်ပါဘူး။ ရည်းစားမှမရှိတာ။ ဘယ်လိုလုပ်ပြီး မိန်းမယူမှာလဲ"

"ဒါဆို . . . ဘာလဲ"

"သား အလုပ်တစ်ခုခုလုပ်ချင်တယ်"

www.burmeseclassic.com



"ဘယ်လို"

မယုံနိုင်စွာပဲ သားကိုစေ့စေ့ကြည့်မိ၏။ ချစ်လင်းဆိုရင် ခုမှ လွတ်လပ်တာဆိုပြီး အလုပ်လုပ်ဖို့ပြောသံ မကြားပေ။ သံလွင်ကို ချစ်တယ်ဆိုပြီး အချစ်ကိစ္စပဲ လုံးပမ်းနေတာတဲ့။ အခု ကိုယ့်သားက အလုပ်လုပ်ဖို့ပြောနေတာဆိုတော့ ထတောင်ကရတော့မလို။

"မင်းက အလုပ်လုပ်ချင်တယ် ဟုတ်လား"

"ဒယ်ဒီက မယုံဘူးလား"

"ယုံပါတယ်"

"ယုံရင် စီစဉ်ပေး"

"ကောင်းပြီလေ၊ ဒယ်ဒီ အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးမယ် ဟုတ်ပြီလား"

"OK"

သားအဖတွေ ငြိမ်းချမ်းရေးရသွားပြီဆိုတာနှင့် အခုတော့ လောကကြီးတစ်ခုလုံးက လှပသွားခဲ့ပြီ။

*



## အခန်း (၁၉)

ဟီးရိုး ပြန်ရောက်ပြီဆိုတာနှင့် ချစ်လင်းနဲ့သံလွင်ခက်တို့ ရောက်လာကြ၏။ မတွေ့ရတာကြာပြီဆိုတော့ သတိရနေကြမှာပေါ့။ ရောက်လာပြီဆိုတာနှင့် –

"နေနိုင်လိုက်တာ ဟီးရိုးရာ။ မင်းမရှိတော့ ငါ ဘယ်လောက် ငေါင်နေလဲ သိလား"

"ဟုတ်ပါရဲ့ . . . ဖုန်းလေး ဘာလေးတောင် ဆက်ဖော်မရဘူး"

"ငွေဖြည့်ကတ်ဝယ်ထည့်ဖို့ မလွယ်လို့ မဆက်တာ"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပိုက်ဆံမရှိလို့"

"ဟင် . . . သူရဲကောင်းကြီး အဲဒီလောက်မွဲသွားတာလား"

"ပစ္စည်းဆင်းရဲပေမယ့် အဲဒီမှာမှ ငါချမ်းသာခြင်းအစစ်ကို ရတာ"

"ဟင်"

ပြည့်စုံချမ်းသာတဲ့ဘဝကနေ ဖုန်းငွေဖြည့်ကတ်တောင် ဝယ်မထည့်နိုင်တဲ့နေရာကို သွားနေပြီး ချမ်းသာခြင်းအစစ်ကိုရခဲ့တယ်ဆိုတော့ ကိုယ့်ကိုယ်ကိုယ် ကလိထိုးပြီးရယ်ရမလိုပါလား။

"ငါမရှိလို့ မင်းက ဝေါင်နေရအောင် ခက်နဲ့အဆင်မပြေဘူးလား"

ချစ်လင်း လေးတွဲ့စွာ ခေါင်းခါလိုက်တာ ခက်နဲ့အဆင်မပြေတာတစ်ခုတည်းကြောင့် မဟုတ်ဘူးဆိုတာ ကိုယ်သာ အကြောင်းကိုယ်ပဲ သိတာပေါ့။

"ခက်"

"ဘာလဲ"

"နင် ချစ်လင်းကို အခုထိ အဖြေမပေးရသေးဘူးလား"

"ဖြေပြီးသားကို ထပ်ဖြေဖို့မှ မလိုတာ"

ဘာအဖြေလဲလို့ ချစ်လင်းဘက်သို့လှည့်ပြီး မေးဆတ်လေလျှင် –





"အဖြေက ငါ့ရင်ကို ထိုးစိုက်တဲ့ ဓားပဲ ဟော့ကောင်ရေ ငါ့ကို သူငယ်ချင်းထက် မပိုနိုင်ဘူးတဲ့"

မျက်နှာက ခက်ဘက်သို့ ပြန်လှည့်ပြီး မျက်မှောင်လည်း ကြုတ်ကာ –

"နင့်မှာ မျှော်လင့်ရမယ့်သူ ရှိနေလို့လား"

"ဟုတ်တယ် ရှိတယ်"

"ဘာ"

ဟီးရိုး မျက်နှာကြီးက ရှုတည်တည်ကြီး ဖြစ်သွားလေ၏။ သူက ဘယ်သူ့ကို မျှော်လင့်နေတာလဲ။ ချစ်လင်းမဟုတ်ရင် သူ့ခက်ကို အခြားသူတစ်ယောက်ဆိုတာကို မျှော်လင့်ခွင့်မပေးနိုင်။

ဒါကြောင့် –

"ပြောစမ်းပါဦး . . . နင်က ဘယ်သူ့ကို မျှော်လင့်နေတာလဲ၊ ဘယ်ကကောင်လဲ"

"အဲဒါ နင် သိစရာမလိုပါဘူး"

"ခက်"

"နင်က ဘာဖြစ်နေတာလဲ။ ချစ်လင်းကိုယ်တိုင်တောင် ငါ့ကို အဲဒီလိုမျိုးမကြည့်ဘူး။ တရားလို တရားခံ ကျေနပ်နေပါလျက်နဲ့ သက်သေက မကျေနပ်ဘူးဆိုတာမျိုး ဖြစ်နေပြီ။ လူတစ်ယောက်လုံး ငါက နလုံးသားရဲ့အလိုဆန္ဒမပါဘဲ အားနာပါးနာနဲ့ ပြန်ချစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရမှာလား ပြောပါဦး''

''ငါက ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲကိုပဲ ဖိတ်စေချင်တာ။ ချစ်လင်းက အကြောင်းသိတွေလေ''

''အကြောင်းသိတိုင်း ငါက ပြန်ချစ်ရမှာလား။ ဖိတ်စေချင်ရအောင် ငါက ဖွဲ့ ဆန်ကွဲမှ မဟုတ်တာ''

''ပြောမနေနဲ့တော့ ဟီးရိုး။ ခက်က ခြိတ်ခါးမှာလာချိတ်တဲ့ စံပယ်ပန်းပိုင်ရှင်ကို မျှော်လင့်နေတာလို့ ငါထင်တယ်''

ချစ်လင်းစကားကြောင့် ဟီးရိုး အာမေဋိတ်သံပင်မထွက်နိုင်။ ကိုယ်ကလည်း တကယ်တော့ ခက်ကို ချစ်နေခဲ့တာပဲ။ ဒါပေမဲ့ ဖွင့်ဟဝန်ခံဖို့ဆိုတာ ချစ်လင်းရှိနေတော့ ဘယ်လိုမှ မဖြစ်နိုင်။

ခြိတ်ခါးမှာ နေ့စဉ်လာချိတ်ပေးနေတဲ့ ပန်းတွေက ကိုယ်ကိုယ်တိုင်ပြုစုပြီး ကိုယ် ကိုယ်တိုင် သီခဲ့တဲ့ပန်းတွေဆိုတာ ခက်သိရင်။

မဖြစ်သေးပါဘူး –

သူ ဒီလိုဆက်လုပ်နေလို့ မဖြစ်တော့ဘူးထင်ပါရဲ့။ ကိုယ်ကတော့ ကိုယ့်ဘက်က တစ်ဖက်သတ်ချစ်နေခွင့်နဲ့ ကိုယ့်ချစ်သူကို ပန်စေချင်လို့ ပျာတွာလုပ်ခဲ့တာ လျှို့ဝှက်စွာ။

''ခက်''

သံလွင်က ဖျတ်ခနဲမော့ကြည့်လေလျှင် –





''မရေရာ မသေချာတဲ့သူကို နင် ဘာလို့ မျှော်လင့်နေတာလဲ။ ဟိုက ဘယ်ကမှန်းမသိ၊ ဘယ်လိုလူမျိုးမှန်းမသိကို''

''အဲဒါ ငါ့ကိစ္စပါ။ လူတိုင်း ဘာမှန်းမသိတာကိုပဲ ပိုပြီး စိတ်ဝင်စားကြတာ''

''ချစ်လင်းနေရာမှာ ငါဆိုရင်ရော နင် ဘယ်လိုဆုံးဖြတ်မလဲ''

''ဘာ''

ဝေးတော့မှ ပိုလို့လွမ်း၊ ဝေးတော့မှ ပိုလို့ချစ်မှန်းသိဆိုသလို နင်မရှိတဲ့အချိန်တွေမှာ ငါ နင့်ကိုလွမ်းနေတာ ဟီးရိုးရဲ့လို့ ရင်ဘတ်ထုပြီး ပြောလိုက်ချင်တာ။

တကယ်တော့ –

သံလွင်သိလိုက်ပါပြီ။ သံလွင် သူ့ဆီက စံပယ်တစ်ကုံးပင် မရဖူးပေမယ့် ဥပေက္ခာပြုနိုင်သူကိုမှ မျှော်လင့်နေခဲ့တာ။ သူ အားငယ်နေမှာပဲဆိုပြီး အားပေးချင်ခဲ့တာတွေ။ သူ စိတ်ညစ်နေမှာပဲဆိုပြီး ဖြေသိမ့်ပေးချင်ခဲ့တာတွေကို အရင်းခံလို့ သံလွင့်ရင်ထဲမှာ တွယ်ငြိနေခဲ့တာ သူ။

''နင် ငါ့ကိုချစ်လင်းနဲ့ သိပ်ပြီးချစ်သူဖြစ်စေချင်နေသလား ဟီးရိုး''

''နှစ်ယောက်စလုံးက ငါ့သူငယ်ချင်းတွေပဲလေ''



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ယောက်စလုံးက နင့်သူငယ်ချင်းတွေပေမယ့် နင့်ပါးစပ်က ထွက်လာတဲ့ စကားလုံးတိုင်းက ချစ်လင်းအတွက်ချည်းပဲ။ ငါ့ဘက်ကိုရော နင် စဉ်းစားမပေးနိုင်တော့ဘူးလား။ နင်မသိရင် မှတ်ထား ဟီးရိုး။ အချစ်ဆိုတာ ခန္ဓာကိုယ်အစိတ်အပိုင်းလို ခွဲစိတ်အစားထိုးလို့ ရတဲ့အရာ မဟုတ်ဘူး"

"နင့်နှလုံးသားကရော ချစ်လင်းမှာ ဘာအပြစ်ရှိလို့ လက်မခံနိုင်တာလဲ"

"ကဲ ... တော်ကြပါတော့"

ဝင်ဝင်ချင်း ဆောက်နှင့်ထွင်းဆိုသလို အခုမှပြန်တွေ့တယ် ကိုယ့်ကြောင့်စကားများရန်ဖြစ်ကြရင် မကောင်းဘူးပေါ့။

"ခက် ငါ့ကိုပြန်မချစ်ရင် နေပါစေ၊ ငါ့ဘက်က ချစ်နေခွင့်ရရင် ကျေနပ်ပါတယ်"

"ချစ်လင်း"

"ဟင်"

ခက် ချစ်လင်းကို ခပ်စူးစူးလေးကြည့်ပြီး –

"နင့်ကိုငါ စဉ်းစားပေးမယ်"

"ဘယ်လို"

"ဟီးရိုးပြောတာ မှန်ပါတယ်။ နင်က ဘာမှ အပြစ်ပြောစရာ မရှိတဲ့လူဆိုတော့ အိမ်ထောင်ဖက်ကောင်းတစ်ယောက် ဖြစ်ကောင်း





ဖြစ်နိုင်တာပဲ။ အဲဒါကြောင့် ငါ စဉ်းစားပေးမယ့်လို့ ပြောတာ"

စောစောက တစ်မျိုး၊ ခုတစ်မျိုးနဲ့ ခက်စကားကို ဘယ်လိုမှ နားမလည်နိုင်တော့ပေ။ ဒါပေမဲ့ စဉ်းစားပေးမယ်ဆိုတော့ ဝမ်းသာအားရ ဖြစ်ချင်လိုက်တာ။ ဝမ်းမသာနိုင်တဲ့အကြောင်းအရင်းတစ်ခုကလည်း ရင်ဘတ်ရဲ့ထောင့်စွန်းတစ်စွန်းမှာ ရှိနေတော့ ဝမ်းသာရတာတောင် မပီပြင် ဝိုးတဝါးပါ။

"နင် တကယ်ပြောတာလား ခက်"

"ဟုတ်တယ်"

ချစ်လင်းမျက်နှာ ပြုံးသွားချိန်မှာ ဟီးရိုးကထသွားမယ် လုပ်တော့ –

"ဟီးရိုး"

"ဘာလဲ"

"အဲဒါက ဘယ်ကိုလဲ"

"ရေဆာလို့ ရေသောက်မလို့"

"မသောက်နဲ့ ပြန်ထိုင်"

"နင် ငါ့ကို အဲဒီလောက်အထိ လိုက်ကြပ်ခွင့်ရှိလို့လား။ ငါဆိုတဲ့ကောင် ဘယ်သူ့ဩဇာကိုမှ မနာခံတတ်တာ နင်သိတယ်"

"အေးပါ ... နင်က သူများဩဇာကိုသာ မနာခံချင်တာ နင်ကတော့ ဩဇာပေးချင်တယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်သလိုထင်"

ကိုယ်မှားမှားမှန်မှန် ဘယ်တုန်းကမှ မဖြေရှင်းတတ်သူပီပီ ဟီးရိုး ကိုယ်ဦးတည်ရာသို့သာ ထလာခဲ့တော့၏။ ခက် ထပ်ပြောမယ့် စကားတွေကို မကြားချင်တော့ဘူးလေ။

✳



## အခန်း (၂၀)

ချစ်လင်း ကော်ဖီသောက်ဖို့ အောက်ထပ်ကို ဆင်းခဲ့တော့ အချိန်က တော်တော်ကိုနောက်ကျနေပြီ။ ဒီနေ့ အိပ်ရာထ တော်တော်ကို နောက်ကျသွားတာ။ စံပယ်ပန်းပို့တဲ့သူများ ရောက်နေပြီလားဟု ခြံဝကိုလှမ်းမျှော်ကြည့်တော့ ဒီနေ့သွားပြီ ထင်ပါရဲ့။ မစောင့်နိုင်လို့များ မပို့ခဲ့လေရော့သလား။

မပို့လည်းနေပါစေတော့ဟု ပြန်လှည့်လာခဲ့စဉ် –

"သားငယ် ဒီနေ့ အိပ်ရာထတာ နောက်ကျလှချေလား။ သားကြီးတို့လင်မယားတော့ မင်းကို မစောင့်နိုင်လို့ဆိုပြီး breakfast စားပြီး အလုပ်သွားကုန်ပြီ။ ဖေဖေလည်း ခုပဲသွားတော့မလို့"



www.burmeseclassic.com

www.burmeseclassic.com



"ညက သား အိပ်မပျော်လို့ပါ။ မိုးလင်းပိုင်းမှ အိပ်ပျော်သွားလို့ နောက်ကျတာ"

"အိပ်မပျော်လို့ ဟုတ်လား။ ဘာလဲ ခက်အကြောင်းတွေ တွေးနေလို့လား။ အဲဒီအတွက် စိတ်မပူပါနဲ့ကွာ။ ကိုဆန်းလွင်မောင်နဲ့ ဖေဖေ သားရေးသမီးရေးကိစ္စ ဆွေးနွေးထားပါတယ်။ သူတို့ကတော့ ဘာမှပြောစရာမရှိဘူး၊ သံလွင့်ဆန္ဒကို မေးကြည့်ဦးမယ်တဲ့"

"ဖေဖေ တကယ်ပြောတာလား"

"ဒါ ညာစရာမှမဟုတ်တာ။ အဲဒီကိစ္စ နောက်မှ ဆွေးနွေးကြတာပေါ့။ ခုတော့ ဖေဖေသွားလိုက်ဦးမယ်"

"ဟုတ်ကဲ့"

ဖခင်က သူ့ပခုံးကိုပုတ်ပြီး ထွက်သွားလေတော့ ချစ်လင်းလည်း ကော်ဖီသောက်ဖို့ လှည့်ပြန်လာခဲ့သည့်တွင် ပြင်ဆင်ပေးတာက ချမ်းမြေ့ပဲမို့ စကားမပြောမိ။

ဒီကောင်မလေး သူ့ကိုဆက်ဆံတာ အရင်တုန်းကလို တရင်းတနှီးမရှိတော့ဘဲ အေးစက်စက်။ ပြီးတော့ သူ့ကို ရှောင်နေတယ်လို့ ထင်ရတာ ဟိုကိစ္စကြောင့်လား။ ခက်နဲ့ ချမ်းမြေ့ကြားမှာ သူ့စိတ်တွေ အလျှော့အတင်းနဲ့ မတည်ငြိမ်ဖြစ်နေတာ ကိုယ်ပဲသိလို့ သတိရှိနေရတာ။

ချမ်းမြေ့က သူ့ထက် အသက်က နှစ်နှစ်တော့ငယ်သည်။





အိမ်မှုကိစ္စ နိုင်နင်းပြီး ဒီအိမ်မှာ သူ့လက်သုံးခြေသုံးချည်းပါပဲ။ သနားတော့ သနားပါတယ်။

ဒါပေမဲ့ –

"ကိုလေး"

"ဟင်"

"ဒီမှာ စံပယ်ပန်းတွေ။ စံပယ်ပန်းသည် လာပို့သွားလို့ ချမ်းမြေ့ ယူထားလိုက်တာ။ ကိုလေးကိုနှိုးရင် အိပ်ရေးပျက်မှာစိုးလို့ပါ"

"အင်း"

ပြောပြီး စံပယ်ပန်းတွေကို သူ့ရှေ့မှာချခဲ့ပြီး ချမ်းမြေ့ ပြန်လှည့်ထွက်သွားမည်ပြုတော့ –

"ချမ်းမြေ့"

လက်ကောက်ဝတ်ကို ဖမ်းဆုပ်ထားတော့ ချမ်းမြေ့ ပြန်လှည့်ကြည့်လေလျှင် –

"ခဏထိုင်ဦး"

"ဘာလုပ်မလို့လဲ"

"ပြောစရာရှိလို့"

"ကိုလေးနဲ့ ချမ်းမြေ့ကြားမှာ ပြောစရာစကားမရှိဘူးထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှိလို့ပြောနေတာပေါ့ ထိုင်"

ချမ်းမြေ့ မထိုင်ချင်ထိုင်ချင်ပုံစံနှင့်ထိုင်ပြီး ခေါင်းကိုငုံ့ထားတော စားပွဲနှင့် ထိလုမတတ်ပါ။ ကိုယ့်ကိုမချစ်တဲ့သူတစ်ယောက်ဆီကနေ ချမ်းမြေ့ ဘာကိုမှမမျှော်လင့်ပါဘူး။ ကိုယ့်မှာ ဘာမှဖြစ်မလာခဲ့ဘူးဆိုရင် ပြီးခဲ့တာကို ပြီးတဲ့အတိုင်းထားပြီး ဝဋ်ကြွေးရှိလို့ ပေးဆပ်လိုက်ရတယ် လို့ပဲ သတ်မှတ်ချင်တာ။

"ချမ်းမြေ့"

"___"

"နင် ဘာမှမဖြစ်ပါဘူးနော်"

ဖျတ်ခနဲ မျက်လွှာတစ်ချက်သာပင့်ကြည့်ပြီး –

"ဘာဖြစ်ရမှာလဲ ... ဘာမှမဖြစ်ဘူး"

"ငါက စိုးရိမ်လို့မေးတာပါ။ ဘာမှမဖြစ်ဘူးဆိုလည်း ပြီးတာပဲ။ တစ်ခုခုဖြစ်ရင်တော့ ငါ့ကိုပြော"

စကားပြောတာ တာဝန်မဲ့လိုက်တာ။

"ကိုလေးပြောချင်တာ ဒါပဲမို့လား"

"ဒါပဲ"

"ချမ်းမြေ့ လုပ်စရာတွေရှိသေးတယ်"

ချမ်းမြေ့ထသွားပြီးမှပဲ ချစ်လင်း ကော်ဖီသောက်ဖြစ်၏။ ကော်ဖီသောက်ပြီးတော့ သူ စံပယ်ပန်းသီရဦးမည်လေ။ ချမ်းမြေ့က





အလိုက်သိစွာ လုပ်ပေးထားတာ ပန်းသီဖို့ကြိုးကအစ အဆင်သင့်။ သူက ကိုယ့်အပေါ် ဒီလောက်တောင် အလိုက်သိသတဲ့လား။

ချမ်းမြေ့အပေါ်မှာ ချစ်လင်း မတရားရာကျနေပြီလားတော့ မသိ။ အတွေးတွေနှင့် ပန်းသီရင် တစ်ကုံးပြည့်တော့ ချမ်းမြေ့ ဘယ်ရောက်သွားလဲ လှည့်ကြည့်လိုက်စဉ် ချမ်းမြေ့က ဘေစင်မှာ လက်ဆေးနေလေလျှင် –

"ချမ်းမြေ့"

"___"

ထူးသံမကြားလို့ ချမ်းမြေ့ကို ချစ်လင်းပြန်လှည့်ကြည့်တော့ ချမ်းမြေ့ကလည်း သူ့ကို ကြည့်နေတာမို့ –

"ခဏလာဦး"

"ကိုလေး ဘာခိုင်းမလို့လဲ။ လှမ်းပြောလေ ရသားပဲဥစ္စာ"

"အနားလာလို့ နင့်ကိုငါ ကိုက်မစားပါဘူး။ ခဏလာဆို လာခဲ့ပေါ့။ လျှာက ရှည်လိုက်သေးတယ်"

"လာပြီ"

ချမ်းမြေ့အနားကိုရောက်လာတော့ –

"ကိုလေး ဘာပြောမလို့လဲ"

"မပြောဘူး ... ပေးမလို့"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ရော့ . . . ဒီစံပယ်ပန်းကုံးကို နှင်ပန်လိုက်"

"မဟုတ်တာ၊ ကိုလေး မမခက်ကိုပေးဖို့ သီနေတာမဟုတ်လား"

"သူ့ကို ပေးချင်စိတ်မရှိတော့လို့ နှင့်ကို ပေးတာပေါ့။ ဘာလဲ မပန်ဘူးလား။ မပန်ချင် အမှိုက်ပုံးထဲ သွားထည့်လိုက်"

"မဟုတ်တာ နှမြောစရာကြီး"

"နှမြောရင် ပန်လိုက်။ ပြီးရင် ဒီပန်းတွေ နှင်ဆက်သီပြီး ဘုရားမှာပဲ ကပ်လိုက်တော့"

"မမခက်ကို"

"ထပ်မပြောနဲ့၊ ခိုင်းတဲ့အတိုင်းလုပ်"

"ဘာတွေဗိုလ်ကျပြီး လုပ်ခိုင်းနေတာလဲ"

"ဟာ . . . ဟီးရိုး"

ရုတ်တရက် ဟီးရိုးဝင်လာတာကို မြင်လိုက်တော့ ထသွားမလို့ဟာ မသွားဖြစ်သေးဘဲ -

"လာ ထိုင်ကွာ၊ ကော်ဖီသောက်မလား"

"သောက်ခဲ့ပြီးပြီ"

"ဒါဆို ဘာစီစဉ်ပေးရမလဲ"

ဟီးရိုးက လက်ကာပြပြီး ချမ်းမြေ့လက်ထဲက စံပယ်ပန်းတွေကိုကြည့်ကာ -





"ခက်ကိုပေးဖို့ ပန်းတွေလား။ ချမ်းမြေ့ကိုသိနိုင်းတာထင်တယ်"

"မပေးတော့ပါဘူး ခက်ကို"

"ဟင် . . . ဘာဖြစ်ပြန်ပြီလဲ"

"ဘာမှမဖြစ်ပါဘူး"

"မဖြစ်ဘဲနဲ့များ။ ဟိုက မင်းကိုအဖြေပေးတော့မယ့်ဟာကို။ မင်း ခက်ကို စိတ်ကသိကအောက်ဖြစ်အောင်တော့မလုပ်နဲ့နော် ချစ်လင်း"

"မင်းက ပြောင်းပြန်ပြောနေပြန်ပြီ။ သူ့ကြောင့် ငါက စိတ်ကသိကအောက်ဖြစ်ရတာကွ"

"အခု သူက မင်းကို စဉ်းစားနေတယ်လေ။ မင်းက ဘာဖြစ်တာလဲ၊ စိတ်ပြောင်းသွားပြီလား"

တွေခနဲဖြစ်ပြီး ချစ်လင်း ပြန်ငဲ့ကြည့်လိုက်တာ ချမ်းမြေ့ကို၊ အခု ပြန်ငဲ့ကြည့်တာထက် အခြားပြန်ငဲ့ကြည့်စရာအကြောင်းတွေ ရှိလာပြီဆိုရင် သူ ဘာလုပ်ရမလဲ၊ ဒီအကြောင်းတွေ ဟီးရိုးကိုဖွင့်ပြောပြီး တိုင်ပင်လိုက်ရမလား။

ဒါလည်းမဖြစ်သေးပါဘူး။

ဟီးရိုးက စိတ်မြန်လက်မြန်သမား တဖွတ်ထိုးဆိုတော့ မဖြစ်သင့်တာတွေ ဖြစ်ကုန်ရင်ဒုက္ခ။ ချမ်းမြေ့ကလည်း သူစိုးရိမ်သလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်မှဖြစ်မှာပဲဥစ္စာ။ ပြီးတော့ ခေတ်လူငယ်တစ်ယောက်ပဲလေ သူ ပြဿနာကို ဘယ်ကိုကာကွယ်တားဆီးရမယ်ဆိုတာကိုနားလည်မှာပါ။

"မင်း အပြင်သွားဦးမလား"

"အင်း ... သွားမယ်လေ။ ဒီလိုပဲ အလုပ်မလုပ်ခင် လျှောက်လိမ့်ရတာပေါ့"

"အံမယ် ... မင်းက အလုပ်လုပ်တော့မယ်လား"

"ဟုတ်တယ်၊ ငါ လူပိုမဖြစ်ချင်ဘူး"

"မင်းပြောပုံက ငါကပဲလူပိုဖြစ်နေသလိုပဲ"

"ငါက မရည်ရွယ်ဘူး၊ မင်းဘာသာ အထကောက်တာ"

"ဟုတ်ပါပြီ၊ ဒါဆို ငါလည်း အလုပ်တစ်ခုခုလုပ်မှဖြစ်တော့မယ်ထင်တယ်"

"ကဲ ... သွားရအောင်"

"မင်း ကားပေါ်က စောင့်နေလေ။ ငါ လာခဲ့မယ်"

"အင်း"

ခေါင်းညိတ်ပြီး ဟီးရိုးထထွက်သွားသည့်တိုင် ချစ်လင်း မထဖြစ်သေးပေ။ ပြီးမှ ထလာခဲ့တော့ ချမ်းမြေ့က ပန်းတွေသီနေရာမှ ဖျတ်ခနဲမော့ကြည့်ပြီး –

"ကိုလေး"

"ဟင်"





"ပန်းတွေသီပြီးအောင် ခဏစောင့်နေပါလား။ မမခက်ကို ပေးမယ်ဆို ပေးလို့ရတာပေါ့"

"မပေးတော့ဘူးလို့ ဘယ်နှစ်ခါပြောရမလဲ။ ဘာလဲ နင်က သိပ်ပေးစေချင်နေသလား"

"မဟုတ်ပါဘူး။ ကိုလေးဆန္ဒရှိရင် ပြောတာပါ"

ဒါပဲပြောပြီး ချမ်းမြေ့ ပန်းတွေကို ပြန်ငုံ့သီနေတော့ သူက ထွက်မသွားသေးဘဲ ရပ်ကြည့်နေ၏။ နောက်တစ်ခါ ပြန်မော့မကြည့်ရဲတော့ပါဘူး။ သူက အိမ်ရှင်၊ ချမ်းမြေ့ကဧည့်သည်။ ဧည့်သည်ဆိုတာ အိမ်ရှင်ကြည်ဖြူမှ ထမင်းတစ်နပ်တောင်စားရဲတဲ့ဘဝ။ ပြီးတော့ ချမ်းမြေ့က သူတို့လိုမချမ်းသာဘူးလေ။

ဒါကြောင့် –

မမမျက်နှာနဲ့ ခိုလှုံခွင့်ရတဲ့ ဒီအသိုက်အမြုံထဲကလူတွေ စိတ်ချမ်းသာဖို့အတွက် တတ်နိုင်သလောက် ဖြည့်ဆည်းပေးရမှာပေါ့။

"ချမ်းမြေ့"

"ရှင်"

ခေါ်မှပဲ မရဲတရဲ မော့ကြည့်တော့ –

"နင် ငါ့ကို စိတ်မဆိုးဘူးလား"

"ချမ်းမြေ့ ဝဋ်ကြွေးရှိလို့ ဆပ်ရတယ်လို့ပဲ သတ်မှတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"ကိုလေး မရည်ရွယ်ခဲ့ဘူး မဟုတ်လား"

မရည်ရွယ်ဘဲဖြစ်ခဲ့လို့ပဲ ဖြေရမှာ အားနာစရာကောင်းတာ။ သူ မဖြေခင်မှာပဲ ချမ်းမြေ့က ပန်းကုံးလေးတွေယူပြီး အလိုက်သိစွာ ထွက်သွားလေတော့၏။

ကံကြမ္မာက မတန်မရာ ဆက်စပ်ပေးသော်လည်း မမျှော်လင့်ရဲပါဘူးလေ။

✳



## အခန်း (၂၁)

"ကိုကြီးရဲ့ . . . ကိုကြီးရဲ့"

"———"

"ကိုကြီးရဲ့ရေ"

"————"

"ကိုကြီးရဲ့"

ခြံရှေ့ကနေ အော်ခေါ်နေတဲ့ ကလေးသံကြောင့် သံလွင် အိမ်ထဲမဝင်သေးဘဲနှင့် လှည့်ကြည့်မိ၏။ သံလွင်က ဟိန်းရိုးကိုပြောစရာ ရှိလို့ လာခဲ့တာ။ ချစ်လင်းနဲ့စေ့စပ်ဖို့ကိစ္စ လူကြီးတွေတိုက်တွန်းမှု့ လက်ခံလိုက်ပြီဆိုတဲ့အကြောင်း ပြောဖို့လာခဲ့တာ။ သူက ဒီလိုပဲ ဖြစ်စေ



www.burmeseclassic.com

www.burmeseclassic.com



ချင်ခဲ့တာမဟုတ်လား။

သံလွင်ဝင်လာတော့ –

ခြံတံခါးကို ဒီအိမ်က ထမင်းချက်ဒေါ်ဆောင်း လာဖွင့်ပေးတာ။ အခု ဒေါ်ဆောင်းက အိမ်ထဲကို ပြန်ဝင်သွားလို့ မီးဖိုချောင်ထဲ ရောက်နေရော့မည်။

"ဟင် … ခက်"

အိမ်ထဲက ထွက်လာတဲ့ ဟီးရိုးနဲ့ဆုံလေတော့ ကလေးဆီကို လည်း ပြန်ငဲ့ကြည့်ကာ –

"နင့်ကို ခေါ်နေတာထင်တယ်"

"ဟုတ်တယ် … ငါလည်းကြားလို့ ထွက်လာတာ။ နင်ရော ငါ့ဆီလာတာလား"

"နင့်ဆီမလာလို့ ငါက ဘယ်သူ့ဆီလာရမှာလဲ။ နင့်ကို ပြောစရာရှိလို့ လာခဲ့တာ"

"အဲဒါဆို အိမ်ထဲဝင်ပြီး စောင့်။ ငါ သွားလိုက်ဦးမယ်"

ပြောပြီး ဟီးရိုးခပ်သုတ်သုတ် ထွက်လာခဲ့၏။ ခြံရှေ့က အော်ခေါ်နေတာ တူးတူးအသံဆိုတာ သူ ကောင်းကောင်းမှတ်မိတာပေါ့။ ခက်လာတာနဲ့ ဆုံလည်းဆုံတတ်ပုံ။ နိုးစားရင် မြန်မြန်ပေါ်တယ် ဆိုတာမျိုး မသိစေချင်တဲ့ကိစ္စ ပေါ်သွားရင်ဒုက္ခ။ တူးတူးနဲ့ခက် တစ်ခါ ဆုံဖူးတယ်တဲ့။





မပြောရဘူးလို့ နှုတ်ပိတ်ထားပေမယ့် –

ကလေးဆိုတော့ မှာတာတွေမေ့ပြီး လွှတ်ခနဲ မေးလို့ပြောလိုက်ရင် ဒုက္ခ။

"တူးတူး"

"ကိုကြီး"

သူ့ကိုမြင်လိုက်တာနှင့် တူးတူးမျက်နှာလေးက ဝမ်းသာအားရ ဟန်နှင့်ပါ။

"ကိုကြီး"

"မင်း ငါ့ဆီကို လာတာလား"

"ဟုတ်တယ်၊ ကိုကြီးကို သတိရလို့"

"တစ်ယောက်တည်းလား"

"ဟုတ်"

"ဟာ … မင်း လူကြီးတွေမသိဘဲလာတာ ထင်တယ်။ လာ လာ … အထဲဝင်"

"သိတော့မသိဘူး။ ဒါပေမဲ့ သား စာရေးပြီး အိမ်တံခါးဝမှာ ကပ်ထားခဲ့ပါတယ်။ သား ကိုကြီးရဲ့ကို သတိရလို့ ကိုကြီးရဲ့ဆီ ခဏသွားတယ်လို့"

"ကောင်းကွာ"

စာရေးထားခဲ့တယ်ဆိုလို့ သိပ်တော့ စိတ်မပူရပေ။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရင်တော့ လိုက်ပို့ပေးမှ။ ကလေးဆိုတော့ တစ်ယောက်တည်း အရဲစွန့်ပြီးလာတာ ဘယ်ကောင်းပါ့မလဲ။ ခါတိုင်း ဒီလမ်းကို သွားနေလာနေကျဆိုပေမယ့် ခါတိုင်းက တစ်ယောက်တည်းမှမဟုတ်တာ။

"လူကြီးတွေစိတ်ပူအောင် မင်းတော်တော်လုပ်တာပဲ။ ပြန်ရင် ငါလိုက်ပို့မယ်"

"သား ပြန်တတ်ပါတယ် ကိုကြီးရဲ့"

"ပြောရင် ပြောစကားနားထောင်"

"ဟုတ်"

သူပြောရင် ပြောသမျှ ခေါင်းညိတ်တတ်တဲ့ ပုတ်သင်ညိုလေး တူးတူးခေါင်းကိုပွတ်ပြီး ရယ်လိုက်မိပြီးမှ တစ်ခုခုကိုသတိရသွားကာ –

"တူးတူး"

"ဗျာ"

"အိမ်မှာ ခက်ရောက်နေတယ်ကွ"

"ဟုတ်လား"

"အေး ... ဟုတ်တယ်၊ သူမေးရင် မင်းအဆင်ပြေသလိုကြည့်ဖြေကွာ။ ငါနိုင်းတဲ့ကိစ္စတော့ လုံးဝမပေါ်စေနဲ့နော်"

"တူးတူးပါ ကိုကြီးရ။ ကိုကြီးကို ကာကွယ်ဖို့ဆို သားက အသေခံတပ်သား ဖြစ်ချင်ဖြစ်ပါစေ၊ အကောင်းဆုံးဖြစ်အောင် ကြိုးစား





ပေးမယ် စိတ်ချ"

"စိတ်ချဆိုတဲ့အတိုင်း ငါ စိတ်ချနေမှာနော်"

"တပည့်ကြီးကို ယုံစမ်းပါ ဆရာရဲ့"

တူးတူးက လက်မထောင်၍ ပြောလေလျှင် –

"ယုံပါတယ်၊ ကဲ ... လာသွားရအောင်"

တူးတူးနဲ့ဟီးရိုး အိမ်ထဲသို့ဝင်ခဲ့ကြတော့ ဧည့်ခန်းထဲမှာ သံလွင်က စောင့်နေ၏။ တူးတူးကိုမြင်လေတော့ –

"ဟင်"

မိုထိုင်နေရာကနေ ခါးလေးမတ်သွားတဲ့ သံလွင့်အကြည့်က တူးတူးမျက်နှာပေါ်မှာ စူးနစ်သွားလျက် လက်ညှိုးလေးလည်းထိုးကာ

"မင်း မင်း တူးတူးဆိုတဲ့ကောင်လေး မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဆို ဟီးရိုးနဲ့ သိနေတာလား"

"ဟုတ်ကဲ့ ... ကိုကြီးရဲက သားတို့မိသားစုရဲ့ ကျေးဇူးရှင်ပါ"

"ဩော်"

မသင်္ကာတဲ့ မျက်ဝန်းတွေက ဟီးရိုးဆီသို့ ရောက်သွားပြီး–

"မင်း ငါ့ဆီကို စံဖယ်ပန်းတွေနဲ့ ကောက်ညှင်းပေါင်းလာမပို့တာ ကြာပြီနော်။ ဘာဖြစ်လို့လဲ"

"အဟဲ ... အဲဒါ ပို့နိုင်းနေကျအစ်ကိုကြီးက လာမပို့နိုင်း



www.burmeseclassic.com

www.burmeseclassic.com



တော့လို့ပါ။ လာပို့ရင် သားက မုန့်ဖိုးရတယ် မမရဲ့။ အခု သားလည်း မုန့်ဖိုးမရတာကြာပြီ''

စပ်ဖြီးဖြီးမျက်နှာလေးနှင့် တူးတူးစကားပြောပုံက လက်က လေးခါလိုက် ခေါင်းလေးခါလိုက်နှင့်ရယ်ပါ။

''အဲဒီအစ်ကိုကြီးဆိုတာ နာမည်ဘယ်လိုခေါ်လဲ။ မမကို ခင်ရင် ပြောပြပါလား''

''ခက်''

''ဟင်''

''နှင် ငါ့ကိုပြောစရာရှိတယ်ဆို၊ ဘာပြောမှာလဲပြော''

ဟီးရိုး တူးတူး အခက်တွေ့မှာစိုးတာနှင့် စကားစကို ဝင်ဖြတ်လိုက်တာဖြစ်၏။ သူ တူးတူးကိုလွှတ်ပြီး ခက်အတွက် စံပယ်ပန်းနဲ့ ကောက်ညှင်းပေါင်းပို့ခိုင်းတဲ့ကိစ္စ ခက်မသိစေချင်၊ ကိုယ်က ချစ်တယ်ဆိုပြီး အရူးအမူးလုပ်ပြချင်တဲ့ကောင်မှ မဟုတ်တာ၊ အချစ်ကို လျှို့ဝှက်သိပ်သည်းစွာနဲ့ ရင်ဘတ်ထဲမှာပဲ သိမ်းထားချင်တာ။

''နှင့်ကို ဘယ်အချိန်ပဲပြောပြော ရပါတယ်။ တူးတူး မမ မေးတာကိုဖြေလေ''

မြားဦးက တူးတူးဘက်သို့ပဲ ပြန်လှည့်လေလျှင် –

''အဲဒီအစ်ကိုက သူ့နာမည်ကို ပြောမပြဘူး မမရဲ့။ နေ့တိုင်း သားကို စံပယ်ပန်းနဲ့ ကောက်ညှင်းပေါင်းသာ မုန့်ဖိုးပေးပြီး ပို့ခိုင်းတာ။





သူ့နာမည်မေးတော့ လုံးဝပြောမပြဘူး''

ပြောတတ်လိုက်တဲ့ ပါးစပ်။ စဉ်းစားမိတဲ့ ဦးနှောက်ရော ပြောပေးတဲ့ပါးစပ်ရော ဖြတ်ပြီးရွှေချထားဖို့ကောင်းတာ။ ခက် သက်ပြင်းချပြီး ဘာမှ ဆက်မမေးတော့။

''နှင် တူးတူးနဲ့ပဲ စကားပြောနေတော့မှာလား ခက်''

''အခု နှင့်ကို ငါ ပြောတော့မယ်''

''ပြော''

''လူကြီးတွေက ချစ်လင်းနဲ့ငါ့ကို သဘောတူကြတယ်၊ အဲဒါ စေ့စပ်ထားပေးချင်တယ်ဆိုလို့ ငါ လက်ခံလိုက်တယ်''

''အဲဒီတော့''

''နှင်သိအောင် လာပြောပြတာ။ နှင် ဖြစ်စေချင်တာ အဲဒီ အတိုင်းပဲ မဟုတ်လား''

သူများတွေက အပေါ်ယံသကာလူးပြီး အတွင်းမှာ ချေးလူးထားတယ်တဲ့၊ အချို့တွေပြောတာပါ။ ဟီးရိုးကတော့ သကာရည်မျိုချပြီး အပေါ်ယံချေးလူးနေရတာ ဘယ်လောက်ဆိုးလိုက်ပါသလဲ။

''နှင်သိပြီဆိုတော့ ငါပြန်တော့မယ်''



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

သံလွင် အိပ်ရာထဲမှာ တစ်ညလုံး အိပ်လို့မပျော်။ ချစ်လင်းနဲ့ စေ့စပ်ဖို့ကိစ္စ ခေါင်းညိတ်ပြီးပြီလေ။ ဒီကိစ္စက ကလေးကစားသလို ခေါင်းညိတ်ပြီးမှ ခေါင်းပြန်ခါလို့ရတဲ့ကိစ္စမှ မဟုတ်တာ။ ဟီးရိုးဖြစ်စေချင်တဲ့အတိုင်း သံလွင် ဆုံးဖြတ်ခဲ့တာမှားနေပြီလား။ သူမ မျှော်လင့်ခဲ့တာက ဟီးရိုးဆီက အချစ်ကိုလေ။

တူးတူးနဲ့ဟီးရိုး။

ဘယ်လိုပတ်သက်နေလဲဆိုတာကို သံလွင်မသကာ။ တူးတူးကို ပန်းတွေပို့နိုင်းတဲ့သူဟာ ဟီးရိုးများဖြစ်နေမလားလို့လေ။ ဟီးရိုးက သိပ်ပြီး မျိုသိပ်သိုဝှက်နိုင်သူပဲဟာ။ ဒါကြောင့် စိတ်ကူးနှင့် ဆက်စပ်





ကြည့်နေမိတာသည်။

"နေနိုင်လိုက်တာ ဟီးရိုးရာ။ မင်းမရှိတော့ ငါ ဘယ်လောက်ဝေါ်င်နေလဲ သိလား"

"ဟုတ်ပါရဲ့ ... ဖုန်းလေးဘာလေးတောင် ဆက်ဖော်မရဘူး"

"ငွေဖြည့်ကတ်ဝယ်ထည့်ဖို့ မလွယ်လို့ မဆက်တာ"

"ဘာဖြစ်လို့လဲ"

"ပိုက်ဆံမရှိလို့"

"ဟင် ... သူ့ရဲကောင်းကြီး အဲဒီလောက် မွဲသွားတာလား"

"ပစ္စည်းဆင်းရဲပေမယ့် အဲဒီမှာမှ ငါချမ်းသာခြင်းအစစ်ကိုရတာ"

ပုံရိပ်တွေ ထင်ဟပ်လာခြင်းကို ပြန်တွေးကြည့်တော့ ဟီးရိုးသူ့အိမ်ကနေ ထွက်သွားပြီး ဘယ်မှာနေခဲ့တာလဲ။ ဆင်းရဲသားရပ်ဝန်းတစ်ခုဆီမှာ သွားနေတယ်ဆိုတာကတော့ အသေအချာ။

"နင် အိမ်ထဲကို ဝင်ပါဦးလား"

"မဝင်တော့ပါဘူး သူငယ်ချင်းက ပြန်လာတော့မှာ"

"နင် အဲဒီသူငယ်ချင်းကို တော်တော်ခင်လား"

"အင်း ... ခင်တာပေါ့။ သူက အရမ်းချစ်ဖို့ကောင်းတာ"

"ဟင် ... မိန်းကလေးလား"



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားလေးပါ"

"ဟင်"

သံလွင် အိပ်ရာထဲကနေ ဆတ်ခနဲ ငုတ်တုတ်ထထိုင်မိ၏။ အဲဒီတုန်းက ဟီးရိုးပြောခဲ့တဲ့ သူ့သူငယ်ချင်းဆိုတာ တူးတူးလား။ အရမ်းချစ်ဖို့ကောင်းတယ်လို့ပြောတာ အကြောင်းမဲ့မှမဟုတ်တာ။ တူးတူးက အရမ်းချစ်ဖို့ကောင်းတယ်လေ။

ပြီးတော့ –

ဟီးရိုးဆိုတဲ့ကောင်က ချစ်လင်းနဲ့သံလွင်ကလွဲရင် ကျန်တဲ့သူကို အရေးတယူ ခင်မင်ရင်းနှီးတဲ့သူမှ မဟုတ်တာ။ အဲဒီကောင်က လူကြီးတွေနဲ့သာ မတည့်တာ ကလေးတွေကျတော့ ချစ်တတ်သည်လေ။ ဒါဆို တူးတူးသူမကို ညာနေတာလား။ သူပြောတဲ့အစ်ကိုကြီးဆိုတာ ဟီးရိုးဖြစ်နေရင် –

"ကျွတ်"

သံလွင် စိတ်ရှုပ်စွာနှင့်ပဲ စောင်ကို ခေါင်းမြီးခြုံပြီး ဖွတ်မှိတ်အိပ်ဖို့ ကြိုးစားလေလျှင် နောက်တော့ အိပ်ပျော်သွားလေတော့၏။ မနက်မိုးလင်းလို့ ဟီးရိုးအိမ်ကိုလာခဲ့တော့ ဟီးရိုးက အပြင်သွားဖို့ ထွက်လာတာနှင့်တိုးပြီး –

"ခက်"

"နင် ဘယ်သွားမလို့လဲ"





"ဆေးရုံသွားမလို့"

"ဟင် . . . ဘယ်သူ ဘာဖြစ်လို့လဲ"

"မနေ့က တူးတူး ဒီလာနေတုန်း သူ့အဘွား အိမ်ပေါ်လှေကားကနေပြုတ်ကျတာ လက်ကျိုးသွားတယ်လို့ပြောတာပဲ။ တူးတူးက ကျောင်းတက်နေရတာဆိုတော့ ဒီမှာ ဒါနဲ့ ခေါ်ထားမှဖြစ်မှာ"

"ငါ နင့်ကို မေးစရာရှိလို့လာခဲ့တာ"

"နင့်မှာ ပြောစရာ မေးစရာတွေက မကုန်နိုင်ပါလား"

"ဟုတ်တယ်၊ နင်နဲ့ပတ်သက်ပြီး အဲဒီအတိုင်းဖြစ်ခဲ့တာ"

"ငါ အချိန်သိပ်မရဘူး။ ဘာမေးမှာလဲ မေး"

ခြော် . . . တူးတူးက ကိုယ့်ထက်ပိုအရေးကြီးပြီး ဦးစားပေးခံဖြစ်နေပါလားလို့ တွေးမိပြီး ဝမ်းနည်းသလိုလို။

"တူးတူးကို ပန်းတွေ နေ့တိုင်း ပို့ခိုင်းတာ နင် မဟုတ်လား"

ဒဲ့ပဲမေးချလိုက်တော့ ဟီးရိုး နှုတ်ခမ်းက လွန့်လူးသွားလျက်–

"အဲဒီလို စိတ်ကူးယဉ်ဆန်တဲ့အလုပ်တွေ ငါမလုပ်တတ်မှန်း နင်သိပါတယ်"

"ဘာ"

မလုပ်တတ်တာမှန်းသိပေမယ့် လုပ်တယ်ထင်လို့ သံလွင်က မေးမိတာ။ အခုမလုပ်ဘူး မဟုတ်ဘူးဆိုတော့ ရင်ထဲမှာ နင်တင်တင်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"နင်က ဘာလို့ ငါ့ကို ထင်တာလဲ"

"နင်က တူးတူးကို သိပ်အရေးပေးပြီး ချစ်တယ်၊ တူးတူးက လျှို့ဝှက်လွန်းတယ်။ အဲဒါ ထင်စရာမဟုတ်ဘူးလား"

"မထင်နဲ့ မဟုတ်ဘူး"

"သေချာတယ်နော်"

"အဲဒီကိစ္စ နင့်အတွက် သိပ်အရေးကြီးနေသလား"

"နောက်မှ နောင်တရတာမျိုး မဖြစ်စေချင်လို့ပါ"

ဟီးရိုး သံလွင့်မျက်နှာကို ခပ်ငေးငေးကြည့်မိတော့ သံလွင်က နှုတ်ခမ်းကို တင်းတင်းစေ့ထားလျက်၊ ချစ်လင်းနဲ့စေ့စပ်တော့မှာပဲ ဟာ ဘာတွေကိုသိပြီး ဘာတွေကို နောင်တရဦးမှာလဲ၊ ကိုယ့်ကြောင့် သူတို့နှစ်ယောက်ကြားမှာ အဖုအထစ်တွေ မရှိစေချင်ဘူးဆိုတော့–

"ငါ ဘယ်တော့မှ နောင်တမရဘူး"

*

## အခန်း (၂၃)

"သားရယ် ... သားက ဒေါ်လေးတို့ကို ဒီလောက်ကူညီနေတော့ အားနာလိုက်တာကွယ်"

"မလိုပါဘူး ဒေါ်လေးရယ်။ ကျွန်တော်က မပြည့်တဲ့ရေအိုးကို ဖြည့်ပေးတာပါ။ ပြည့်ပြီးသားရေအိုးကို လောကွပ်ချော်ပြီး ဖြည့်ဖို့ ဝါသနာမပါဘူး။ ဒေါ်လေး ဘာမှအားမငယ်နဲ့နော်။ တူးတူးအတွက်လည်း ဘာမှစိတ်မပူနဲ့။ တူးတူးကို ကျွန်တော်နဲ့ ခေါ်ထားမှာပါ"

"ကျေးဇူးတင်ပါတယ် သားရယ်။ တူးတူးကို ခေါ်သွားရင် သားအတွက် တာဝန်တွေပိုနေပါ့မယ်"

"တူးတူးက ထမင်းချို့ နှပ်သုပ်ပေးနေရတဲ့ ကလေးသေး



www.burmeseclassic.com

www.burmeseclassic.com



သေးလေးမှ မဟုတ်ဘဲ ဒေါ်လေးရဲ့။ သူ့ကိုယ်သူ ပြုပြင်ထိန်းသိမ်းနိုင်နေပြီပဲ ဉစ္စာ''

''ဟုတ်တယ်၊ သား ... ကိုကြီးနဲ့ အတူနေချင်တယ်။ လိုက်သွားမယ်နော် ဘွားဘွား''

တူးတူးက ဟီးရိုးကို ခင်တွယ်သံယောဇဉ်ကြီးနေသူမို့ ဟီးရိုးနှင့်အတူ လိုက်နေရမှာကိုပဲ ပျော်နေပုံရသည်။ သံယောဇဉ်ဆိုတာ အဲဒီလိုပဲလေ မမြင်နိုင်တဲ့ကြိုးပဲဉစ္စာ။

''အေးလေ ... မြေးလိုက်သွားချင်တယ်ဆိုတော့လည်း ဘွား မတားတော့ပါဘူး။ ဒါပေမဲ့ အိမ်မှာနေသလိုတော့ မရဘူးနော်''

''သားသိပါတယ် ဘွားရဲ့''

အဘွားလုပ်သူက ခွင့်ပြုလိုက်တာနှင့် တူးတူးက ဟီးရိုးခါးကို ဖက်ပြီး လက်ညှိုးလေးနှင့်တို့လေလျှင် –

''ဟကောင် ... မလုပ်နဲ့ကွ၊ ယားတယ်''

''မြေး ... ကိုကြီးကို မစနဲ့လေ''

လက်ညှိုးလေးက ရပ်သွားပေမယ့် လက်ဖဝါးကတော့ ဟီးရိုးခါးကိုဖက်ထားဆဲပါ။ ဟီးရိုးက တူးတူးမျက်နှာလေးကို ငုံ့ကြည့်ရင်း လည်ပင်းကိုလည်းဖက်လိုက်ကာ –

''တို့သွားရအောင်''

''ဟုတ်''





''ဒေါ်လေး ကျွန်တော်တို့ သွားတော့မယ်နော်။ လိုအပ်တာရှိရင် ကျွန်တော့်ကို ဖုန်းဆက်ပေါ့။ ကျွန်တော့်ဖုန်းနံပါတ်ကို ဒေါ်လေးတို့ သိနေတာပဲဉစ္စာ''

''အေးပါကွယ် ... စိတ်ချလက်ချသာ သွားပြန်ပါ''

တူးတူးက ကလေးဆိုတော့ လူကြီးတွေလောက် ပူပန်သောက ဘယ်ရှိနိုင်ပါ့မလဲ။ ဟီးရိုးနဲ့အတူ လိုက်လာခဲ့ပြီး အဘွားကို တစ်ချက်တော့ ပြန်ငဲ့ကြည့်တာမြင်လိုက်ရ၏။ ကားမောင်းထွက်ခဲ့ပြီးနောက် ဗိုက်က ဆာသလိုရှိတာနှင့် စားသောက်ဆိုင်သို့ဝင်ခဲ့စဉ် –

''ကိုကြီး ဘယ်ကိုလဲ''

''တစ်ခုခုစားရအောင်လေ၊ မင်း ဗိုက်မဆာဘူးလား''

တူးတူး ခုမှပဲ ဗိုက်ကလေးကိုပွတ်၍ –

''ဆာတော့ ဆာသလိုလိုပဲ''

''ဆာရင် စားရမယ် ... လာ''

အတူတူဝင်ခဲ့ကြပြီး စားသောက်ဆိုင်ထဲကိုရောက်တော့ စားစရာ သောက်စရာတွေမှာပြီး စောင့်နေကြစဉ် –

''ကိုကြီး''

''ဟင်''

''မမခက် သနားပါတယ်နော်''

''မင်းက ဘာကိုသနားတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"သူ့ခမျာ ပန်းတွေရောက်လာမလားလို့ မျှော်နေရတာကို လေ။ ကိုကြီးက ဘာလို့ မပို့နိုင်းတော့တာလဲ"

"မပို့ချင်တော့လို့ မပို့နိုင်းတာ၊ လျှာမရှည်နဲ့။ ကလေးက ကလေးလိုမနေဘူး"

"ကိုကြီးကလည်း"

"ဟာ ဟီးရိုး ... ခက် ဒီမှာ ဟီးရိုးဟ"

ဆိုင်ထဲသို့ ဝင်လာသူတွေက ချစ်လင်းနှင့်သံလွင်ဖြစ်ပြီး ဟီးရို့ တို့ကိုမြင်တော့ သံလွင်က အံ့ဩဟန်လေးနှင့်။ နောက်မှ ချစ်လင်းက လက်ဆွဲခေါ်လာလို့ တစ်ဝိုင်းတည်း အတူတူထိုင်ဖြစ်ကြလေလျှင် စောစောကပြုံးနေတဲ့ တူးတူးမျက်နှာ ဘာကိုသဘောမကျလို့ တည် သွားမှန်းမသိ။ သူကိုယ်သူပဲ သိမှာပေါ့။

တူးတူး -

ကိုယ့်ကိုကြီးချစ်နေတဲ့ မိန်းကလေးကို ကိုကြီးမဟုတ်တဲ့ အခြားတစ်ယောက်က လက်ဆွဲခေါ်လာတာမြင်တော့ ဘယ်လိုလုပ်ပြီး စိတ်ကောင်းနိုင်မှာလဲ။

ကိုကြီးကလည်း မြုံ့စိစိနဲ့။ သူများနဲ့အတူတူ တွဲလာတာကို ကြည့်ပြီး ပြုံးနေနိုင်သေးတယ်။ အမြင်ကတ်ဖို့ကောင်းလိုက်တာ။

"ဟီးရိုး"

"ဟင်"





"သူက ခက်ပြောတဲ့ တူးတူးဆိုတာလား"

"အင်း ... ဟုတ်တယ်"

"ချစ်စရာလေးပဲကွ၊ နေဦး သူ့ကို ငါမြင်ဖူးသလိုပဲ"

"မြင်ဖူးမှာပေါ့၊ စံပယ်ပန်းတွေလာပို့ဖူးတာ"

"ဟုတ်လား ... မင်းက ဒါဆို ငါ့ကို မှတ်မိနေမှာပေါ့"

ပြောပြီး ချစ်လင်းက ခေါင်းလေးကို လှမ်းပုတ်တာကိုပဲ မလိုလားစွာ ငဲ့ရှောင်လေသည်။

"ခက်"

"----"

"ဘာစားမလဲ မှာကြလေ။ ဒီဝိုင်းကို ငါရှင်းပါ့မယ်"

"မင်း ရှင်းမယ်လား။ ဒါဆို အားမနာတမ်း မှာရသေးတာ ပေါ့"

ခက်က ဘာမှပြန်မပြောဘဲ ချစ်လင်းကပဲ ပြောပြီး ဝိတ်တာ လေးကိုခေါ်၍ မှာ၏။ နောက်ဆို ... ဒီလို သုံးယောက်ဆုံပြီး အရင် လို သူငယ်ချင်းတွေ ပျော်ပျော်ရွှင်ရွှင်နေကြဖို့ဆိုတာ လွယ်မှမလွယ် တော့ပဲ။

"မင်းတို့ စေ့စပ်ဖို့ ရက်သက်မှတ်ပြီးပြီလား"

"အင်း ... သတ်မှတ်ပြီးပြီလေ။ ခက် မင်းကို ပြောမပြဘူး လား"



www.burmeseclassic.com

www.burmeseclassic.com



"မပြောပါဘူး။ စေ့စပ်ဖို့ သူလက်ခံလိုက်တဲ့အကြောင်းပဲ ပြောတာ"

"ငါက မလိုအပ်ဘူးထင်လို့ မပြောတာပါ"

"လိုအပ်တာပေါ့ ခက်ရဲ့၊ ဟီးရိုးက တို့အချစ်ဆုံး သူငယ်ချင်းဆိုတော့ သူသိသင့်တာပဲ ဥစ္စာ"

ဆိုပြီး ချစ်လင်းက စေ့စပ်မယ့်ရက်ကိုပြောပြလေ၏။ ဒါကို နားထောင်ပြီး တူးတူးက ဟီးရိုးမျက်နှာကိုမော့ကြည့်လိုက်တာ သူ့အကြောင်းနှင့်သူ။ စေ့စပ်မယ်ဆိုတာ ဘာလဲ၊ သိသလိုလို မသိသလိုလိုနှင့်မို့ သေသေချာချာသိရအောင် –

"ကိုကြီး စေ့စပ်မယ်ဆိုတာ မင်္ဂလာဆောင်တာတော့ မဟုတ်ပါဘူးနော်"

"အင်း ... မင်္ဂလာဆောင်တာတော့မဟုတ်သေးဘူးပေါ့။ ဒါပေမဲ့ ... အဲဒီနှစ်ယောက် တစ်နေ့နေ့မှာ လက်ထပ်ပြီး မင်္ဂလာဆောင်ရမယ်ဆိုတာကို အသိအမှတ်ပြုကြတာပေါ့"

"မင်္ဂလာမဆောင်ဖြစ်ရင်ရော ဘာဖြစ်လဲ"

"ဆောင်ပြီးတာ မဟုတ်သေးတော့ ဘာမှမဖြစ်ဘူးပေါ့ကွ။ နှစ်ယောက်စလုံး လူပျိုက လူပျို၊ အပျိုက အပျိုပဲ။ ကြိုက်တဲ့သူကို ယူခွင့်ရှိတယ်"

"ဟုတ်လား"





နောက်ထပ်ဖြေပေးတာက ချစ်လင်းပဲမို့ တူးတူးမျက်နှာက ပြုံးတာမဟုတ်ပဲ ပြုံးတော့မလိုလို။ ဘာကြောင့်လဲဆိုတာ ဟီးရိုး သဘောပေါက်တာပေါ့။

တူးတူးကြောင့် အနှောင့်အယှက်မဖြစ်အောင် တားဆီးပေးရမှာတော့ သူ့တာဝန်။ တူးတူးက သူ့အတွက်ဆိုရင် ဘာမဆိုလုပ်မယ့် ကောင်လေးဆိုတော့ သတိတော့ထားမှ။

"အား ... ကျွတ် ကျွတ်"

"ဟင်"

"ဘာဖြစ်တာလဲ"

"ခြေထောက်ကျင်လို့"

"အဲဒါဆို တံတွေးစွတ်လိုက်ပါလား"

"အင်း"

ဒါ တူးတူး တမင်ဉာဏ်ဆင်တယ်ဆိုတာကို ဘယ်သူမှမသိ။ အောက်ကိုငုံ့ကြည့်တော့မလိုလိုနှင့် သူတို့မှာထားလို့ အရင်လာချပေးထားတဲ့ ဖရဲသီးဖျော်ရည်ဖန်ခွက်ကို ချစ်လင်းဘက်သို့ တွန်းချလိုက်လေလျှင် –

"ဟာ"

"ခွမ်း"

ဖန်ခွက်က ချစ်လင်းပေါင်ပေါ်သို့ကျပြီးမှ အောက်သို့



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆင့်ကျသွား၏။ မတော်တဆလိုလိုနှင့် တွန်းချလိုက်တာဆိုတော့ ရုတ်တရက် တမင်လုပ်မှန်း ဘယ်သူမှမသိကြပေ။ ချစ်လင်း ပေါင်ပေါ် မှာစင်သွားတာတွေကို ငုံ့ကြည့်ပြီး မျက်နှာက ရှုံ့ရှုံ့မဲ့မဲ့ ဖြစ်သွားလျက်။

"ကျွတ် . . . သွားပါပြီကွာ"

ဟီးရိုးမျက်နှာနှင့်မို့ ဒီထက်လည်း ပိုမပြောရဲပေ။

"တူးတူးရာ မင်းလုပ်လိုက်ရင် အရမ်းပဲ"

"ဆောရီး . . . သား တောင်းပန်ပါတယ်၊ သား ပြန်သုတ်ပေး မှာပါ ကိုကြီးရဲရ"

"မင်း ပြန်သုတ်ပေးတော့ရော ပင်ကိုအတိုင်းဖြစ်မှာမို့လို့လား၊ မင်း ငါ့မျက်နှာကို တော်တော်အိုးမည်းသုတ်တဲ့ကောင်"

"ကိုကြီးကလည်း သူ့အိမ်တောင်မရောက်သေးဘူး သားကို ဆူနေပြီ"

"ဟေ့ကောင်"

"ကဲ . . . ပြောမနေပါနဲ့တော့ ဟီးရိုးရယ်။ ချစ်လင်း နင် ဘောင်းဘီအသစ်သာ သွားဝယ်ဝတ်လိုက်တော့"

"အဲဒီလိုပဲ လုပ်ရတော့မှာပေါ့"

"ပြောပြီး ချစ်လင်း ထရပ်လိုက်တော့ –

"ကိုကြီးနာမည်က"

လက်ညှိုးလေးထိုးပြီး မေးလေလျှင် –





"ချစ်လင်း . . . ချစ်လင်း"

သိလျက်နဲ့ တမင်မေးလိုက်တာမို့ တူးတူး ကိုယ့်ဘာသာ မရယ်မိအောင် မနည်းထိန်းလိုက်ရ၏။

"ကိုချစ်နဲ့ ကျွန်တော်ပါ လိုက်ခဲ့မယ်လေ"

"တူးတူး"

"ဗျာ"

"မင်းက ဘာလိုက်လုပ်မှာလဲ၊ မလိုက်နဲ့"

"သားက ကိုချစ်ကို စိတ်မချလို့ပါ ကိုကြီးရဲ့။ ကောင်မလေး တွေ စရင် သားပါတော့ ရန်တွေ့လို့ရတာပေါ့။ ဟုတ်တယ်နော် ကိုချစ်၊ သားလိုက်ခဲ့မယ်"

"ကဲ လိုက်ကွာ . . . လိုက် လိုက်"

ချစ်လင်း ထွက်သွားတော့ တူးတူးလည်း လိုက်သွားလေ ၏။ ကလေးက ကလေးနဲ့တန်တဲ့အတွေးနဲ့ ဘာတွေ ဘယ်လိုလုပ်ဦး မည်မသိ၊ တူးတူး ခုလိုလုပ်တာကတော့ ရှင်းပါတယ်။ ခက်ကို ချစ်လင်း နဲ့ အတူတွဲပြီး မမြင်ချင်လို့ ခွဲထုတ်လိုက်တာလေ။ အခု သူဖြစ်စေချင် တဲ့အတိုင်း ဟီးရိုးနဲ့သံလွင်ခက် နှစ်ယောက်တည်း ကျန်ခဲ့ခြင်းမှာ –

"နင်က ဘာကိုခေါင်းခါပြီး သက်ပြင်းချတာလဲ ဟီးရိုး"

"တူးတူးကြောင့် ချစ်လင်းကို အားနာလို့ပါ"

"တော်တော် စိမ်းကားတတ်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ"

"တို့တွေ သူငယ်ချင်းဆိုတဲ့စိတ် နှင့်မှာ ရှိနေသေးရင် အားနာဖို့မှမလိုတာ"

ဟီးရိုး တွေခနဲဖြစ်ပြီးမှ မျက်နှာလွှဲလိုက်မိ၏။ အရင်လိုနေလို့မှ မရကြတော့ပဲလေ။ ကိုယ်ပြောတာမှားတယ်အထင်နဲ့ အောင်လသီချင်းလို တောင်းပန်လိုက်ရမလား။

✻



## အခန်း (၂၄)

တူးတူး ဘောလုံးကို ပုတ်ကာ ပုတ်ကာနှင့် အိမ်ထဲမှာပဲ ကစားနေစဉ် ပုတ်ရင်းကနေ လက်လွှန်ပြီး ဘောလုံးက လက်ကနေ လွင့်ထွက်သွားခြင်းမှာ –

"ခွမ်း"

"ဟာ"

"ဟဲ့"

လှေကားပေါ်ကနေ ဆင်းလာတဲ့ နီလာခင် မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် ချက်ချင်း အပြေးတစ်ပိုင်းနှင့် ဆင်းလာမိ၏။ သူမ သဘောကျလို့ ဝယ်လာတဲ့ အလှပန်းအိုးလေး စားပွဲပေါ်မှာတင်ထားတာ



www.burmeseclassic.com

www.burmeseclassic.com



ဘောလုံးမှန်လို့ ကွဲသွားပြီလေ။

"ဟဲ့ကောင်လေး . . . နင် ဘယ်လိုလုပ်လိုက်တာလဲ။ ငါ့ ပန်းအိုးလေးကွဲသွားပြီ။ ကမြင်းချင် ခြံထဲဆင်းပြီး ကမြင်းပါလား ခွေးသူတောင်းစားလေးရဲ့။ ခုတော့ အိမ်ထဲမှာ . . . တောက်"

"သား ပြန်သိမ်းပေးပါ့မယ် အန်တီရဲ့"

"ပြန်သိမ်းပေးရုံနဲ့ရမလား။ ငါ့ပန်းအိုးက ကွဲသွားပြီ။ နင် ဘယ်လိုလုပ်ပေးမလဲ ပြော။ တန်ဖိုးမှ နားမလည်တာ လုပ်မှာပေါ့"

"သားလည်း မတော်တဆ ဘောလုံးကို လက်နဲ့ပုတ်မိသွားတာပါ။ သား တောင်းပန်ပါတယ်"

"တောင်းပန်ရုံနဲ့ မပြီးဘူးဟဲ့၊ သူများအိမ်လာနေပြီး စည်းကမ်းမရှိတဲ့ဟာလေး တွေ့မယ်"

နီလာခင် ဒေါသဖြစ်ဖြစ်နှင့် ကြက်မွေးတံကိုသွားယူတာ မြင်လေလျှင် တူးတူးခမျာ ကြောက်လည်းကြောက်၊ မပြေးရဲဘဲလည်း ရှိနေ၏။ ဒါကြောင့် ငိုမဲ့မဲ့နှင့် ခပ်တွေတွေ ရပ်နေစဉ်မှာပဲ နီလာခင် အနားပြန်ရောက်လာပြီး –

"ဒီလောက် စည်းကမ်းမရှိတဲ့ဟာလေး . . . ကဲဟယ်"

"အား"

"ကဲဟယ်"

"ကိုကြီးရေ . . . ဟီး"





"ဟော့ . . . အသံမထွက်နဲ့ တိတ်စမ်း"

"အီး ဟီး ဟီး"

နီလာခင် နောက်ထပ်ရိုက်ဖို့ ရွယ်လိုက်တော့ –

"မနီလာ"

တူးတူးရှေ့ကနေ အတင်းဝင်ရပ်ပြီး နီလာ့ကိုဆွဲတော့ လွဲတော့မတတ်ဖြစ်ပြီး စူးစူးရဲရဲကြည့်နေတာ ဟီးရိုးပါ။ တူးတူးရဲ့ငိုသံကြားလို့ သူအတင်းလာခဲ့တာ။ ဘာများဖြစ်သလဲလို့ စိုးရိမ်ပြီးပြေးလာတာ ဒီရောက်တော့ နီလာခင်ရိုက်နေတာကို တွေ့ပြီး စိတ်ထဲမှာ ဖျဉ်းခနဲပါပဲ။

"ခင်ဗျား . . . အဲဒါ ဘာလုပ်တာလဲ"

"ရိုက်နေတာလေ၊ မမြင်ဘူးလား"

"ရိုက်နေတာကို မြင်တယ်။ ဘာလို့ရိုက်တာလဲလို့ မေးတာ။ တူးတူးကို ကျွန်တော်ခေါ်လာတာ ဘာပဲဖြစ်ဖြစ် ကျွန်တော့်မှာ တာဝန်ရှိတယ်ဗျ။ ဘာဖြစ်တာလဲ ကျွန်တော့်ကို ပြောမှပေါ့"

"မကျေနပ်တာကို ငါက နင့်ကိုစောင့်ပြီး သံတော်ဦးတင်နေရဦးမှာလား။ ဒီမှာ ဘောလုံးမှန်လို့ ပန်းအိုးကွဲသွားပြီ နင် မမြင်ဘူးလား"

ဟီးရိုးမြင်လိုက်တော့ မှန်ပါသည်။ ပန်းအိုးက ကွဲနေပြီး အစိတ်စိတ်အမွှာမွှာ။ အပြောမတတ်တော့ ဆဲတာနဲ့တူငယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



နီလာခင် ဒီကိစ္စကို အေးအေးဆေးဆေးပြောလို့ရပါလျက်နှင့် ကလေးကိုရိုက်တာ ဘယ်လိုကောင်းပါ့မလဲ။

"ပန်းအိုးကွဲတာ ဘာဖြစ်လဲ။ ခင်ဗျား ကျွန်တော့်ကိုပြောပါလား။ အစားပြန်ဝယ်လို့ရတာပဲဥစ္စာ။ ကလေးကို ဘာမှ ရိုက်စရာမလိုဘူး"

"နေစမ်းပါဦး နင်က ဒီကလေးကိုထိရင် သည်းသည်းလှုပ်ဖြစ်နေရအောင် နင်က ဖအေလား၊ ဘာလဲ"

"မနီလာ"

ဟီးရိုးအော်သံက ဟိန်းထွက်သွားပြီး –

"ခင်ဗျား လွန်လာပြီနော်"

"လွန်တော့ နင်က ဘာလုပ်ချင်လဲ၊ စည်းကမ်းမရှိတဲ့ ကလေကဝကလေးကို အိမ်ပေါ်ခေါ်တင်လာပြီးတော့"

"ခင်ဗျား . . . ဟာ"

"ဟော့ကောင် ရပ်စမ်း"

စိတ်လိုက်မာန်ပါနှင့် လက်ရွယ်လိုက်တဲ့ ဟီးရိုးလက်က တားသူ မရှိရင် နီလာခင့်ပါးပြင် ဖြန်းခနဲဖြစ်သွားမှာက ကျိန်းသေ။ တစ်ယောက်ကိုတစ်ယောက် ကြည့်မရပေမယ့် အဘတ်နိုင်ဆုံး ဘာမှမပြောမိအောင် ဆင်ခြင်နေတာ ဘယ်လောက်ကြာပြီလဲ။

"နီလာက ငါ့မိန်းမ၊ မင်းအမေနေရာကို ယူထားတဲ့သူ





မင်း အဲဒီလောက်အထိ မိုက်ရိုင်းဖို့မလိုဘူး"

"သားဘက်က ဘယ်တုန်းကမှ အမေနေရာမပေးနိုင်သလို ဘယ်တော့မှလည်း သဘောထားနိုင်မှာမဟုတ်ဘူး"

"ငါကလည်း နင့်လိုပဲဆိုတာ မှတ်ထားလိုက် သူရဲကောင်း"

"နောက်ကို ဆင်ခြင်ပါ့မယ်လို့ မင်း ငါ့ကို ကတိပေးထားတာ မေ့နေပြီလား သူရဲကောင်း"

"ဒီကလည်း မပြောချင်ပါဘူး။ အခု ဒယ်ဒီ့မိန်းမက သူတောင်းစားချင်း ခွက်စောင်းထခုတ်လို့ ပြောနေတာ"

"ဘာဟဲ့"

"တောက်"

ဟီးရိုး တူးတူးကိုဆွဲခေါ်သွားလေတော့ နီလာခင် ဆွေ့ဆွေ့ခုန်၍ ကျန်ခဲ့လေတော့၏။ သူတောင်းစားချင်း ခွက်စောင်းခုတ်တယ်ဆိုတော့ ဟိုတူးတူးဆိုတဲ့ကောင်လေးလို သူများအိမ်ကပ်နေတဲ့သူလို့ ပြောလိုက်ခြင်းပဲပေါ့။

✲



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

ချမ်းမြေ့ ထမင်းစားခန်းထောင့်မှာထိုင်ပြီး တစ်ယောက်တည်း မျက်ရည်တွေသာကျနေမိ၏။ ကိုလေးမေးတုန်းကတော့ ဘာမှမဖြစ်ဘူးလို့ပြောခဲ့ပြီး အခုဖြစ်နေပြီ။ ချမ်းမြေ့ ဘာလုပ်ရမလဲ။

ကိုယ်ထဲလက်ထဲ နေမကောင်းဖြစ်ပြီး ဓမ္မတာကလည်းမပေါ်လို့ ကြားဖူးနားဝနှင့် ကိုယ့်ကိုယ့်ကိုယ် မသင်္ကာလို့ ဘယ်သူမှမသိအောင် ဆေးခန်းသွားပြခဲ့တာ ထင်တဲ့အတိုင်းပါပဲ။

ချမ်းမြေ့မှာ ကိုယ်ဝန်ရှိနေပြီတဲ့။

ကိုလေးနဲ့မမခက်က ဇွဲစပ်ဖို့ ကြားနှစ်ရက်ပဲ လိုတော့သည်လေ။ ခုမှပြောပြလည်း ကိုလေးက လက်ခံမှာမဟုတ်သလို အားလုံး





စိတ်ဆင်းရဲတဲ့အဖြစ်ကို ကြုံရမှာ။ ချမ်းမြေ့ဘဝနဲ့ ချမ်းမြေ့ပဲရှိပါစေတော့။ ဘာလုပ်သင့်သလဲ စဉ်းစားကြည့်တော့ အဖြေကမထွက်။ မရည်ရွယ်သလို ကိုယ့်ဆန္ဒလည်းမပါခဲ့သော ဒီကိစ္စအတွက် ဘယ်သူ့ကို အပြစ်တင်ရမလဲ။

ချမ်းမြေ့သေတာပဲ ကောင်းပါတယ်။

အားကိုးစရာဆိုလို့ မမတစ်ယောက်ပဲရှိတာ။ မမကလည်း သူ့အလုပ်နဲ့သူ ချမ်းမြေ့ကို ဂရုစိုက်နိုင်တာမှမဟုတ်တာ။ အထီးကျန်ဆန်တဲ့ဘဝမှာ ဒုက္ခကထပ်တိုးလာတော့ –

"အဟင့်"

ချမ်းမြေ့ ဆုံးဖြတ်ချက်တစ်ခုနှင့် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ဖို့ ကြိုးစားလိုက်စဉ် –

"ချမ်းမြေ့"

"ဟင်"

'နင် အဲဒါ ဘာလုပ်တာလဲ"

ချမ်းမြေ့အနားသို့ လွှားခနဲရောက်လာသူက ဟီးရိုးပါ။ သူ ချစ်လင်းကိုမတွေ့လို့ လိုက်ရှာနေတာ။ ချစ်လင်းကိုမတွေ့ရဘဲ မြင်လိုက်ရတာက ချမ်းမြေ့ ကြိုးဆွဲချဖို့ လုပ်နေတာ။ ဒါ သူ့ကိုယ်သူသေကြောင်းကြံတဲ့ကိစ္စမို့ ဟီးရိုး အတင်းဝင်ဆွဲချလေတော့ –

"အဟင့် ... ဟီး"



www.burmeseclassic.com

www.burmeseclassic.com



''ချမ်းမြေ့ နင်ဟာ၊ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံရင် အဖန်ငါးရာငါးကမ္ဘာ ခံရတယ်ဆိုတာ နင်မသိဘူးလား''

''မသိဘူး၊ ချမ်းမြေ့ သေချင်တာပဲသိတယ်၊ ချမ်းမြေ့ သေချင်တယ်''

''ချမ်းမြေ့''

ဟီးရိုး ချမ်းမြေ့ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်ပြီး -

''နင်က ဘာဖြစ်လို့ သေချင်တာလဲ၊ သေချင်တဲ့အကြောင်း အရင်းက ဘာလဲ ပြောစမ်း''

''ဟင့်အင်း''

''ချမ်းမြေ့''

ချမ်းမြေ့က ခေါင်းတခါခါနှင့် မျက်ရည်တွေသာကျနေတော့၏။

''ချမ်းမြေ့ ... နင် ငါ့မျက်နှာကို မော့ကြည့်စမ်း''

''ဟင့်အင်း''

''ကြည့်စမ်းပါ ... နင် ဘာဖြစ်လို့လဲပြော၊ ဒီမှာ ငါ့ကို နင့်အစ်ကိုရင်းတစ်ယောက်လို သဘောထားပြီးပြောစမ်းပါ။ ဘာဖြစ်ဖြစ် ငါ ကူညီဖြေရှင်းပေးမယ်''

''ဒီကိစ္စ ကိုဟီးရိုး မကူညီနိုင်ပါဘူး။ ချမ်းမြေ့သေတာပဲ ကောင်းပါတယ်''





''ဟ ... ပြဿနာတိုင်းက ဖြေရှင်းလို့ရတယ်လေ၊ နင်ပြော မပြောဘဲနဲ့တော့ ဘယ်လိုဖြေရှင်းလို့ရမှာလဲ။ သေချင်လောက်အောင် ဆိုတော့ ပြဿနာက မသေးဘူးလို့ ငါ ထင်တယ်။ ငါ့ကို နင့်အစ်ကို နင့်သူငယ်ချင်းလို သဘောထားပြီး ပြောစမ်းပါ''

''ချမ်းမြေ့ မပြောပါရစေနဲ့''

''မပြောပါရစေနဲ့ဆိုပြီး နင် နင့်ကိုယ်နင် သေကြောင်းကြံလို့ မဖြစ်ဘူးလေ။ အဲဒီလိုလုပ်ရင် ကျန်ခဲ့တဲ့မိသားစုပါ ဒုက္ခရောက်မယ် ဆိုတာ နင် နားမလည်ဘူးလား''

ဒီတော့မှ ချမ်းမြေ့ သူ့မျက်နှာကိုမော့ကြည့်ဖြစ်၏။ မော့ကြည့်တဲ့ မျက်ဝန်းတွေမှာ မျက်ရည်များက သံယောဇဉ်ဖြတ်လို့မရအောင် တသွင်သွင်စီးဆင်းနေလျက်ပါ။

ဒီကောင်မလေးက ရိုးသားအေးချမ်းသူလေးမို့ ဟီးရိုး ကိုယ် ထင်ချင်တာကို မထင်ရက်ပေ။

''ဒါဆို ကိုဟီးရိုး ချမ်းမြေ့ကို တစ်ခုလောက်ကူညီပါနော်''

''ပြော ... ဘာကူညီရမလဲ''

''ချမ်းမြေ့ ဒီအိမ်ကနေ အဝေးဆုံးကို ထွက်သွားချင်တယ်၊ အဲဒါ ကိုဟီးရိုး ကူညီနိုင်မလား''

''ဘာ''

''----''



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး ... နင်က ဘာလို့ ဒီအိမ်ကနေ ထွက်သွားချင်ရတာလဲ။ ဘယ်သူနဲ့ဘာဖြစ်လို့လဲ"

ခေါင်းခါရုံကလွဲပြီး ချမ်းမြေ့ ဘာမှမပြောချင်တော့ပေ။

"ခေါင်းချည်းပဲ ခါမနေနဲ့လေ။ နင် ထွက်သွားချင်ရတဲ့ အကြောင်းရင်းတော့ ရှိမှာပေါ့"

"ချမ်းမြေ့ ဒီအိမ်မှာနေလို့ မဖြစ်တော့လို့ပါ"

"ကျွတ်"

"အဲဒီလိုမှမဟုတ်ရင် ချမ်းမြေ့ ကိုယ့်ကိုယ်ကိုယ် သတ်သေမိမှာအမှန်ပဲ"

"ချမ်းမြေ့"

"ဟာ ... ဟီးရို။ မင်း ဒီမှာဘာလုပ်နေတာလဲ။ ချမ်းမြေ့နဲ့ ဘာဖြစ်နေကြတာလဲ"

ဝင်လာသူက ချစ်လင်းဖြစ်ပြီး ဟီးရိုးက မျက်နှာပျက်စွာနှင့် ချမ်းမြေ့ကလည်းငိုနေတာမို့ နားမလည်နိုင်။ ဒီနှစ်ယောက်က ဘယ်တုန်းကမှ ခင်ခင်မင်မင် ရင်းရင်းနှီးနှီး နေခဲ့ဖူးကြတာမဟုတ်။ အခု နှစ်ယောက်အတူတွေ့ရတဲ့အခြေအနေက နားလည်ရခက်စွာ။

"ငါ မေးနေတယ်လေ။ ဘာဖြစ်နေကြတာလဲလို့"

"မျက်လုံးက ကြည့်ပါဦးလား။ ချမ်းမြေ့ သူ့ကိုယ်သူ ကြိုးဆွဲချသေမလို့ ကြိုးစားနေတာ။ ငါ ရောက်လာလို့သာပေါ့။ မဟုတ်ရင်





ခုလောက်ဆို သေနေပြီ"

"ဟင်"

"အခု ဘာဖြစ်လို့လဲမေးနေတာ မေးလို့ကိုမရဘူး။ သေချင်တယ်ပဲပြောနေတာ"

"ချမ်းမြေ့"

ချစ်လင်း ချက်ချင်းပဲ ချမ်းမြေ့အနားကိုရောက်သွားတော့ ချမ်းမြေ့က ခေါင်းလေးငုံ့ပြီး တရှုံ့ရှုံ့သာ ငိုနေတာ သူ့ကိုမော့မကြည့်။ ချစ်လင်းရင်ထဲမှာ စိုးရိမ်စိတ်တို့နှင့် ပူခနဲ လောင်ခနဲပါပဲ။ သူ့အတန်တန် မေးတုန်းက ဘာမှမဖြစ်ဘူးတဲ့။

အခု သေချင်တယ်ဆိုတော့ –

ဒါပဲလားလို့ တွေးထင်လိုက်ကာ ချက်ချင်းပဲ ကိုယ်က လမ်းဆုံတစ်ခုကို ရောက်နေသလို ခံစားလိုက်ရ၏။

"ချမ်းမြေ့ ... နင့်မှာ"

"ချမ်းမြေ့ကို ဘာမှမမေးပါနဲ့။ ဒီအိမ်ကနေပဲ ချမ်းမြေ့ကို ထွက်သွားခွင့်ပြုပါ"

"ဟ ... မိန်းကလေးတစ်ယောက်ကို ဒီအတိုင်း လက်လွှတ်စပယ် ထွက်သွားခွင့်ပြုလို့ ဖြစ်မလား။ ချစ်လင်း မင်း မေးလေကွာ။ ဘာဖြစ်နေတာလဲ"

"ဟီးရိုး"



www.burmeseclassic.com

www.burmeseclassic.com



"ပြော"

"မင်း ညှော်ခန်းထဲက သွားစောင့်နေ။ ငါ သူနဲ့ဆွေးနွေးစရာ ရှိတယ်"

ဘာတွေ ဆွေးနွေးကြမှာလဲ။ ဆွေးနွေးစရာရှိလောက်အောင် သူတို့ ရင်းရင်းနှီးနှီးနေခဲ့ကြလို့လား။

ကိုယ်မသိတဲ့အရာတစ်ခုအတွက် ခေါင်းရှုပ်ခံမနေဘဲ ဟီးရိုး ခေါင်းညိတ်ကာ ထွက်လာခဲ့တော့၏။ သူတို့နှစ်ယောက်ကြားမှာ ဘာ လျှို့ဝှက်ချက်ပဲရှိရှိ ကိုယ်သိဖို့မလိုတော့။ တစ်အိမ်တည်းမှာ အတူနေ ကြတာဆိုတော့ –

ချမ်းမြေ့ကိစ္စ ချစ်လင်းပဲ ဆက်ဖြေရှင်းလိမ့်မည်ပေါ့။

"ချမ်းမြေ့"

ချစ်လင်း ချမ်းမြေ့ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်ပြီး –

"နင် မှန်မှန်ပြောစမ်းပါ။ ကိုယ့်ကိုယ်ကိုယ် သတ်သေချင် လောက်အောင် ဖြစ်နေတာ ဟိုကိစ္စကြောင့် မဟုတ်လား"

"အဟင့်"

"ဖြေလေ နင့်မှာ"

"————"

ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းတဲ့။ ဒီလောက်ဆို ချစ်လင်း သဘောပေါက်ပါပြီ။ ခေတ်လူငယ်ပဲလေ ချက်ဆိုတာနဲ့





နားခွက်က မီးတောက်နေတဲ့ကောင်တွေပဲဟာ။

"ကျွတ်"

အခုမှခက်ပြီ။ ချစ်တာတွေ မေတ္တာတွေကို ခဏထားပြီး လောလောဆယ် အရေးကြီးတာက သူ ဘယ်လမ်းကိုလျှောက်ရမလဲ။ ခက်နဲ့က စေ့စပ်ရတော့မှာ။

စေ့စပ်ပွဲပျက်ရင် ခက် အရှက်ရပြီး ဘာဖြစ်သွားနိုင်သလဲ ဆိုတာ မသိနိုင်။ ဒီဘက်မှာလည်း တာဝန်မယူလို့မရတဲ့ အခြေအနေမို့ အပြစ်မဲ့သူအပေါ် ဥပေက္ခာမပြုနိုင်။

ဒီကိစ္စ –

ဟီးရိုးကို ဖွင့်ပြောပြီး တိုင်ပင်ရကောင်းမလား။ တစ်ယောက် တည်း ကိုယ်ထင်ရာဆုံးဖြတ်တာနဲ့ နှစ်ယောက်တိုင်ပင်ပြီး ဆုံးဖြတ်တာ မတူဘူးလေ။

"ကဲ . . . ငိုမနေနဲ့တော့။ နင့်ကိုယ်နင် သတ်သေစရာလည်း မလိုဘူး။ ငါ ဟီးရိုးနဲ့တိုင်ပင်ပြီး ဘာလုပ်သင့်သလဲဆိုတာကို စဉ်းစား မယ်၊ ဟုတ်ပြီလား"

"ကိုလေး ဘာလုပ်လို့ရဦးမှာလဲ"

"ဘာ"

"ကိုလေးက မမခက်နဲ့ စေ့စပ်တော့မှာပဲဥစ္စာ။ နေပါစေ . . . ချမ်းမြေ့ဘဝနဲ့ချမ်းမြေ့ပဲ ရှိပါစေတော့။ ချမ်းမြေ့ ချမ်းမြေ့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကိုမှ စိတ်မဆင်းရဲစေချင်ပါဘူး ကိုလေးရယ်။ ကိုလေးတို့ ချစ်တဲ့သူချင်းပဲ ပေါင်းကြပါ။ ချမ်းမြေ့ ကျေနပ်ပါတယ်''

''နင် ရူးနေလား ချမ်းမြေ့။ မိန်းကလေးတစ်ယောက်ရဲ့ဘဝမှာ ဘာကတန်ဖိုးအရှိဆုံးလဲ နင်သိလား။ ငါ အကောင်းဆုံးဖြစ်အောင် စီစဉ်မှာပါ။ ငါယောက်ျား ငါ့တာဝန် ငါယူမယ်''

''ကိုလေး''

''ထပ်မပြောနဲ့''

သူ ဘယ်လိုစီစဉ်မှာလဲ။ တစ်ဖက်မှာက ချစ်တဲ့သူနဲ့ စေ့စပ်မှာလေ။ ချမ်းမြေ့က အချစ်မပါ ရင်ဗလာနဲ့ တာဝန်ယူတာကို လက်ခံရမယ့်သူ။

သူ စဉ်းစားမယ်ဆိုတာ ချမ်းမြေ့က ဒုတိယနေရာပဲဖြစ်မှာပေါ့။ မမခက်က သူချစ်တဲ့သူဆိုတော့ ဘယ်လိုမှ လက်လွှတ်ဆုံးရှုံးခံမှာ မဟုတ်ပေ။ ဒီတော့ ချစ်တဲ့သူချင်းပဲ ပေါင်းကြပါစေ။

ချမ်းမြေ့ကတော့ –

သူတို့နဲ့အဝေးဆုံးတစ်နေရာကို ထွက်သွားလိုက်ရုံသာ။

''ငါ ထပ်မှာမယ်နော် ချမ်းမြေ့။ ငါမသိဘဲနဲ့ နင့်စိတ်နဲ့နင့်ကိုယ်ဆိုပြီး ထင်ရာမလုပ်နဲ့။ ငါ အကောင်းဆုံးဖြစ်အောင် စဉ်းစားပြီး စီစဉ်မယ်လို့ ပြောပြီးပြီ''

ပြောပြီး ချစ်လင်း ထွက်လာခဲ့တော့၏။ ဟီးရိုးနဲ့ တိုင်ပင်





ရဦးမှာလေ။ သူ့မှာ ဒီကိစ္စတိုင်ပင်သင့်တဲ့သူဆိုလို့ ဟီးရိုးပဲရှိတာ။ ဟီးရိုးက ဧည့်ခန်းထဲမှာ ထိုင်စောင့်နေပြီး သူ ထိုင်ချလိုက်တော့မှ–

''ပြောစမ်းပါဦး ... ချမ်းမြေ့က ဘာဖြစ်လို့တဲ့လဲ။ မေးလို့ရော ရရဲ့လား''

''မေးဖို့မလိုတဲ့ ငါသိပြီးသားကိစ္စပါ''

''ဘာလဲ''

''ဒီကိစ္စမှာ အပြစ်ရှိတာက ငါပါ''

''ဟင်''

''အဲဒါကြောင့် မင်းနဲ့ငါ တိုင်ပင်စရာရှိတယ်''

''မင်း ဘာတွေရှုပ်ထားလို့လဲ''

''တမင်မရည်ရွယ်ပဲ ရှုပ်သွားတဲ့ကိစ္စပါ။ အဖြစ်က ဒီလိုကွ''

သူငယ်ချင်းဆိုတော့ ဘာများကွယ်ဝှက်ထားစရာရှိလို့လဲ။ ဒါကြောင့် ချစ်လင်း ဖြစ်ပျက်သမျှ အရာအားလုံးကို ဖွင့်ပြောပြလိုက်၏။ ဒါမှ သူ ရှေ့ဆက် ဘာလုပ်သင့်သလဲဆိုတာကို ဟီးရိုးက အကြံပေးလို့ရမှာပေါ့။

ဟီးရိုးက သူ့ကိုချောက်တွန်းမယ့်ကောင်မှ မဟုတ်ဘဲလေ။ သူ့ကူညီမှ ဖြစ်မှာဆိုတော့ –

''ငါ ဘာလုပ်သင့်သလဲ။ အကြံလေး ဘာလေး ပေးပါဦးကွာ''



www.burmeseclassic.com

www.burmeseclassic.com



ဟီးနိုး သက်ပြင်းချလိုက်မိ၏။ မရည်ရွယ်ဘဲဖြစ်ဖြစ် ရည်ရွယ်လို့ပဲဖြစ်ဖြစ် ဖြစ်သွားပြီဆိုရင် ခေါင်းရှောင်လို့ရမတဲ့လား။ ယောက်ျားဆိုတာ ယောက်ျားပီပီ ကိုယ့်တာဝန် ကိုယ်ယူရမှာပဲလေ။

"မင်း ချမ်းမြေ့ကို လက်ထပ်မှဖြစ်မယ် ချစ်လင်း"

"စေ့စပ်ပွဲပျက်ရင် ခက်ကလည်း ရှက်လို့ သေသွားနိုင်တယ်ကွ"

"ခက်ဘက်က ပြဿနာကို ငါ ရှင်းပါ့မယ်"

"မင်းက ဘယ်လိုရှင်းမှာလဲ"

"ငါ့နည်း ငါ့ဟာနဲ့ ရှင်းမယ်"

"ဘယ်လိုရှင်းမှာလဲ။ ငါ့ကို ပြောပြဦးလေကွာ"

"ငါကတော့ လူမိုက်လုပ်ရမှာပေါ့။ ခက်လည်း အပြစ်လွတ် အရှက်မရဖြစ်ရအောင် ချမ်းမြေ့ကိုစလည်း ထူမသိ, သူမသိနဲ့ မင်းနဲ့ လက်ထပ်ဖြစ်အောင် ခက်ကို ငါခိုးပြေးလိုက်မယ်"

"ဘယ်လို"

"ဟုတ်တယ်၊ ခက်ကို ငါက ကားတင်ပြေးတယ်ဆိုရင် မင်းက ချမ်းမြေ့ကို လက်ထပ်တယ်ပေါ့။ နောက်ဆက်တွဲပြဿနာက သူ့အလိုလို ရှင်းသွားလိမ့်မယ်"

သူပြောတာတော့ လွယ်လွယ်လေးပါလား။ ဟီးရိုးက ဆုံးဖြတ်စရာရှိရင် အဲဒီလို ချက်ချင်းဆုံးဖြတ်တတ်တဲ့ကောင်။ ပြီးရင်





မှားမှားမှန်မှန် သူ့ပြဿနာ သူချောအောင် ဖြေရှင်းသွားတာပါပဲ။ ချစ်လင်းကတော့ တစ်ခုခုဆုံးဖြတ်တော့မယ်ဆို တွေဝေတတ်တာ မှားမှာကြောက်လို့လေ။ အခု မှားခဲ့တဲ့ကိစ္စဆိုရင် ပြင်ဆင်ခွင့်မှမရှိဘာ။

"ဖြစ်ပါ့မလား ဟီးရိုးရာ"

"ငါက လုပ်မယ်ဆိုရင် ဖြစ်အောင်လုပ်တတ်တာ မင်းသိပါတယ်"

"မင်းက ခက်ကိုချစ်လို့လား"

"လောလောဆယ် မင်းကိစ္စ အဆင်ပြေဖို့ အရေးကြီးတာမဟုတ်လား။ ကျန်တာ ဦးနှောက်ထဲမထည့်နဲ့"

"ဟီးရိုး"

"ထပ်မပြောနဲ့လို့ ငါပြောတယ်နော်။ ငါ စီစဉ်စရာရှိတာ ပြန်ပြီးစီစဉ်လိုက်ဦးမယ်"

"နေဦး"

ဟီးရိုး ထရပ်လိုက်တော့ ချစ်လင်းပါ ထရပ်ပြီးတားလိုက်လေလျှင် –

"ဘာလဲ"

"ခက်ကတော့ မင်းအပေါ် သံယောဇဉ်ရှိပါတယ်"

"အဲဒီသံယောဇဉ်ကနေ ဖြတ်မရတဲ့ကြိုးဖြစ်အောင် ငါ လွန်းတင်လို့ရတယ်၊ မင်း ဘာမှမပူနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အာမခံရဲလုချေလား"

"မင်း မသိလို့ပါ။ အချစ်ဆိုတာ သံယောဇဉ်ကို ချိတ်မှာချိတ်ပြီးမှ ချိတ်ပြီးမျှားမှ နိုင်နိုင်မာမာမိတဲ့ ငါးလိုပဲကွ"

"ဟမ်"

ပန်းကိုပုတ်ပြီး ပြောလိုက်တဲ့ ဟီးရိုးစကားကို မှတ်သားထားရမလိုပါလား။ သူ ချမ်းမြေ့အပေါ် သံယောဇဉ်ရှိသားပဲ။ ဒါဆို သံယောဇဉ်ကို ချိတ်မှာချိတ်ပြီး မျှားလိုက်ရင် တစ်နေ့နေ့မှာ။

*



# အခန်း (၂၆)

"သားက မမခက်ကို သွားခေါ်ရမယ် ဟုတ်လား ကိုကြီး"

"ဘာလဲ မင်းကို ခက်က ကိုက်စားမှာမို့လို့လား။ ပူမနေနဲ့ ခက်မှာ အစွယ်မရှိဘူး"

"အစွယ်မရှိမှန်းတော့ သိတာပေါ့။ ဘယ်လိုပြောပြီးခေါ်ရမှာလဲလို့ မေးမလို့ဟာကို"

ဟုတ်သားပဲ။ ခက်ကိုသာခေါ်ခိုင်းတာ တူးတူးကို အကျိုးအကြောင်း ဘာမှမပြောရသေးဘူးလေ။ ကလေးဆိုပေမယ့် သူလည်း သိသင့်သလောက်သိနေတဲ့ အရွယ်ပဲဟာ၊ ပြောပြရတော့မှာပေါ့။ တူးတူးက သူ့အတွက်ဆို ဘာမဆို လုပ်ပေးမယ့်ကောင်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ –

သူ့ကို အိမ်မှာထားခဲ့လို့ မဖြစ်ပါဘူး။ နီလာခင်က မျက်နှာသာ မပေးတာကြောင့် ကိုယ်သွားတဲ့နေရာကို သူ့ကိုပါ ခေါ်သွားမှ။ သူ့ကြောင့် အနှောင့်အယှက်ဖြစ်စရာမှမရှိတာ။ ဒီကောင်က အလိုက်သိလွန်းတဲ့ကောင်ပဲလေ။

"ပြီးတော့"

"ပြီးတော့ ဘာဖြစ်လဲ"

"ကိုကြီး မသွားချင်ရင် ဖုန်းဆက်ခေါ်လည်း ရတယ်လေ"

"ဟုတ်ပါပြီ ဉာဏ်ကြီးရှင်ရယ်။ ကျွန်တော် မေ့သွားလို့ပါနော်။ ကဲ … ခင်ဗျားအဝတ်အစားတွေ သွားထည့်"

"ဟင် … သားကို အိမ်ပြန်ပို့တော့မလို့လား"

"မပို့ပါဘူး၊ ခင်ဗျားကို ကျွန်တော်သွားရာနောက် ခေါ်သွားမလို့နိုင်းတာ"

"ကိုကြီးက ဘယ်သွားမလို့လဲ"

"မိန်းမခိုးမလို့ကွာ"

"ဗျာ"

မယုံနိုင်စွာ တူးတူးခေါင်းကုတ်လေ၏။ မမခက်က ကိုချစ်လင်းနဲ့ စေ့စပ်တော့မှာပဲဟာ။ ကိုကြီးမှာ အခြားချစ်သူရှိလို့လား။ ကိုချစ်လင်းပြောပြတာတော့ စေ့စပ်ပွဲပျက်ရင် ကိုယ်ယူချင်တဲ့လူကို





ယူလို့ရတယ်လို့တော့ ပြောတာပဲ။ အဲဒီစေ့စပ်ပွဲဆိုတာက ရောက်မှ မရောက်သေးတော့ တူးတူးနားလည်ရခက်စွာနှင့်။

"ကိုကြီးက ဘယ်မိန်းမကို ခိုးမှာလဲ"

"ဟာ … မင်း တော်တော် အမေးအမြန်းထူတဲ့ကောင်ပါလား။ ငါက အဝတ်တွေ သွားထည့်ဆိုမှတော့ ထည့်လိုက်ပေါ့။ ဘာကို လျှာရှည်နေတာလဲ။ ငါနဲ့မလိုက်ဘူးလား"

"လိုက်မှာပေါ့"

"လိုက်ရင်သွား"

"ဟုတ်"

တူးတူးကို သူနဲ့တစ်ခန်းတည်းမှာ အတူတူထားတာမို့ တူးတူး ခေါင်းလေးညိတ်ကာ သူ့အဝတ်တွေကို ကျောပိုးအိတ်ကလေး ထဲသို့ ထည့်လေ၏။ ဟီးရိုးက ဖုန်းကိုယူပြီး သံလွင့်ဖုန်းကိုခေါ်တာ မကိုင်။ ဘယ်သွားနေပါလိမ့်ဟု မရမချင်းခေါ်မှ ဖုန်းကိုင်လေလျှင်–

"ခက် ဘာလို့ ဖုန်းမကိုင်တာလဲ"

"အခု ကိုင်နေပြီလေ"

"ငါခေါ်နေတာကြာပြီ မကိုင်လို့ ပြောနေတာ"

"စောစောက ရေအိမ်ဝင်နေလို့ပါ။ နင်ဘာပြောစရာရှိလို့လဲ ပြော"

"ငါပြောမယ်၊ နင် သေသေချာချာ နားထောင်"



www.burmeseclassic.com

www.burmeseclassic.com



“ပြောပါဆို”

“အရေးကြီးတဲ့ကိစ္စနဲ့ ငါ သွားစရာရှိတယ်။ အဲဒါ နင်ပါလိုက်ခဲ့ရမယ်။ အခု နင် ငါ့အိမ်ကိုလာခဲ့”

“နင့်ကိစ္စ ငါက ဘာလိုက်လုပ်ရမှာလဲ”

“ဟ . . . နင်ပါဖို့ လိုအပ်လို့ ခေါ်နေတာပေါ့။ ဘာကြောင့်လဲလို့ မမေးနဲ့ . . . ဟိုရောက်ရင် သိရမယ်”

သံလွင် နှုတ်ခမ်းလေးစူကာ အသံပျောက်သွား၏။ ခေါ်လည်း ခေါ်သေးရဲ့ လေသံက တင်းတင်းစီးစီးနဲ့။ ဒီကောင် ဒီအပေါက်အဆက် မျိုးတွေကို ဘယ်တော့မှ ပြုပြင်မည်မသိ။ စကားပြောရင် ပြေရာ ပြေကြောင်း မပြောဘဲ တုတ်ထိုးအိုးပေါက် ပြောတတ်တာလေ။ သူ ဘယ်လိုပဲ ပြောပြော အကြောင်းသိတဲ့ ခက်တို့ကတော့ သည်းခံခဲ့တာပဲ မဟုတ်လား။

သြော် . . . ဟီးရိုးရယ်။

နောက်ဆို တို့တွေ အရင်လိုနေလို့ရမှာမဟုတ်တော့ဘူးနော်။ ချစ်လင်းကိုမချစ်ဘဲ လက်ခံလိုက်တာ ဘာကြောင့်လို့ နင်ထင်သလဲ။ နင့်ကြောင့်ပဲပေါ့။ နင်ဖြစ်စေချင်သလို ဖြစ်စေခဲ့တာ ဖြည့်ဆည်းခြင်း သက်သက်နှင့်။ နင်ကျေနပ်မယ်ဆိုရင် –

“ခက်”

“ဟင်”





“နင် ဘာမှပြန်မပြောတော့ဘဲ ဘာလို့ငြိမ်သွားတာလဲ”

“ဘာမှမဖြစ်ပါဘူး။ ငါ နင်နဲ့လိုက်တာသိရင် ချစ်လင်း ကြိုက်ပါ့မလားလို့ စဉ်းစားနေတာ”

“ချစ်လင်းနဲ့ ငါ ရှင်းမယ်၊ နင် လာမှာသာလာခဲ့”

“-----”

“လာမှာလား မလာဘူးလား”

“လာမယ် . . . လာမယ်”

“ဒါဆို . . . ငါ ဖုန်းချလိုက်ပြီ”

ဟီးရိုး ဖုန်းချလိုက်ပြီး တူးတူးကို လှည့်ကြည့်လိုက်တော့ တူးတူးက အဝတ်တွေထည့်ပြီးနေပြီ။ သူက အဆင်သင့်ထည့်ပြီးသား လိုအပ်တာအားလုံး ပြင်ဆင်ပြီးသားမို့ –

“မင်း ပြီးပြီလား”

“ဟုတ် . . . ပြီးပြီ”

“အခုချိန်ကစပြီး မင်း ငါ ဘာမှမမေးဘဲနဲ့ စကားမပြောရဘူး နော်”

“ဟာ . . . ပါးစပ်ပါမှတော့ ပြောမှာပေါ့ ကိုကြီးရ”

“ဟေ့ကောင်”

“ကဲ . . . မပြောဘူး မပြောဘူး ကတိပေးတယ်”

တူးတူး ကတိပေးမှပဲ ဟီးရိုး ထွက်လာခဲ့တော့၏။ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



နားလည်အောင် ရှင်းပြနေရင် အချိန်က ကြာဦးမှာ။ ဘယ်မှမရောက်ခင် တူးတူးကို ဟိုမေး ဒီမေးနဲ့ လျှာရှည်လို့ ခက်သိသွားရင် သူ့အစီအစဉ် ပျက်သွားမှာစိုးလို့လေ။ သူတို့ကားဆီကိုရောက်လို့ တင်စရာရှိတာတွေ တင်ပြီးမှ ခက်ကရောက်လာပြီး –

“ဟီးရိုး”

“ပြော”

“နင် ဘယ်သွားမှာမို့လို့ ငါ့ကိုခေါ်တာလဲ”

“လမ်းဆုံးရင် သိလိမ့်မယ်။ ကားပေါ်တက်”

“နင်ကလေ၊ ဘယ်တော့မှ စကားကိုအကောင်းမပြောဘူး သိလား”

ပြောပြီး ကားပေါ်ကိုတက်လိုက်တာ ဆောင့်ဆောင့်အောင့် အောင့်။ တူးတူးက ကားပေါ်ကိုရောက်နှင့်နေသူမို့ မမခက်ကို ပြုံးပြ လိုက်ရတာ အောင့်သက်သက်။ ကိုကြီး မိန်းမနိုးမယ်ဆိုတာ မမခက်ကို လား။ ဘာကိုမှ နားမလည်နိုင်စွာ ပါးစပ်ထဲမှာ မေးချင်တဲ့စကားတွေ အများကြီးရှိနေပေမယ့် ကိုကြီးကမှာထားသည်လေ။

သူမမေးဘဲနဲ့ ဘာမှမပြောရဘူးတဲ့။

ကားလေးက တရိပ်ရိပ်ပြေးလွှားနေပြီး ဟီးရိုး ဘယ်ကိုသွား မှာလဲဆိုတာ ခက်မသိပေ။ နောက်ဆုံးမှတ်တိုင်က တိုက်ခန်းတစ်ခန်း ဆီကိုရောက်မှ –





“တူးတူး”

“ဗျာ”

“မင်းနေရမယ့်အခန်း ငါလိုက်ပြမယ် ... လာ”

“ဟုတ်”

ဘုမသိ ဘမသိနှင့် တူးတူးက ဟီးရိုးထားရင် ထားတဲ့နေရာ မှာ။ ခက်လည်း နားမလည်စွာ ထိုင်စောင့်နေစဉ်မှာပဲ ဟီးရိုးပြန်ရောက် လာပြီး –

“ခက်”

“ဟင်”

“ငါ ဘာလုပ်တယ်လို့ နင်ထင်လဲ”

“မသိဘူးလေ၊ နင်ပြောပြမှ သိမှာပေါ့”

သိချင်တာကိုမဖြေသေးဘဲ ဟီးရိုး တံခါးသွားပိတ်လိုက်၏။ ပြီး ဖုန်းကိုထုတ်လိုက်ကာ –

“ချစ်လင်း ငါ”

“_____”

“ဟော့ကောင် ... မင်းနဲ့ခက်ရဲ့ စေ့စပ်ပွဲကိုဖျက်လိုက်တော့”

“_____”

“ငါ ခက်ကို ခိုးပြေးသွားပြီ”

“_____”



www.burmeseclassic.com

www.burmeseclassic.com



''ဟင်''

ဟီးရိုးစကားကြောင့် သံလွင် ကျောလေးဆန့်မိသွား၏။

''လုပ်မနေနဲ့၊ လူကြီးတွေကိုသာ ပြောလိုက်။ ငါ ခက်ကို နိုးပြေးသွားပြီလို့''

''____''

''ထပ်မမေးနဲ့တော့''

''ဟီးရိုး''

သံလွင် ထသွားပြီး ဟီးရိုးလက်ထဲကဖုန်းကို လုယူပေမယ့် မရဘဲရှိကာ –

''ဟီးရိုး ... နင် ဘာတွေလျှောက်ပြောနေတာလဲ''

''မှန်တာတွေ ပြောပြတာလေ''

''ဘာ''

''ငါ နင့်ကို နိုးလာတာ''

''နင် မဟုတ်တာတွေ မပြောနဲ့နော်။ ငါက ချစ်လင်းနဲ့ စေ့စပ်တော့မှာ။ နင်က ခုမှ ဘာအရှုံးထတာလဲ''

''အရှုံးထတာ ထချင်ရာအချိန် ထခွင့်ရှိတယ်။ နင်တို့ စေ့စပ်မှာ လက်ထပ်မှာမဟုတ်ဘူး။ ဖျက်သိမ်းခွင့် ပျက်စီးခွင့်ဆိုတာ ရှိနေတာပဲဥစ္စာ''

''နင် အဲဒီလိုလုပ်လို့ ရမလား။ ငါ့ကို ခုပြန်ပို့ပေး''





''ပြန်ပို့မစဉ်းစားနဲ့''

''ဟီးရိုး''

သံလွင် အော်လည်းအော်ကာ သူ့ကို စူးစူးရဲရဲကြည့်ပစ်လိုက်၏။ သူ မချစ်လို့ သူများရင်ခွင်ထဲထည့်ဖို့ ကြိုးစားပြီးမှ ခုမှ အရှုံးထတာ။ သံလွင်က မိန်းကလေးလေ။ သူ စိတ်ပြောင်းတိုင်း ကိုယ်က လိုက်ပြောင်းပြီး သိက္ခာကျခံရမှာလား။ ကိုယ်က သူဖြစ်စေချင်တဲ့အတိုင်း ဖြစ်စေခဲ့ပြီး ဖြစ်ကာနီးကျမှ သူက ဖျက်ချင်တာ ဘာသဘောလဲ။

''နင် ငါ့ကို ပြန်ပို့မလား မပို့ဘူးလား။ ဒါပဲပြော''

''ဘာလို့ ပြန်ပို့ရမှာလဲ၊ မပို့ဘူး''

''ရတယ် ... ဒါဆို ငါ့ဘာသာပြန်မယ်၊ တံခါးဖွင့်ပေး''

''ခက်''

တံခါးဆီကို သွားဖို့ပြင်တဲ့ ခက်လက်ကို လှမ်းဆွဲလိုက်ပြီး–

''နင် ပြန်လို့ ချစ်လင်းလက်ခံတော့မယ်လို့ နင်ထင်နေလား''

''ဘာ''

''နင် ချစ်လင်းနဲ့ မစေ့စပ်ရဘူး''

''ရူးနေသလား။ ငါက နင်ဖြစ်စေချင်တဲ့အတိုင်း ဖြစ်စေခဲ့တာလေ''

''အခု မဖြစ်စေချင်တော့လို့ နင့်ကိုငါ နိုးလာတာ''

''ငါ လက်မခံဘူး''



www.burmeseclassic.com

www.burmeseclassic.com



"နင် လက်မခံလည်း အဲဒီအတိုင်း ဖြစ်သွားပြီ"

"တောက်"

နှုတ်ခမ်းကို တင်းတင်းစေ့ထားရာကနေ ဖိကိုက်မိလိုက်၏။ ချစ်တယ်လို့ တစ်ခွန်းမပြော၊ ချစ်ရိပ်လည်း တစ်စက်မှမပြခဲ့ပဲ ခိုးပြေးလာတာတဲ့။

"အဲဒီအတွက် နင် ငါ့ပါးကို ရိုက်ချင် ရိုက်နိုင်တယ်"

မျက်လုံးကို မှိတ်ပေးလေတော့ ဒေါသဖြစ်သွားသူရဲ့ လက်တစ်ဖက်က သည်းမခံနိုင်စွာ။

"ကဲ"

"ဖြန်း"

ကျေနပ်တော့ ခက်။ နဂိုကတည်းက ရှိရင်းစွဲအချစ်တွေနဲ့အတူ နင်နဲ့ချစ်လင်း ဘယ်လိုမှမဖြစ်နိုင်တော့ဘူးဆိုတာ။

✲



## အခန်း (၂၇)

"ဘာ . . . ဟီးရိုးက သမီးကို ခိုးပြေးသွားပြီ ဟုတ်လား ချစ်လင်း"

"ဟုတ်ပါတယ် အန်တီ၊ ဒီကိစ္စမှာ ဟီးရိုးကို အပြစ်မတင်ပါနဲ့။ အပြစ်ရှိသူက ကျွန်တော်ပါ"

"ဘယ်လို"

"ကျွန်တော်ကလည်း ကျွန်တော့်အကြောင်းနဲ့ကျွန်တော်ရှိနေတော့ သူ ဒီလိုလုပ်မှ အားလုံး အဆင်ပြေမှာမို့လို့ပါ"

"အို . . . မင်းတို့ဘာသာ ဘာအကြောင်းပဲရှိရှိ ဒီလိုလုပ်ချင်တိုင်း လုပ်လို့ရမလား။ ငါ့သမီးက နင်တို့အတွက် ကစားစရာအရုပ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးဟဲ့''

''စကားကို အေးအေးဆေးဆေးပြောစမ်းပါ မာရယ်။ အေးအေးပြောလည်း စကားပါပဲ။ ချစ်လင်းရှင်းပြတာကို ဆုံးအောင် နားထောင်ဦးမှပေါ့''

ချစ်လင်း မျက်နှာငယ်နေရ၏။ ဒီလိုဖြစ်ရခြင်းရဲ့ အဓိကသော့ချက်အကြောင်းအရင်းက သူပဲလေ။ သူ ဘာလုပ်ရမှန်းမသိတဲ့ကိစ္စကို ဟီးရိုးက ဖြေရှင်းသွားပြီဆိုတော့ ကိုယ်ကလည်း ကိုယ့်အမှားကို ဝန်ခံရဲရမည်ပေါ့။ ချမ်းမြေ့ရဲ့သိက္ခာကို ငဲ့ညှာဦးမည်လေ။ ကိုယ်ဝန်မခံရင် ချမ်းမြေ့ကို အညှာလွယ်တဲ့မိန်းကလေးလို့ ထင်ကြဦးမှာ။

တကယ်တော့ ~

ဘယ်သူ့ကိုမှ အပြစ်တင်လို့မရတဲ့အထဲမှာ ချမ်းမြေ့ဘဝက ကိုယ်မှ ဥပေက္ခာပြုလိုက်ရင် သူ့ဘဝလေး/အညွှန့်ကျိုးသွားရှာမှာ။

''အန်တီ့ကို ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ ဝန်ခံပါရစေ''

''ဘာလဲ''

''စေ့စပ်ပွဲအတွက် ကျွန်တော်စိတ်မကောင်းပါဘူး။ ကျွန်တော်လည်း ချမ်းမြေ့ကို မဖြစ်မနေ လက်ထပ်ရတော့မှာ''

''ဘာ''

''အရက်ကြောင့်မှားခဲ့တဲ့ ကျွန်တော့်အမှားအတွက် ကျွန်တော် ယောကျ်ားပီပီ တာဝန်ယူရမယ် အန်တီ။ အဲဒါကြောင့် ခက်နဲ့





ကျွန်တော်က ဘယ်လိုမှမဖြစ်နိုင်တော့ပါဘူး''

''ဩော် . . . ဒါနဲ့ပဲ အားလုံးအဆင်ပြေအောင်ဆိုပြီး ငါ့သမီးကို မားစာခံလုပ်ပြီး သိက္ခာကျစေတယ်ပေါ့လေ ဟုတ်လား။ အခုနိုးရာလိုက်သွားတယ်ဆိုတော့ရော ကျမယ့်ဂုဏ်သိက္ခာတွေက ပြန်တက်လာရောလား''

''ချစ်လင်းနဲ့မဟုတ်ဘဲ အခု ဟီးရိုးနဲ့ဖြစ်သွားတော့ရော ဘာသဘောမတူစရာရှိလဲ မာရယ်။ ကိုယ်ကတော့ ဟီးရိုးကို ပိုပြီးတော့တောင် သဘောကျသေးတယ်''

''ရှင့်ပါးစပ်ကို ပိတ်ထားစမ်းပါ''

ဦးဆန်းလွင်မောင်ကလည်း စိတ်ထဲမှာရှိတဲ့အတိုင်း ပြောလိုက်တာ။ ဟီးရိုးက ပြောပေါက်သာဆိုးတာ သွက်သွက်လက်လက်ထက်ထက်မြက်မြက်ရှိသူ။ တစ်ခုခုကို ဆုံးဖြတ်တော့မယ်ဆိုလည်း တွေဝေနေတတ်သူမဟုတ်။ ဟီးရိုးမှာ သူ သဘောကျတဲ့အချက်တွေ အများကြီးပါပဲ။

''ငါ ငါ့သမီးကို အခုလိုက်ခေါ်မယ်။ သူတို့ ဘယ်မှာလဲ ပြော''

''မင်း အဲဒီလိုလုပ်လို့ မဖြစ်ဘူး မာ''

''ကိုဆန်းလွင်မောင်''

''နိုးရာလိုက်သွားပြီဆိုကတည်းက မင်းသမီး အပျိုသိက္ခာ



www.burmeseclassic.com

www.burmeseclassic.com



ပျက်သွားပြီလေ။ တို့မိဘတွေရဲ့တာဝန်က သမီးမိန်းကလေး ဒီလိုဖြစ်သွားပြီဆိုရင် ခွေးဖြစ်ဖြစ် အမြီးဖြတ်ပြီးပေးစားရမှာပဲ''

''ရှင်က အဲဒီလောက်ပဲသိတာကို။ အခု သမီးက တစ်ယောက်နဲ့စေ့စပ်မယ်လုပ်ပြီးမှ နောက်တစ်ယောက်နဲ့ ခိုးရာလိုက်သွားတယ်ဆိုတာရော သိပ်ဂုဏ်ရှိတယ်လို့ ရှင်ထင်နေသလား''

''ဟ ... ဖြစ်ပြီးသွားပြီလေကွာ''

''ကျွန်တော် တောင်းပန်ပါတယ် အန်တီ။ ကျွန်တော့်ရဲ့အမှားကြောင့် အားလုံး ကစဉ့်ကလျား ဖြစ်ကုန်တာပါ။ အန်တီအပြစ်တင်ချင်ရင် ကျွန်တော်တို့ပဲ အပြစ်တင်ပါဗျာ''

''တောက်''

တက်ခေါက်ရုံမကလို့ ခေါင်းဆဲ ထခေါက်ခေါက် ခံရတော့မှာပဲလေ။ ဖြစ်ပြီးသားက ပြန်ပြင်လို့မှမရတာ။

''အခု မင်းက ချမ်းမြေ့နဲ့ လက်ထပ်မယ်ပေါ့''

''ဟုတ်ကဲ့၊ မနက်ဖြန် ကျွန်တော်တို့ ရုံးတက်ပြီး လက်မှတ်ထိုးကြမှာပါ''

ဒီကိစ္စ လူကြီးတွေကိုဖွင့်ပြောတော့ စိတ်မကောင်းကြပေ။ သူတို့က ချမ်းမြေ့ဘက်ကိုရော ခက်ဘက်ကိုရော မျှတွေးပြီး စိတ်မကောင်းဖြစ်ကြတာမှာ သူ့ကိုလည်း အပြစ်တင်စကားတော့မဆိုပေ။ လူတိုင်းက အမှားနဲ့မကင်းကြတဲ့အထဲမှာ ဒီလိုအမှားမျိုးကို ဘယ်သူမှ





ခွင့်မလွှတ်ချင်ဘူးဆိုတာတော့ အသိသားပဲ။

''ဖြစ်သင့်ပါတယ်။ အန်ကယ်လ်ကတော့ သမီးချင်း ကိုယ်ချင်းစာတဲ့အနေနဲ့ မင်း ချမ်းမြေ့ကို လက်ထပ်မယ်ဆိုတဲ့အတွက် ဝမ်းတောင်သာပါသေးတယ်''

''မင်း ဒီကိစ္စကို အစကတည်းက ကျူးလွန်ခဲ့မိရင် ငါ့သမီးကို စေ့စပ်ခွင့်တောင်းဖို့မကောင်းဘူး''

''ဟုတ်ပါတယ်၊ တကယ်တော့ ကျွန်တော်လည်း ခက်ကို ချစ်တဲ့စိတ်တစ်ခုတည်းနဲ့ ချမ်းမြေ့ကို မငဲ့ကွက်မိခဲ့မိတာ လွန်မဆန်းမှန်း ခု သိပါပြီ''

အခုချိန်မှာ ခက်ကို ချစ်ခဲ့တဲ့အကြောင်း မပြောသင့်မှန်းသိပေမယ့် မပြောလို့မဖြစ်လို့ ပြောလိုက်မိခြင်းသာ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"ရော့ ဒီမှာ နင်ဝတ်ဖို့ အဝတ်အစားတွေ ဝယ်လာတာ။ မနက်ဖြန် မိတ်ဆွေသုံးလေးယောက် ခေါ်ထားတယ်။ နင်နဲ့ငါ ရုံးတက်လက်မှတ်ထိုးကြမယ်"

ရေ့မှာချပေးတဲ့ အိတ်တွေကို စိုက်ကြည့်ပြီး သံလွင် နှုတ်ခမ်းကို တင်းတင်းစေ့ထားမိ၏။ သူ့ဆီက ဖြေရှင်းချက်တွေတော့ ထွက်လာပါရဲ့၊ ကိုယ်ကျေနပ်လောက်တဲ့အဖြေက တစ်ခွန်းမှမပါ။ ချစ်လင်းနဲ့ ချမ်းမြေ့ အဆင်ပြေဖို့ ကိုယ့်ကိုသိက္ခာကျ အရှက်ရမှာစိုးလို့ဆိုပြီး ချစ်တာ မေတ္တာတစ်ခွန်းမှမပါဘဲ ကိုယ့်ကိုနိုးလာခဲ့တာတဲ့။

အခု –





မနက်ဖြန် ရုံးတက်လက်မှတ်ထိုးမယ်ဆိုပါလား။ သူများသဘောဆန္ဒကို တစ်ခွန်းတစ်ပါဒမျှ မမေးဘဲ သူလုပ်သမျှ သူ့သဘောနဲ့သူ။ တကယ်ဆို သံလွင့်ကို နင် ဘာဖြစ်ချင်လဲမေးပါဦးလား။ သူ ဖြစ်ချင်တာတွေရှိသလို ကိုယ်ဖြစ်ချင်တာတွေလည်း ရှိချင်ရှိမှာပဲလေ။ အခု ကိုယ်ကျတော့ ဘာမှပြောခွင့်မရှိ၊ ဘာမှ လုပ်ခွင့်မရှိ။

"မျက်နှာက ဘာဖြစ်နေတာလဲ"

"မြင်တဲ့အတိုင်းပဲ"

"ပြောတာတွေရော ကြားလား"

"ကြားတယ်၊ မနက်ဖြန် ငါ လက်မှတ်ရော ခြေမှတ်ရော ငါ ဘာမှမထိုးနိုင်ဘူး"

"ဘာ"

"ငါ့ဆန္ဒမပါဘဲနဲ့ နင်ခေါ်လာခဲ့တာ။ နင်လုပ်သမျှ ငါ့ကို ငဲ့ကွက်တာ ဘာရှိလဲ"

"မငဲ့ကွက်ဘဲ ငါက ဘာလုပ်နေလို့လဲ"

"နင်က အိမ်ထောင်ရေးကို အချစ်မပါဘဲ တည်ဆောက်နိုင်ပေမယ့် ငါမတည်ဆောက်နိုင်ဘူး ဟီးရိုး"

"ချစ်လင်းကို နင်မချစ်ဘဲ စေ့စပ်ဖို့ လုပ်ခဲ့တာရော"

ပြန်မေးတာ ပက်ခနဲပါပဲ။ ချစ်လင်းကို သံလွင်မချစ်မှန်း သိလျက်နဲ့တောင် သူ ဘာလို့ တွန်းပို့ခဲ့သေးလဲ။



www.burmeseclassic.com

www.burmeseclassic.com



“အဲဒါ နင်ဖြစ်စေချင်တဲ့အတိုင်း ငါ ဆုံးဖြတ်ခဲ့တာ”

“အခုလည်း ငါ ဖြစ်စေချင်တာတွေ ပြောပြနေတာလေ။ နင်ပြန်တော့ရော အပျိုပြန်ဖြစ်မှာတဲ့လား”

“နင်နဲ့ငါ အခုထိ ဖြူစင်သန့်ရှင်းနေတုန်းပဲဟာ အပျိုပဲလေ”

ဟီးရိုး လွန့်ခနဲပြုံးလိုက်မိ၏။ နိုးလာပြီဆိုကတည်းက ဘာမှ မဖြစ်သေးပါဘူး၊ ဖြူဖြူစင်စင်ပဲရှိပါသေးတယ်လို့ မစင်စားပြောတောင် ဘယ်သူက ယုံကြမှာလဲ။

ယုံသည်ထားဦးတော့ ဖြစ်ပြီးသားကိစ္စက ဖျက်လို့ပြင်လို့ မရတဲ့ကိစ္စဆိုတာ ခက် နားမလည်ဘူးလား။ သူ ပြောသလို –

ကိုယ်ကလည်း မချစ်ဘဲနဲ့ ဒီလိုဆုံးဖြတ်ရအောင် ပေါကြီးမှ မဟုတ်တာ။

ရက်ရက်ရောရောချစ်ရင် ပေါပေါဖြစ်သွားမှာစိုးလို့ အချစ်ကို သိုသိပ်ဝှက်ကွယ်ထားခဲ့တာ။

“နင်က မဖြူစင်မှ အသိအမှတ်ပြုမယ်ပေါ့ ဟုတ်လား”

“ဟီးရိုး”

“စိတ်ချ … ဘာမှမဟုတ်သေးတာ ဟုတ်စေရမယ်”

“ဟင်”

သံလွင် သူ့ဆီကိုထလာတဲ့ ဟီးရိုးကို ကြောင်ကြည့်နေတုန်းမှာပဲ ဟီးရိုးက သံလွင့်ကိုယ်လေးကို ဆွဲခနဲပွေ့ချီသွားလေလျှင်–





“ဟီးရိုး ဘာလုပ်တာလဲ၊ ဖယ်စမ်း ငါ့ကို ချအောက်ချပေး ဖယ်”

နားမကြားတဲ့သူအလား ဟီးရိုး ခြေလှမ်းတွေက ရပ်တန့်မသွားပေ။ ရပ်စရာအကြောင်းမရှိ၊ အားနာစရာလည်းမလိုတော့ဘူးလေ။ နိုးလာတာ ဘယ်နှစ်ရက်ပဲရှိနေပြီလဲ။ နိုးပြေးလာပြီဆိုမှတော့ လင်မယားပေါ့။ ဒီအဖြစ်ကို ဖုံးကွယ်သိုသိပ်ထားလို့ ရတာမှမဟုတ်တာ။ သနားလို့ လွတ်ငြိမ်းချမ်းသာခွင့်ပေးထားတာသည် အမှန်တရားကို ဝန်ခံဖို့ အချိန်ယူနေတာပဲဥစ္စာ။

ဟိုတုန်းက ချစ်လင်းကိုငဲ့ပြီး မပြောခဲ့တာ။

အခု ပြောမယ်ဆိုတော့ ဒီအခြေအနေရောက်နေလို့ ပြောတယ်လို့ထင်ဦးမှာလေ။ ရှေ့ကို ကျော်တွေးမျှော်တွေးပြီး မပြောဖြစ်သေးတဲ့စကားတွေအတွက် ခက် တစ်နေ့နေ့မှာ နားလည်နိုင်ပါစေလို့ပဲ ဆုတောင်းရင်း –

“ဟီးရိုး … ငါပြောနေတယ်နော်။ ငါ့ကိုချပေး”

“အဖြစ်သည်းမနေနဲ့၊ နင်နဲ့ငါ လင်မယား”

“မဟုတ်ဘူး … ဖယ်”

“ငါ စိတ်မရှည်တော့ဘူးနော်၊ ကိုင်ပေါက်လိုက်ရမလား”

“ပေါက် ပေါက် … အသေသတ် ဟီး”

“ဟာ”



www.burmeseclassic.com

www.burmeseclassic.com



သံလွင်ငိုတော့မှ ဟီးရိုး ပျာပျာသလဲနှင့် သံလွင်ကို အောက်ချပေးပြီး –

"ဒါ ငိုစရာလား"

"ငိုစရာပေါ့။ နင်ဘာလုပ်မယ်ဆိုတာ ငါမသိဘူးမှတ်လို့လား"

"သိရင်လည်း အေးအေးဆေးဆေး လက်ခံလေဟာ"

"ဘာလို့ လက်ခံရမှာလဲ။ နင်နဲ့ငါ ချစ်လို့ယူခဲ့ကြတာမှ မဟုတ်တာ"

"အချစ်ပါရင် လက်ခံမယ်ပေါ့ ဟုတ်လား"

မေးလိုက်တဲ့မျက်နှာက ပြုံးနေလို့ပါလား။ သံလွင် ချက်ချင်း မျက်နှာလွှဲပြီး မျက်ရည်တွေကို သုတ်ပစ်လိုက်၏။ ပြောင်းလဲသွားတဲ့ မျက်နှာက မှုန်းဖို့ကောင်းလိုက်တာ။

ဟီးရိုး –

သံလွင့်ခါးလေးကို နောက်ကနေ သိမ်းဖက်ပြီး သံလွင့်ပခုံးပေါ်မှာ သူ့မေးကို တင်ထားလိုက်မိသည်။ သူ ချိမှရတော့မယ် ထင်ပါရဲ့။ လူတိုင်းလိုလိုက အချိုကြိုက်တယ်ဆိုတော့လေ။ ဒါကြောင့် –

"ခက်"

"_____"

"ခေါ်နေတယ်လေ"

"ဘာလဲ"





"နင်လိုချင်တာတွေ ငါ့ရင်ထဲမှာရှိတယ်ဆိုတာ နင်မသိဘူးလား"

"ငါက ဘာလိုချင်တယ်ပြောမိလို့လဲ မသိဘူး"

"အချစ်လေ"

သံလွင့်နှုတ်ခမ်းလေး မဲ့ခနဲဖြစ်သွား၏။ ယုံစရာလား။ ချော်လဲမှရောထိုင်တာမျိုးကို။ အခုအခြေအနေက နောက်ဆုတ်လို့မရတော့ဘူးဆိုမှတော့ ဒီစကားပဲ ပြောတော့မှာပေါ့။

"နင့်ကို ငါ ချစ်တယ်ဆိုရင် လက်ခံမှာလား"

"ဒီအခြေအနေရောက်လို့ ဒီစကားပြောတာ ငါလက်မခံဘူး။ ဖယ်ပါ။ လင်မယားအဖြစ် အမည်ခံလိုက်ရမှာက မဖြစ်မနေဘဲ၊ ဒါပေမဲ့ ငါအလိုမတူရင် နင် ဘာဖြစ်သွားမလဲ သိလား"

"လုပ်ရက်ရင် လုပ်လိုက်လေ"

"ဖယ်စမ်း"

သံလွင် သူ့ကိုယ်ကြီးကိုတွန်းထုတ်ပြီး အပြင်သို့ပြန်ထွက်လာခဲ့၏။ သူတို့ကိုချောင်းကြည့်နေတဲ့ တူးတူး တစ်ခုအကြိုက်ရသွားသည်မှာ အခုပဲ သူ့အခန်းထောင့်က သစ်သားပုံးတစ်ပုံးထဲမှာ ကြွက်ပေါက်ရဲရဲလေးတွေ တွေ့လာခဲ့တာလေ။ အသံဗလံတွေကြားလို့ အဲဒါတွေကို ထားခဲ့ပြီး ထွက်လာခဲ့တာ။

အဟီး ...



www.burmeseclassic.com

www.burmeseclassic.com



မမခက် ကြွက်ပေါက်ကလေးတွေ ကြောက်မှာပါပဲ။ ကြွက်ပေါက်တွေ ဖမ်းပြီးပြရမယ်။ ဒါမှကြောက်ပြီး ကိုကြီးရဲဆီကိုပြေးမှာ။ တူးတူး ကိုယ့်အကြံနှင့်ကိုယ်ပဲ သူ့အခန်းထဲသို့ပြန်ဝင်ကာ ကြွက်ပေါက်ကလေးနှစ်ကောင်ကို လက်ဝါးပေါ်တင်ပြီး ယူလာခဲ့ကာ –

"မမခက်"

"ဟင်"

"ဒီမှာကြည့်စမ်း"

"ဘာလဲ"

"ကြွက်ပေါက်ကလေးတွေ"

"အမယ်လေး"

ပြောလည်းပြော ပြလည်း ပြလိုက်တာနှင့် သံလွင် ထပြေးလိုက်တာ သုတ်သုတ်ပါအောင်ပါပဲ။ ဒီအချိန်မှာ သူ့အတွက် အားကိုးစရာဆိုလို့ ဟီးရိုးပဲရှိတာလေ။

"ဟား ဟား ဟား ဟား"

ကြောက်မှန်းသိတော့ တူးတူးက ကြွက်ကလေးတွေကိုင်ပြီး နောက်ကနေလိုက်လေလျှင် –

"ဟီးရိုးရေ"

"ကြွက်ပေါက်ကလေးတွေက ချစ်စရာလေးတွေပါ မမခက်ရဲ့"





"မလာနဲ့ . . . သွား"

"ဝါး ကိုက် ကိုက်"

"ဟီးရိုး"

ဟီးရိုးအခန်းထဲသို့ ပြေးဝင်ပြီး သံလွင် ဟီးရိုးရင်ခွင်ထဲသို့ ဝင်ကာ ခါးကိုဖက်ထားမိတာ ကျစ်ကျစ်ပါအောင်ပါပဲ။ တူးတူး အခန်းထဲဝင်လိုက်လာမယ်ထင်ကာ မျက်လုံးကိုစုံမှိတ်ပြီး ဟီးရိုးကိုအားကိုးတကြီး ဖက်တွယ်ထားချိန်မှာ –

"ကိုကြီး"

"ဟင်"

"Ok တယ်နော်"

"Ok Ok"

"ဘိုင့် ဘိုင့်"

"ဒုန်း"

တူးတူးက လက်မထောင်ပြ တဲ့တာလုပ်ပြနှင့် လုပ်ပြပုံကစပ်ဖြဲဖြဲပါ။ ပြီးမှ တံခါးကို ဒုန်းခနဲ အပြင်ကနေ ပိတ်သွားလေလျှင် ဟီးရိုး သဘောကျစွာ ရယ်လိုက်၏။ ခွေးကောင်လေး ဒါမျိုးတော့ တတ်တယ်ဆိုပြီး ကျေးဇူးတင်လိုက်မိတာလည်း ရင်ထဲမှာ။ ကြွက်ပြီးခက်ကို သူ့ရင်ခွင်ထဲအရောက်ပို့သွားတာလေ။

ရင်ခွင်ထဲကလူကို ငုံ့ကြည့်လိုက်တော့ –



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးလေးမှိတ်ထားဆဲမှိ ဟီးရိုး အသည်းယားစွာ ဖျတ်ခနဲ ငုံ့နမ်းလိုက်စဉ် –

"ဟင်"

မှိတ်ထားတဲ့မျက်လုံးတွေ ဖျတ်ခနဲပွင့်လာတော့ –

"အခွင့်အရေးယူလိုက်တာ"

"တူးတူးက ဒီထက် အခွင့်အရေးယူလို့ရအောင် အပြင်က နေ တံခါးပိတ်သွားပြီ၊ ခင်ဗျား ဘယ်ပြေးဦးမလဲ၊ တော်တော် အလိုက် သိတဲ့ကောင် ဆုချရဦးမယ်"

"ကြည့်စမ်း ... ဒီကောင်လေး"

သံလွင် တူးတူးကိုပါ ဒေါသထွက်သွားမိ၏။ ဒီကောင်လေး ကလေးက ကလေးလိုမနေပဲ လူတတ်ကြီးလုပ်သွားတာ တွေ့ဦးမယ်။ စပ်စပ်စုစု ဒါ သူ့အရာလား။ ဟီးရိုး ရင်ခွင်ထဲကနေ သံလွင်ရုန်းထွက် ပေးမယ့်မရ။ သူ့အနမ်းတွေက ဆက်တိုက်ဖြစ်လာလေလျှင် –

"ဟီးရိုး ... နင်နော်"

"_____"

"ဖယ် ... လွှတ်"

"ဘာလို့ လွှတ်ရမှာလဲ၊ ကိုယ့်မိန်းမ ကိုယ်ဖက်တာပဲဟာ"

"ဘယ်သူက နင့်မိန်းမလဲ"

"နင်လေ"





"မဟုတ်ဘူး ... ဖယ်"

"ဟုတ်လိုက်စမ်းပါ၊ အခုပဲ ဟုတ်လိုက်ကြရအောင် ... နော်"

"ဟင့်အင်း"

ခေါင်းတခါခါနဲ့ ငြင်းပေမယ့် ဟီးရိုဆိုတဲ့ကောင်က အမြဲတမ်း နှုတ်တရွတ်ရွတ်နိုင်တဲ့ကောင်ပဲလေ။ သူလိုချင်တာကို ရအောင်ယူတတ်တဲ့ အကျင့်အတိုင်း။။

*



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

ကိုယ့်ဘဝကို ပုံအပ်လိုက်ခြင်းအတွက် သံလွင် တူးတူးကို မကျေနပ်ပေ။ ဆရာကြီးလုပ်ချင်တဲ့ကောင်လေး တွေ့ဦးမယ်ဟု လိုက်ရှာတော့ မောင်မင်းကြီးသားက ဆိုဖာပေါ်မှာ ဖက်ခေါက်ကွေးနှင့် အိပ်ပျော်နေလို့ပါလား။ ကလေးတွေက အပြစ်ကင်းစင်တယ်တဲ့၊ ဒီအရွယ်က အပြစ်တိုင်းမကင်းစင်တော့ပေမယ့် အိပ်ပျော်နေတာဆိုတော့လည်း မနှိုးရက်။

တူးတူးမျက်နှာလေးကို သေသေချာချာ စိုက်ကြည့်မိလိုက်တော့ တူးတူးက တော်တော်ချစ်ဖို့ကောင်းတယ်၊ ဆံပင်ပျော့လေးတွေနဲ့ မျက်နှာလေးက ဝင်းမွတ်နေပြီး မျက်တောင်လေးတွေက ကော့နေလို့ပါ။ ဒါကြောင့် ဟီးရိုးက တစ်တူးတည်း တူးပြီး ချစ်တာထင်ပါရဲ့။





"အင်း အင်း"

"ဟင်"

"အား"

တူးတူး အိပ်ပျော်နေရာမှ ဖျတ်ခနဲလန့်နိုးလာစဉ် လည်ပင်းကနာသလိုလိုရှိတာကြောင့် မျက်လုံးကိုဖွင့်ကြည့်လိုက်ရာ မမခက်ကိုမြင်လိုက်ရသဖြင့် မျက်နှာကချက်ချင်းပြုံးသွားလျက် –

"အဟဲ"

"ဘာအဟဲလဲ"

"ရယ်တာလေ"

"ဘာရယ်စရာရှိလို့ နင်က ရယ်တာလဲ"

"မမခက် ကြွက်ကြောက်တတ်တာကို သဘောကျလို့ပါ"

"ခွေးကောင်လေး၊ အဲဒါ နင် တမင်လုပ်တာမဟုတ်လား"

ခေါက်မလို့ လက်ရွယ်ပြီးမှ တူးတူး ဖက်ကလေး ပုသွားတော့ မခေါက်ရက်။

"ကလေးကို ဘာလုပ်မလို့လဲ"

"ကိုကြီး"

ဟီးရိုးကိုမြင်တာနှင့် တူးတူးက ထပြေးသွားပြီး ခါးကို ဖက်လေ၏။ ဟီးရိုးက တူးတူးဆံပင်ပျော့လေးတွေကို လက်နှင့်ထိုးဖွပေးလိုက်ရင်း –



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဖူးရှင်လေး မင်းကိုငါ ကျေးဖူးဆပ်ရဦးမယ်"

"ဘယ်လို ကျေးဖူးဆပ်မှာလဲ"

"မင်းလိုချင်တာ ဝယ်ပေးမှာပေါ့"

"တကယ်နော်"

"အင်း"

"အင်း . . . အဲဒါဆိုရင်"

တူးတူး ဘာဝယ်ခိုင်းရကောင်းမလဲလို့ မေးလေးပွတ်ကာ စဉ်းစားပြီးမှ –

"ဘာမှဝယ်မပေးပါနဲ့၊ သားဗိုက်ထဲမှာ ကိုကြီးကျွေးထားတာတွေ အများကြီးပဲဥစ္စာ"

"ဩော် . . . ငါကတော့ ကျေးဖူးမရှိလို့ ချောက်ချခံရတယ်ပေါ့ ဟုတ်လား"

"ခက်"

"မမခက်ကလည်း"

ကလေးနဲ့တူပြီး ခက်ကလည်း ကလေးဘာသာစိတ်နှင့်ပင် မျက်စောင်းထိုးပစ်လိုက်၏။

"တီးတောင် တီးတောင်"

"ဟင်"

"တီးတောင် တီးတောင်"





"ဘယ်သူပါလိမ့်"

ဟီးရိုးပဲ အမြန်တံခါးသွားဖွင့်ပေးလိုက်တော့ –

"ဟင်"

ဘွားခနဲမြင်လိုက်ရတာသည် ဒယ်ဒီရယ်၊ ခက်မိဘနှစ်ပါးရယ်။ လူကြီးတွေလိုက်လာကြပြီဆိုတော့ လာမယ့်ဘေး ပြေးတွေ့ရုံပဲရှိတော့တာပေါ့။ အတူတူလာကြပုံထောက်တော့ ခွဲဖို့ခွာဖို့ စကားလုံးတွေ သယ်ဆောင်လာမယ်တော့ မထင်ပါဘူး။ ခွဲမယ်ဆိုလည်း ခက်ကကိုယ့်မိန်းမဖြစ်နေပြီပဲဥစ္စာ။

ခက်ကိုယ်တိုင်က ရက်စက်ရင်တော့တစ်မျိုးပေါ့။

သူ့အပေါ် ခက် မရက်စက်လောက်ဘူးလို့ သူယုံကြည်သည်လေ။ ဘာပဲဖြစ်ဖြစ် မချစ်နိုင်သေးရင်နေ ယယ်သံယောဇဉ်က ရက်စက်နိုင်ခြင်းကို ဖယ်ထုတ်သွားမှာပါ။

"သား"

"ဒယ်ဒီ"

"မင်း ဘယ်လိုလုပ်လိုက်တာလဲကွာ။ ခက်နဲ့ချစ်သူတွေ ဖြစ်နေတယ်ဆိုလည်း ငါ့ကိုပြောပါတော့လား။ မိဘဖသားပီပီ တောင်းပေးမှာပေါ့။ ခုတော့ ခိုးပြေးရတယ်လို့"

"အထဲဝင်ကြပါ"

ဆိုးသည် ကောင်းသည်မပြောဘဲ အထဲဝင်ခိုင်းလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



ဝင်ခဲ့ကြစဉ် –

"မေမေ"

"သမီး"

"မေမေ မေမေတို့ လိုက်လာတယ်နော်"

သံလွင်က မိခင်၏ရင်ခွင်တွင်းသို့ တိုးဝင်၍ ငိုလေ၏။ သံလွင့်အတွက် မိဘတွေခများ ပူပန်သောကရောက်ကြမှာပဲပေါ့။ အဲဒါ ဟီးရိုးကြောင့်ဆိုတဲ့အသိက ဒေါ်သကို နှိုးဆွလျက်။ သံလွင်က ဘုမသိဘာမသိနဲ့ပါလာရတဲ့သူလေ။ တွန်းချလိုက်မှ ကိုယ်ရပ်နေမိတဲ့ရှေ့မှာ ချောက်ရှိမှန်းသိခဲ့ရတဲ့အဖြစ်။ အဲဒီအတွက် ဟီးရိုးကို လုံးဝမကျေနပ်။

အခု သူ့ရဲ့ ဖွတ်တရွတ်ဆန်မှုကြောင့် ကိုယ်ပါ အမိုက်မအဖြစ် အထင်လွဲခံရတော့မှာ။

"မိုက်လိုက်တာ သမီးရယ်"

ဟီးရိုး ဖျတ်ခနဲလှည့်ကြည့်ပြီး –

"သူမိုက်တာ မဟုတ်ဘူး၊ ကျွန်တော် မိုက်တာပါ"

"ဟင်"

"သား"

"ဟုတ်တယ် ဒယ်ဒီ၊ ခက်ကို ကျွန်တော် ကားတင်ပြေးခဲ့တာပါ"

"ဟော့ကောင်"





ဦးရဲမြင့် မျက်စိမျက်နှာပျက်ပျက်နှင့် တားပေမယ့် ဟီးရိုးက ဘာမှမဖြစ်သလို။ နှစ်ဦးနှစ်ဖက် သဘောတူလို့ ခိုးပြေးကြတယ်ဆိုရင် တော်သေးတာပေါ့။ ကားတင်ပြေးတယ်ဆိုတော့ တစ်ဖက်ကမကျေနပ်လို့ အမှုဖွင့်လိုက်ရင် ကိုယ်ဒုက္ခရောက်မယ်ဆိုတာ ဒီကောင် မသိဘဲနေပါ့မလား။

"ဘယ်လိုပဲဖြစ်ဖြစ် အခု ဒယ်ဒီတို့က သားနဲ့သမီးကို ပြန်ခေါ်ဖို့လာခဲ့တာ"

"သားတို့ ရုံးတက်လက်မှတ်ထိုးဖို့ စီစဉ်ထားပါတယ် ဒယ်ဒီ"

"အို အဲဒီလိုလုပ်လို့ ဘယ်ဖြစ်မှာလဲ။ ငါ့သမီးက အသိုင်းနဲ့အဝိုင်းနဲ့၊ ဆွေနဲ့မျိုးနဲ့နေတာဟဲ့။ တစ်ကောင်ကြွက်မဟုတ်ဘူး။ တို့ခုလိုလိုက်လာပြီးခေါ်တာ သမီးကို တင့်တောင်းတင့်တယ်နဲ့ ခမ်းခမ်းနားနား မင်္ဂလာဆောင်ပေးဖို့"

"စကားပြောတာ အေးအေးဆေးဆေးပြောစမ်းပါ မာရယ်"

"ကျွန်မစကားပြောရင် ရှင် ဝင်မပြောစမ်းပါနဲ့"

မိန်းမက ဟောက်လိုက်တာနှင့် ဦးဆန်းလွင်မောင် တစ်ယောက် မီးကိုရေနဲ့ဖြန်းသတ်လိုက်တဲ့အတိုင်းပါပဲ။ သူတို့က မိန်းကလေးရှင်ဆိုတော့ ဒီလိုပဲ တင့်တင့်တယ်တယ် ဖြစ်ချင်မှာပေါ့လေ။ ဦးရဲမြင့်ကလည်း သူတို့စိတ်တိုင်းကျ ဖြစ်စေဖို့ အဆင်သင့်ပဲမို့ –

"စိတ်ချပါ မမာ၊ ကျွန်တော်တို့ဘက်ကလည်း မမာတို့ စိတ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်းကျဖြစ်အောင် စီစဉ်ပေးမှာပါ"

"ဒါဆိုလည်း ပြီးတာပဲ။ ကဲ သမီး … မေမေ့နဲ့ပြန်လိုက်ခဲ့"

"ဟာ … အန်တီ အဲဒီလိုလုပ်လို့ မရဘူးလေ"

"ဟင်"

ဒေါ်မာမာခက်က သမီးလက်ကိုဆွဲခေါ်တော့ ဟီးရိုးက အခေါ်မခံ။

"ငါ့သမီး ငါခေါ်တာ ဘာလို့ ခေါ်လို့မရရမှာလဲ"

"အန်တီ့သမီးဆိုတာ မှန်တယ်။ ဒါပေမဲ့ ခက်က ကျွန်တော့် မိန်းမ ဖြစ်နေပြီလေ။ အန်တီခေါ်ချင်တိုင်း ခေါ်လို့မရတော့ဘူး"

"ဘာ"

"သား"

ဦးရဲမြင့်က သားပခုံးကို ဆုပ်ကိုင်လိုက်ပြီး –

"ကိုယ့်မိဘကို အဆင်ပြေအောင် ဆက်ဆံမှပေါ့။ ခက်နဲ့မင်း တစ်သက်လုံး အတူပေါင်းရမှာပဲဥစ္စာ။ ခုတော့ ပြန်ထည့်လိုက်ပါကွာ"

ဒီတစ်ခါ ဒယ်ဒီ့စကားကို နားထောင်ဖို့ဆုံးဖြတ်လိုက်၏။ ဒါပေမဲ့ သိပ်တော့မကြည်ဖြူချင်။ သမက်နဲ့ယောက္ခမကြား ပဋိပက္ခတွေ ဖြစ်ကြရင် မကောင်းဘူးဆိုတော့ –

"ကောင်းပြီလေ ခေါ်သွားပါ"

✳



## အခန်း (၃၀)

ချစ်တယ်ပြောပြီး စေ့စပ်ဖို့လုပ်တုန်းကတစ်ယောက်၊ အခု လက်ထပ်ရတာတစ်ယောက်။ အဲဒီအတွက် စိတ်မကောင်းဖြစ်ရုံကလွဲပြီး ထွေထွေထူးထူးတော့ ခံစားချက်မရှိ။ ဘာဖြစ်လို့လဲဆို မဖြစ်နိုင်တော့တာကို မျှော်လင့်ရင်မောနေရမယ့်အစား ဖြစ်လာတဲ့အရာကို လက်ခံပြီး ကျေနပ်ရမှာမဟုတ်လား။

သူ –

ချမ်းမြေ့ကို ချစ်နိုင်အောင် ကြိုးစားရမှာပဲလေ။ အိမ်ထောင်ရေးဆိုတာ ဖြစ်ပြီးဖျက်ပစ်လို့ရတဲ့အရာမှ မဟုတ်ဘဲ၊ သံယောဇဉ်ပြီး သနားနေမိတယ်ဆိုကတည်းက အချစ်က ကိုယ်နဲ့လက်တစ်ကမ်း



www.burmeseclassic.com

www.burmeseclassic.com



လောက်ပဲ လိုတော့သည်လို့ ချစ်လင်း ထင်သည်။

"ကိုလေး"

"ဟင်"

အခန်းထဲဝင်ကာနီးမှာ ချမ်းမြေ့က ခေါ်တာဖြစ်၏။ သူကြည့်လိုက်တော့ သူ့ကိုမော့ကြည့်နေတဲ့မျက်နှာလေးက ငယ်ငယ်။

"ကိုလေး စိတ်မကောင်းဖြစ်နေတာလားဟင်"

"ငါက ဘာကိုစိတ်မကောင်းဖြစ်ရမှာလဲ"

"ဟိုလေ"

မပြောရဲသလို ခေါင်းလေးငုံ့သွားလေတော့ –

"ဘာလဲ ပြောလေ"

"ဟင့်အင်း ... မပြောတော့ပါဘူး"

"အဲဒီလိုမလုပ်နဲ့လေ။ နင်နဲ့ငါ လင်မယားဖြစ်နေပြီပဲဥစ္စာ။ ပြောစရာရှိရင် ပွင့်ပွင့်လင်းလင်း ပြောမှပေါ့"

"ချမ်းမြေ့ပြောရင် ကိုလေး စိတ်ဆိုးမှာစိုးလို့ပါ"

ချစ်လင်း ချမ်းမြေ့မျက်နှာလေးကို စိုက်ကြည့်မိသွား၏။ လင်မယားဖြစ်နေတာတောင် သူ့ခမျာ ကြောက်နေရှာတုန်း။ တကယ်ဆို မလိုအပ်တော့ဘူးလေ။ ကြောက်တာထက် တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိဖို့ပဲလိုတာ။

"ချမ်းမြေ့"





"ရှင်"

"နင် ငါ့ကို အဲဒီလောက်ကြောက်နေဖို့မလိုတော့ဘူးလေ။ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိကြရမှာ။ နင် ဘာပြောချင်တာလဲ ပြောလေ။ ငါ စိတ်မဆိုးဘူး ဟုတ်ပြီလား"

ပခုံးလေးကိုဖက်ပြီး လေသံအေးနှင့် ပြောလိုက်မှ သူ့မျက်နှာကို မော့ကြည့်ပြီး –

"ကိုလေးက ချမ်းမြေ့ကို မချစ်ဘဲနဲ့ ယူခဲ့ရတာဆိုတော့လေ။ ကိုလေး စိတ်ညစ်နေမှာပဲလို့ တွေးမိလို့ပါ"

ဪ ... ကိုယ့်အတွက်တွေးပေးရှာတာပဲလို့ ကရုဏာသက်မိသွား၏။ ဒါတွေက သစ်ပင်တစ်ပင်ရှင်သန်ဖို့အတွက် တွယ်ကုတ်တတ်တဲ့ ရေသောက်မြစ်တစ်ခုဆိုရင် –

"ချမ်းမြေ့"

"ရှင်"

"နောက်ကို အဲဒီလိုမတွေးရဘူးနော်။ နင့်ကိုငါ မချစ်ဘဲ လက်ထပ်ခဲ့တယ်ဆိုတဲ့ အတွေးတွေကို ခေါင်းထဲက ထုတ်ပစ်လိုက်တော့"

"ပြောတာ ကြားလား"

"ဟုတ်ကဲ့ပါ"

"အရမ်းလိမ္မာတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



နဖူးလေးကို ငုံ့နမ်းလိုက်တော့ ထင်မှတ်မထားဘူးထင်ပါရဲ့။ ချစ်လင်းကို မျက်လုံးဝိုင်းလေးနှင့် အံ့ဩသလို ကြည့်နေပုံက ကလေးတစ်ယောက်နှယ် ချစ်စရာအမူအရာလေးဖြစ်နေတာကြောင့် ချစ်လင်းရင်ထဲမှာ လှိုက်ခနဲ ခုန်သွား၏။ နောက်ထပ် ငုံ့နမ်းမည်လုပ်တော့–

"ညီ"

"အင်"

"ဟော့ကောင် နေဦး"

"ဗျာ"

လျှောက်လာတဲ့ ကိုကြီးမျက်နှာက စပ်ဖြဲဖြဲနှင့်မို့ –

"ကိုကြီးကလဲ"

"ဘာလဲ . . . ငါက ဆေးရှိးသည်ကြီးဖြစ်သွားပြီလား"

"သေချာတာပေါ့"

"နည်းနည်းတော့ သည်းခံလိုက်ပါကွာ။ ဖေဖေက မင်းတို့လင်မယားကိုခေါ်ခိုင်းလိုက်လို့ ငါလာခေါ်တာ။ ငါ့တုန်းကလို ဆုံးမဩဝါဒတွေချွေဦးမှာပေါ့"

"အဲဒါ နောက်နေ့မှ ချွေလည်း ရတာကို"

"ဪ . . . ခဏလောက်တော့ သည်းခံလိုက်ပါဆို"

"ကဲပါ . . . ချမ်းမြေ့တို့ သွားလိုက်ရအောင် နော်"

ပြောပြီး ချမ်းမြေ့က သူတို့ရှေ့မှ အရင်ထွက်သွားလေ၏။





ချစ်မင်းက ညီဖြစ်သူကို ပခုံးချင်းတိုက်ပြီး –

"နေတော့ မချစ်သလိုလိုနဲ့ မင်းမျက်လုံးကြီးက ချစ်နေပြီဆိုတာ သက်သေခံနေတယ် သိလား"

"ဟုတ်လား"

"ချမ်းမြေ့လည်း ရိုးရိုးလေးနဲ့ လှပါတယ်ကွ။ သူက အေးချမ်းတယ်၊ မင်း မမြင်တတ်လို့ပါ။ မြင်တတ်တဲ့ကောင်တွေက ချမ်းမြေ့ကိုလိုချင်လို့ သူ့အစ်မ ငါ့မိန်းမကို ဖားနေကြတာမှ လေးငါးယောက်ပဲ"

"ချမ်းမြေ့က အဲဒီလောက်မျက်နှာပွင့်တယ်လား"

"မယုံမရှိနဲ့ တကယ်ပြောတာ"

ချစ်လင်း ပခုံးတွန့်ကာ ရယ်လိုက်၏။ တကယ်လည်း ချမ်းမြေ့က ချစ်စရာကောင်းတာအမှန်ပါ။ သူသာ အမြင်နီးပြီး ခရီးဝေးနေတာ။

"ဖေဖေခေါ်နေတယ်ဆိုတော့ သွားလိုက်ဦးမယ်"

✳



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

ဟီးရိုး တူးတူးကိုကျောင်းပို့ပေးပြီးမှ မင်္ဂလာဝတ်စုံသွားချုပ်ဖို့ ခက်ကို သွားခေါ်မည်ဟု ကားသော့ကိုယူပြီး ထွက်လာခဲ့စဉ် –

"သူရဲကောင်း"

"–––––"

"သူရဲကောင်း"

နောက်ကနေခေါ်ပြီး လိုက်လာတဲ့အသံကြောင့် ရပ်စောင့်နေလိုက်၏။ တူးတူးကိုစွန့်ပတ်သက်ပြီး စကားများပြီးကတည်းက နီလာခင် သူ့ကို ဆိုးသည်ကောင်းသည် ဘာမှမပြောတော့ပေ။ ပြောလို့ရော ရမလား။ သူ့မှာ ပြောပိုင်ခွင့်မှမရှိတာ။





"တူးတူးကို ကျောင်းလိုက်ပို့မှာလား"

"ဟုတ်တယ်"

"ငါ့ကို တစ်ခုလောက် ကူညီပါလား။ နင့်ဒယ်ဒီမရှိလို့ အကူအညီတောင်းတာပါ"

"ဘာလဲ"

"ငါ ကောင်းကောင်းနေမကောင်းလို့ ဆေးခန်းသွားချင်လို့ပါ။ တူးတူးကို ကျောင်းပို့ပြီး ငါ့ကို ဆေးခန်းလိုက်ပို့ပါလား"

"တူးတူးကို ပို့ပြီးရင် ကျွန်တော် ခက်နဲ့သွားစရာရှိတယ်"

"ခဏလေးပါ။ ငါလည်း မလွဲသာလို့သာ အကူအညီတောင်းရတာ။ နင့်ကို အားနာပါတယ်။ တူးတူးနဲ့ တစ်ခါတည်းလိုက်ခဲ့မယ်လေ ဖြစ်လား"

"ကျွတ်"

ဟီးရိုး မျက်နှာရှုံ့မဲ့မဲ့ ဖြစ်သွား၏။ နီလာခင်နဲ့အတူတူသွားဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်။ သူ့ကိုငြင်းဖို့ ဟီးရိုးအားနာနေစရာမှ မလိုတာ။

"ရှုပ်ရှုပ်ယှက်ယှက်ဗျာ၊ ခင်ဗျားနဲ့ကျွန်တော် အတူသွားဖို့ သင့်တော်မလားဗျ"

"မင်းနဲ့ငါ့ရဲ့ တော်စပ်မှုကို ပတ်ဝန်းကျင်က သိနေကြတာပဲလေ။ ပြဿနာမရှိလောက်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



''တော်စပ်မှုကို သိနေတာက ဟုတ်တယ်။ အချို့က မျက်လုံးကို အတည့်မကြည့်ဘဲ စောင်းကြည့်လိုက်ရမှ ကျေနပ်ကြတာ''

နီလာခင် သက်ပြင်းချလိုက်မိ၏။ တကယ်တွေးကြည့်တော့ ဟုတ်တော့ဟုတ်တာပဲလေ။ ကိုယ်တွေက ဘယ်လိုပဲ ဖြူစင်သန့်ရှင်းပါစေ၊ ပတ်ဝန်းကျင်က အရောင်ဆိုးရင် သူတက်ကိုယ့်တက် သိက္ခာတွေ ညှစ်နွမ်းသွားမှာပဲ မဟုတ်လား။ မိတွေးဆိုတဲ့အခေါ်ဟာ ရင့်သီးပေမယ့် လက်မခံချင်လို့လည်းမရ။

ပြီးတော့ –

အသက်ကလည်း မတိမ်းမယိမ်းဆိုတော့ ခပ်ကင်းကင်းနေကြတာပဲကောင်းပါတယ်။ ပတ်ဝန်းကျင်က အမြင်စောင်းကြရင် သူရောကိုယ်ရောက မာနကို ရွှေချထားချင်သူတွေ။

''အေးလေ ... နင်ပြောတာလည်း ဟုတ်ပါတယ်။ နင်နဲ့ငါ ခပ်ကင်းကင်းနေကြတာပဲ ကောင်းပါတယ်''

''စိတ်တော့မကောင်းပါဘူး''

''ရပါတယ်''

''တူးတူးရေ ... သွားမယ်ကွ''

''လာပြီ ကိုကြီး''

နီလာ ဦးပြန်လာမှပဲ လိုက်ပို့နိုင်းတော့မည်ဟု လှည့်ထွက်လိုက်စဉ် ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားပြီး –





''အား''

''ဟင်''

လူက ယိုင်ခနဲဖြစ်သွားလေလျှင် –

''မနီလာ''

မနေစိမ့်နိုင်သောစိတ်က နီလာကို လှမ်းထိန်းမိလျက်သားဖြစ်သွား၏။ ကျန်တဲ့အချိန်မှာ တစ်ယောက်နဲ့တစ်ယောက် ထပဲသတ်သတ်။ အခုက နေမကောင်းဘူးဆိုတော့ ဒီအတိုင်းပစ်ထားလို့ မဖြစ်ပြန်။ ဒယ်ဒီ့မျက်နှာက ရှိသေးတယ်လေ။

''ဘာဖြစ်တာလဲ''

''ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားတာ''

''ရရဲ့လား''

''အား''

''တော်တော် အဆင်မပြေဖြစ်နေရင်တော့ ကျွန်တော် ဆေးခန်းလိုက်ပို့ပါ့မယ်''

''ရတယ် ... ရတယ်''

ပါးစပ်က ရတယ်ဆိုပေမယ့် မျက်နှာက ရှုံ့ရှုံ့မဲ့မဲ့၊ ဒါကြောင့်ဟီးရိုး နီလာ့လက်မောင်းကို ကိုင်ထားဆဲနှင့် ငုံ့ကြည့်နေမိစဉ် –

''ဟင်''

မြင်လိုက်ရတဲ့မြင်ကွင်းကြောင့် သံလွင့်မျက်လုံးတွေ မီးပွင့်



www.burmeseclassic.com

www.burmeseclassic.com



သွားသလိုပါပဲ။ ဖက်ထားတာမဟုတ်ပေမယ့် လက်မောင်းကို ဆုပ်ကိုင်ထားတာက ဘာသဘောလဲ။ သူ့အဖေနဲ့ကိုယ့်မိဘတွေက မင်္ဂလာကိစ္စအတွက် စီစဉ်စရာတွေရှိလို့ အပြင်ထွက်သွားကြတာ။ အိမ်မှာ အခြားသူတွေ ဘယ်ရောက်ကုန်ပြီလဲ။

နှစ်ယောက်တည်း ဒီလိုအနေအထားနဲ့ မြင်လိုက်ရတော့ သံလွင် အောက်နှုတ်ခမ်းကို ဖိကိုက်ပြီး ရင်ထဲမှာ ဆူဆူညံညံတွေ ဘာသံတွေလဲတော့မသိ။

ဒါ ...

သူတို့ ဖောက်ပြန်နေကြတာပဲဖြစ်မှာ။ လူတွေရှေ့မှာကျတော့ အများအမြင်ကောင်းအောင် တကျက်ကျရန်ဖြစ်ပြနေကြပြီး လူမရှိတဲ့အရပ်မှာကျတော့ ဒီလိုတဲ့လား။ အသည်းနာဖို့ကောင်းလိုက်တာ။ ကိုယ်ကတော့ သူ့အချစ်ကိုရဖို့ မျှော်လင့်လိုက်ရတာ။ သူကတော့ ကိုယ့်ကို အမွေသိမ်းပိုက်ပြီး အချစ်ကျတော့ လုံးလုံးမပေးဘဲ ကိုယ်မဟုတ်တဲ့ သူမျှားနဲ့ဖြစ်နေပုံက ကြည့်ပါဦး။

ဒေါသကြောင့် မျက်ဝန်းမှာ မျက်ရည်တွေက ချက်ချင်းပြည့်တက်လာ၏။ ရက်စက်လိုက်တာ။ သူ့ကိုအထင်ကြီးလေးစားမိသမျှ ခုတော့ သွားပြီပေါ့။ ကိုယ်ချစ်ခဲ့သမျှကို သဲထဲရေသွန်တာမှ ရေစိုရာကျန်ခဲ့ဦးမည်၊ သံလွင့်အတွက်ကတော့ ဘာမှ မကျန်စွာနဲ့ သူပေးသလို ပြန်ပေးဖို့ဆုံးဖြတ်ကာ –





"ဟီးရိုး"

"ဟင်"

ခေါ်လိုက်မှပဲ လှည့်ကြည့်ဖော်ရကာ –

"ခက်"

"ဟင် ... သံလွင်"

"နင်တို့က ဒီလိုလား ဟီးရိုး"

"ဘာကိုလဲ"

"မသိချင်ယောင်ဆောင်မနေနဲ့ ဟီးရိုး။ အိပ်ချင်ယောင်ဆောင်တဲ့လူက အနှိုးရခက်တယ်ဆိုတာ ဒါမျိုးပဲ။ ဆင်ထွေရန်ရှောင်လုပ်မနေနဲ့ ငါ ဘာပြောတာလဲ နင်သိတယ်"

"ဘာကိုသိရမှာလဲ။ နင်ဘာပြောတာလဲ ငါနားမလည်ဘူး"

"နားမလည်ဘူး ဟုတ်လား"

"ဟုတ်တယ်၊ ပွင့်ပွင့်လင်းလင်းပြောစမ်းပါ"

"အေး ... နင်က ပွင့်လင်းစေချင်တော့ ငါ ပွင့်လင်းရတာပေါ့။ နင်တို့နှစ်ယောက်က ဘာလဲ"

"ဘာ"

"ဟင်"

ခုမှ ဘာပြောတယ်ဆိုတာကို သဘောပေါက်ပြီး ဟီးရိုးရောနီလာခင်ပါ မျက်နှာပျက်သွားကြ၏။ ဟုတ်လို့ပျက်တဲ့မျက်နှာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးလေ။ အထင်လွဲခံရလို့ မျက်နှာပျက်သွားကြတာ။ ထင်ရက်လေခြင်း လို့လည်း စိတ်မကောင်းဖြစ်ရတာပေါ့။

"မဟုတ်ဘူး ... မဟုတ်ပါဘူး သံလွင်ရယ်"

"ဘာမဟုတ်တာလဲ၊ လက်ပူးလက်ကျပ်မိနေတာတောင် ငြင်းချင်တုံးလား"

"ခက်"

"-----"

"နင် ငါ့သိက္ခာကို အရမ်းစော်ကားလွန်းသွားပြီနော်၊ မနီလာ ခေါင်းမူးလို့ ငါက"

"တော်စမ်းပါ"

"မတော်နိုင်ဘူး"

ဟီးရိုး လျှောက်လာပြီး သံလွင်နဲ့မျက်နှာချင်းဆိုင်ကာ ရပ်လိုက်၏။

"နင် သေသေချာချာစဉ်းစားကြည့်စမ်းပါ။ ငါက အဲဒီလို လုပ်မယ့်လူစားလား"

"လူ့စိတ်ဆိုတာ ပြောလို့ရတာမှတ်လို့"

"ခက်"

ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်တော့ သံလွင်က သူ့လက်တွေကို ဖယ်ချလေသည်။ ဒီအချိန်မှာ သူ ဒေါသထွက်လို့မဖြစ်ပါဘူး။





ခက်ကို နားလည်အောင်ရှင်းပြမှပါ။

"နင်သိလျက်သားနဲ့ ခက်ရယ်။ ငါ နင့်ကလွဲပြီး ဘယ်မိန်းမ ကို ဂရုစိုက်တတ်ခဲ့လို့လဲ။ မနီလာနဲ့ ငါနဲ့ ဘယ်တုန်းကမှ မတည့်ခဲ့ကြ တာလည်း နင်အသိပဲ။ အခု မနီလာက ကျန်းမာရေးနဲ့ ပတ်သက်နေ လို့ ငါကူညီတာ"

"ကူညီတာ အဲဒီလိုလား"

"ခက်"

"ဟုတ်ပါတယ် သံလွင်ရယ်။ မမနီလာ ခေါင်းမူးသွားလို့ သူ့ရဲ့ကောင်းက ထိန်းပေးတာပါ"

သံလွင် မဲ့ပစ်လိုက်၏။ ဗီဒီယိုတွေထဲမှာ ဖြစ်တတ်တဲ့ အထင် လွဲမှုမျိုးတွေကို ရွတ်ပြတာ ယုံစရာလား။ သူခိုးဆိုတာ လစ်ရင် ခိုးမိ တော့ ဖြေရှင်းချက်ကောင်းကောင်းပေးတာမျိုးလေ။

"ယုံတမ်းစကားတွေ ထပ်မကြားပါရစေနဲ့တော့"

"------"

"ဒီမှာ ဟီးရိုး"

"ခက်ရယ် ... နင် ဘာတွေ့ မဟုတ်တာတွေ တွေးနေတာလဲ"

"နင်နဲ့ငါက မဖြစ်မနေ လက်ထပ်ရတော့မယ်ဆိုတော့ လက်ထပ်ဖို့ကိစ္စအတွက်ရှိစေတော့။ ဒါပေမဲ့ ငါ့အချစ်ကိုတော့ နင် ဘယ်တော့မှ မရစေရဘူး ဟီးရိုး။ နင်နဲ့ထိုက်တန်တာက ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြန်း"

"ဟင်"

ထင်မှတ်မထားသောကြောင့် အံ့သြစွာနှင့်ပဲ ချက်ချင်း ပြန်ငဲ့ကြည့်တော့ ခပ်ကြောင်ကြောင်။ မျက်ရည်တွေကြားက အံကြိတ်ထားတဲ့ မျက်နှာကို စူးစူးစိုက်စိုက်ကြည့်မိရင်း –

"ခက် နင်"

"နင့်ကို ငါ အရမ်းမုန်းတယ်သိလား"

"မဟုတ်ဘူးနော် ခက်"

"ဖယ် လွှတ်"

ခက်က သူ့လက်တွေကို ဖယ်ချခဲ့ပြီး ထွက်ပြေးလေတော့ ဟီးရိုးက နောက်မှလိုက်လေသည်။ ဖြေရှင်းလို့မရတာကိုပဲ ရအောင် ဖြေရှင်းရမှာပေါ့။ မဟုတ်တာကို ဟုတ်သလိုလိုနဲ့ ခေါင်းငုံ့နေလို့ ဖြစ်တဲ့ ကိစ္စမှ မဟုတ်တာ။

"ခက်"

"ဖယ် ... လွှတ်နော်"

"ငါရှင်းပြတာ နားထောင်ဦးမှပေါ့"

"နားမထောင်ဘူး ဖယ်စမ်း"

"နင် နားမထောင်လို့မရဘူး။ ငါ့ဘဝမှာ ငါ အမြတ်နိုးဆုံး မိန်းမက နင်ပဲ။ ငါ့ရင်ထဲမှာ နှစ်နှစ်ကာကာချစ်ခဲ့တာလည်း နင်





တစ်ယောက်ပဲရှိတယ်။ အဲဒါ ခုမှမဟုတ်ဘူး ဟိုတုန်းကတည်းက"

"ဘာ"

သူက သံလွင့်ကို ချစ်တယ်တဲ့လား။ ချစ်တဲ့သူက ချစ်တယ်လို့ မပြောတဲ့ သူ့များရင်ခွင်ထဲထည့်ဖို့ တိုက်တွန်းခဲ့သေးတယ်တဲ့လား။ သံလွင် မွဲခနဲဖြစ်ပြီး သူ့ရင်ဘတ်ကို ဆောင့်တွန်းပစ်ခဲ့ကာ ထွက်လာခဲ့တော့၏။

သံလွင့်ရင်ထဲက တန်ပြန်တုံ့ပြန်မှုက ဘာဖြစ်မလဲဆိုတာ။

✻



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"ပြဿနာတစ်ခုကို ခေါင်းအေးအေးထားပြီး ဖြေရှင်းသင့်တယ်သမီး၊ ခုကိစ္စမှာ ဟုတ်မဟုတ် အကျိုးနဲ့အကြောင်းကို ဆက်စပ်ကြည့်၊ ကိုယ်ထင်သလို မဟုတ်ရင် တစ်ဖက်သားသိက္ခာကို စော်ကားရာကျတယ်သမီးရဲ့"

"အခုက ဟုတ်ကိုဟုတ်နေတဲ့ပုံပါ မေမေရယ်"

"ဟုတ်နေတဲ့ပုံဆိုကတည်းက ထင်ယောင်ထင်မှားပဲလေ။ ဟုတ်နေတယ်လို့ သေချာတာမှမဟုတ်တာ။ သမီးပြောပြပုံအရဆိုရင် နီလာ တကယ်ခေါင်းမူးလို့ မကင်းရာမကင်းကြောင်းနဲ့ ဟီးရိုးက မနေစိမ့်နိုင်တာ ဖြစ်နိုင်တာပဲဥစ္စာ"





"ဟုတ်တယ် သမီး၊ ဟီးရိုးက အဲဒီလိုယောက်ျားမျိုးမဟုတ်ဘူးလို့ မေမေလည်း ယုံကြည်တယ်"

ဪ… ခုတော့လည်း မေမေကာစ သူ့ဘက်က ဘက်တော်သားပါလား။ သူတို့က သံလွင်မှားနေတယ်လို့ပြောတာပေါ့လေ။ ချစ်တဲ့သူတစ်ယောက်အနေနဲ့ ကိုယ့်ယောက်ျားကို သူများနဲ့တွဲပြီး တွေ့တာကို သဘောထားကြီးမပေးနိုင်။ သဝန်တိုခွင့်ရှိလို့ သဝန်တိုတာကို အပြစ်မြင်ကြသတဲ့လား။

သံလွင် –

ဟီးရိုးအပေါ်ကို ချစ်ခဲ့သည်လေ။ ဒါကို မိန်းကလေးတစ်ယောက်အနေနဲ့ ဘယ်လိုပြောရမလဲ။ ကိုယ့်ရင်ထဲကို ထိုးဖောက်မကြည့်ဘဲ သူပဲသူများနဲ့ဖြစ်စေချင်ခဲ့တာ။ ကားတင်ပြေးတယ်ဆိုတော့လည်း ဘာအကြောင်းနဲ့မှန်းမသိ ချစ်တယ်လို့ တစ်ခွန်းတစ်ပါဒမျှ မပြောခဲ့။

"သမီး"

"—————"

"ဒီကိစ္စမှာ ဒေါသကိုရှေ့တန်းမတင်သင့်ပါဘူး သမီးရယ်၊ ဖေဖေတို့မွေးထားတာ သမီးခေါင်းထဲမှာ ဦးနှောက်နဲ့ပါ"

"ဦးနှောက်ရှိလို့ စဉ်းစားတာပေါ့ ဖေဖေရဲ့။ သူတို့က ရှေ့ရှေ့တွေကျ တကျက်ကျက်ရန်ဖြစ်နေပြီး နောက်ကွယ်မှာကျတော့ မပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်ချင်ဘူး''

''အဲဒါ မလွဲသာတဲ့အကြောင်းတရားတွေ ရှိတယ်လေ။ ဟီးရိုးက နိုလာ့ကို ဘယ်လောက်ပဲမုန်းမုန်း သူ့အဖေကို မပြတ်နိုင်ဘူး။ ဒီအဖေမျက်နှာနဲ့ အရေးအကြောင်းရှိလာရင် ဥပေက္ခာပြုထားနိုင်ပါ့မလား''

သံလွင် ဘာမှပြန်မပြောတော့ပေ။ သံလွင် မှားခဲ့တယ်ထားဦး တော့ သူလာချော့သင့်တာ မဟုတ်ဘူးလား။ ခုတော့ ဖုန်းလည်း မဆက်၊ လူလည်းမလာ။ သတ်တော့မယ်ဆိုမှ ကြောက်ပါတယ်ပြောတဲ့ လူလို ကိုယ်က အမုန်းပင်စိုက်ပြီး ဒဏ်ခတ်မယ်ဆိုမှ ချစ်တာတွေ မြတ်နိုးတာတွေပြောပြီး အပြစ်ကိုကာကွယ်ချင်တာ ခွင့်လွှတ်စရာလား။

''ဒီအတိုင်းဆို မဖြစ်သေးပါဘူး။ သမီး သံသယကင်းအောင် ဟီးရိုးတို့အိမ်မှာပဲ သွားနေတော့''

''မေမေကလည်း''

''ဘာမေမေကလဲ့လဲ။ အဲဒါမှ သမီးရင်ထဲက သံသယဆူးကို နုတ်လို့ရမှာလေ''

''သူလာမခေါ်ဘဲ သမီးကသွားရမှာလား''

''သူလာခေါ်ရင်တော့ လိုက်မယ်ပေါ့ ဟုတ်လား''

''မလိုက်ပါဘူး''

''မလိုက်လည်း ခေါ်မယ့်သူတွေက ရောက်လာပါပြီရှင်''





''ဟင်''

မမအာသံကြောင့် သံလွင် မော့ကြည့်လိုက်တော့ ရှေ့ဆုံးက မမဖြစ်ပြီး နောက်မှာ ဟီးရိုးရယ်၊ သူ့အဖေရယ်၊ တူးတူးရယ်။ သံလွင် ချက်ချင်းထရပ်လိုက်တော့ –

''သမီး''

''––––''

''ပြန်ထိုင်စမ်း''

''သမီး အရေးကြီးတဲ့ကိစ္စရှိလို့ မေမေ''

''ဟဲ့''

မေမေ့ရဲ့တားမြစ်သံကိုတားခဲ့ပြီး သံလွင် အပေါ်ထပ်သို့ တက် လာခဲ့လေလျှင် –

''ခက်''

ဟီးရိုးကလည်း မထိုင်ရသေးဘူးမို့ ခက်နောက်ကို ထပ်ကြပ် မကွာလိုက်ပေမယ့်မမီ။ အခန်းရှေ့သို့ရောက်မှ မီတော့ သံလွင်က တံခါးပိတ်ဖို့ ကြိုးစားလေသဖြင့် ဟီးရိုး အတင်းပဲ ကိုယ်ကို တစောင်း တိုးဝင်လိုက်တော့ –

''ဘာလုပ်တာလဲ သွား ခုပြန်ထွက်''

''ဘာလို့ထွက်ရမှာလဲ။ အခန်းထဲရောက်အောင် ဝင်မှီးမှာ''

ပြောရင်း တိုးဝင်ကာ ဟီးရိုး တံခါးကိုပိတ်လိုက်တော့ –



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘာလုပ်တာလဲ"

"တံခါးပိတ်လိုက်တာလေ"

"ပြန်ဖွင့်"

"မဖွင့်ဘူး"

"ဟီးရိုး ... နင်နော်"

"အရမ်းချစ်တယ်"

"ဘာချစ်တာလဲ၊ အခုမှလာပြီး ဒီပုံဟွမပြောနဲ့၊ ကြိမ်မြင်မှ ကြောက်တယ်ပြောတာမျိုးကို ယုံစရာလား"

"ယုံပါ ... မိန်းမရယ်။ မင်းယောကျ်ား ရှင်းပြတာကို နားထောင်ဦးမှပေါ့"

သံလွင် မျက်စောင်းထိုးပစ်လိုက်၏။ ဟီးရိုးကလည်း မာနတွေ အာဃာတတွေမရှိ၊ အချစ်ကို အချစ်အတိုင်း ဖြန့်ခင်းပြဖို့ သံလွင့်အနားကို ကပ်ကာ ခါးကိုဖက်လိုက်ပြီး –

"အဲဒီနေ့က မနီလာ တကယ်နေမကောင်းဘူး ခက်ရဲ့။ ဒယ်ဒီမရှိလို့ ဆေးခန်းသွားချင်တာ ငါနဲ့လမ်းကြုံလိုက်ပါရစေတဲ့။ အဲဒါငါက ရှုပ်ရှုပ်ယှက်ယှက်တွေ မသင့်တော်ဘူးဆိုတဲ့အကြောင်း ပြောနေရင်း သူ လဲကျမလိုဖြစ်လို့ ငါ ထိန်းပေးလိုက်တာ ရိုးရိုးရှင်းရှင်းလေးပဲ"

"-----"

"မနီလာလည်း ဒယ်ဒီပြန်လာမှ ဆေးခန်းသွားဖြစ်တယ်။





ငါလည်း တူးတူးကို ကျောင်းလိုက်ပို့ပြီး စိတ်ညစ်ညစ်နဲ့ အိပ်ရာထဲမှာ ခွေနေလိုက်တော့တာ"

"မနီလာက ဘာဖြစ်တာလဲ"

လေသံက နည်းနည်းပျော့သွားပြီဆိုတော့ ရာသီဥတု အခြေအနေကောင်းပြီထင်ပါရဲ့။ ဟီးရိုး သိပ်တော့ပြောမပြချင်ပေ။ ဒါပေမဲ့ သံသယရှင်းအောင်တော့ ပြောပြရမှာပဲ။ မနီလာလည်း ခုဆိုရင် ဟီးရိုးအပေါ် နားလည်သွားပါပြီတဲ့။ မိဘက သားသမီးအပေါ် ဘယ်လိုမေတ္တာထားလဲဆိုတာနဲ့ သားသမီးက မိဘအချစ်ကို သူစိမ်းနဲ့ခွဲဝေမယူချင်တာ သဘာဝကျပါတယ်လို့ပြောပြီး နားလည်ပေးလိုက်တာ သူ့အကြောင်းနဲ့သူ။

အရင်က –

ဒယ်ဒီ့အပေါ်မှာ မနီလာ မကြည်လင်မကြေညက်ခဲ့။ မယားကို ဂရုမစိုက်ပဲ သားအတွက်ပဲ အမြဲတမ်း စိုးရိမ်ပူပန်နေတတ်လို့တဲ့လေ။ ဒါကြောင့် ဟီးရိုးကို မနာလိုဖြစ်ပြီး မတည့်ခဲ့ကြတာ။

ခုတော့ –

သူကိုယ်တိုင် မိခင်နေရာကိုရောက်လာတော့မယ်ဆိုမှ နားလည်လိုက်ပါပြီတဲ့။ ဟီးရိုးကလည်း နားလည်ပေးနိုင်ဖို့ ကြိုးစားရတော့မည်လေ။ တကယ်တမ်းမှာ မနီလာက သူထင်သလို ဒယ်ဒီ့ကို ယူခဲ့တာ စည်းစိမ်ဥစ္စာတွေကို မက်မောလို့မှ မဟုတ်ခဲ့ဘဲ။



www.burmeseclassic.com

www.burmeseclassic.com



"ပြောတော့ မပြောချင်ပါဘူး။ ဒါပေမဲ့ လင်မယားချင်းမို့လို့ ပြောပြမယ်"

"လာပြန်ပြီ ဒီလင်မယား"

"မဟုတ်လို့လား"

"မပြောနဲ့၊ မနီလာ ဘာဖြစ်တာလဲ လိုရင်းကိုပဲပြော"

"ကိုယ်ဝန်ရှိနေတာတဲ့ သိပြီလား"

"ဟင်"

ရယ်ကျဲကျဲမျက်နှာက အနားတိုးလာပြီး –

"တို့လည်း အမီလိုက်ရအောင်။ နှင့်မှာရှိလာရင် ဘာမှမလုပ်ရဘူးနော်။ အခုလည်း မရှိအောင် လုပ်ခွင့်မပေးဘူး။ ချစ်လင်းတို့ကိုလည်း မီအောင်လိုက်ရမယ်"

"ဟီးရိုးနော် ဘာတွေလျှောက်ပြောနေတာလဲ။ ပါးစပ်က စည်းကမ်းကိုမရှိဘူး သွား"

"ဘယ်သွားရမှာလဲ၊ မိန်းမအနားကနေ ဘယ်မှမသွားဘူး အရမ်းချစ်တယ်"

ဘယ်လိုပဲ စိတ်ကိုတင်းထားထား ချစ်တယ်ဆိုတဲ့စကားကြားရတော့ မလိုက်လျောသည့်တိုင် အနမ်းတွေကြားမှာ စိတ်က ပျော်ဝင်သွားမိသည်ဆိုလျှင်။



## အခန်း (၃၃)

ဟီးရိုး ပြောပြတာကို နားထောင်ရင်း ချစ်လင်းက ရယ်တာ တခိခိ။ သူတို့လင်မယားက အဆင်ပြေနေပြီး ဟီးရိုးတို့လင်မယားက လျှာနဲ့သွားလို ခလုတ်တိုက်နေကြတာ စိတ်တော့မကောင်းပေ။ ဘာဖြစ်လို့လဲဆို ကိုယ့်ကြောင့် မထင်မှတ်ဘဲ ညားခဲ့ကြတာကိုး။ ချစ်သူဘဝဆိုတာ ဘယ်ဆီနေမှန်းမသိ၊ ချစ်တဲ့စကားမပြောကြားဘဲ နှီးပြေးရတာ အစိမ်းသက်သက်။

"မင်းက ရယ်နေ၊ ငါ့မှာတော့ သေချင်စော်နံနေပြီ"

"အဲဒါ အစမကောင်းလို့ အနှောင်းမသေချာတာလေ။ နည်းနည်းတော့ သည်းခံမှပေါ့။ မင်းနဲ့သူက ချစ်သူဘဝကို ဖြတ်သန်းရတာမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာ''

''မင်းတို့ကရော ချစ်သူဘဝကို ဖြတ်သန်းခဲ့ရလို့လား''

''အခြေအနေက မတူဘူးလေကွာ၊ ငါ့မိန်းမက ငါသေဆိုရင်တောင် သေမလားမပြောတတ်ဘူး။ မင်းမိန်းမက စွာလန်တေး''

''အဲဒီစွာလန်တေးကို မင်းပဲချစ်ခဲ့တာ မဟုတ်ဘူးလား''

''ဟော့ကောင် ... ခုမှ ချေးခြောက်ရေမျှားမနေနဲ့၊ အခု မင်းနဲ့ငါ ကားတစ်စီးအလိုက်ပေးပြီး မိန်းမချင်းလဲမယ်ဆိုရင်တောင် ငါကမလဲဘူး''

''ခွေးကောင် ... ငါကရော လဲမလားကွ။ အစကတည်းက မင်းကိုငဲ့လို့သာ ငါဖွင့်မပြောခဲ့တာ။ ချစ်တာမှ ဖြစ်နိုင်ရင် ဆီစွတ်ပြီး မျိုချထားချင်တာ''

''တစ်ကိုယ်လုံးလား''

''ဒါပေါ့''

''ရွံစရာကြီး ... ထွီ''

''သေချင်းဆိုး''

ချစ်လင်းက သူ့ဟာသူ တွေးချင်ရာတွေးပြီးရယ်လေတော့ ဟီးရိုးက ဆဲလေတော့၏။ အိမ်ထောင်သည်တွေဖြစ်ပြီဆိုတာနှင့် ပြောတဲ့စကားတွေထဲမှာ သူ့မယား၊ ကိုယ့်မယားအကြောင်းတွေပါလာပြီပေါ့၊ နောက်ဆို စီးပွားရေးကိစ္စနဲ့ သားသမီးရေးကိစ္စတွေပါလာတော့မှာ





ပေါ့လေ။ ဖူးစာကလည်း ကြိုကြိုဖန်ဖန် အချိန်လက်တစ်လုံးကြားလေးမှာ ထင်သလိုဖြစ်မလာဘဲ မထင်မှတ်တဲ့လူတွေကို ချိတ်ပေးလိုက်တာလို့ ပြောရမလား။

အစကတော့ -

ဟီးရိုးဆိုတဲ့ကောင် တစ်ဖက်သတ်ချစ်နေခွင့်နဲ့ အရာရာမကျေနပ်ခဲ့သမျှ အခုတော့ အူမြူးနေရပြီလေ။ ကိုယ်ချစ်တဲ့သူနဲ့ ပေါင်းစည်းခွင့်ကြိုပေးလိုက်တဲ့ ကံကြမ္မာကိုလား ဖူးစာရေးနတ်ကိုလား ကျေးဇူးတင်ပါ၏။

''ဟီးရိုး''

''ဘာလဲ''

''မင်းက ခက်ကို အရင်ကတည်းက ချစ်ခဲ့တယ်ပေါ့။ ဟုတ်လား''

''ဟုတ်တယ်လေ''

''အဲဒါကို မင်း ဘယ်လိုသက်သေပြမလဲ''

သက်သေပြစရာရှိခဲ့တာမို့ ဟီးရိုး လွန့်ခနဲ ပြုံးလိုက်မိသည်။ ချစ်လင်းက ခက်အတွက် စံပယ်ပန်းတွေ မပေးခင်ကတည်းက သူမှာ ခက်ကြိုက်တဲ့အရာတွေကို ခြံဝမှာချိတ်ပြီး နေ့တိုင်း ဆက်သပေးနေခဲ့တာပဲဟာ။ အဲဒီတုန်းကတော့ အဝေးကြည့်အချစ်နဲ့ လွမ်းနေခဲ့တာပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေကွာ"

"မင်း မသိလို့ပါ။ ခြံဝမှာ စံပယ်ပန်းတွေနဲ့ ကောက်ညှင်းပေါင်း ထုပ်ကလေး နေ့စဉ်ဆက်သခဲ့တာ ငါပဲဥစ္စာ"

"ဟင်"

ချစ်လင်း တကယ် အံ့ဩသွားရ၏။ တကယ်မျှသိပ်နိုင်တဲ့ ဟီးရိုးပါလား။ သိပ်ချစ်ပါတယ်ဆိုတဲ့ သူငယ်ချင်းတောင် မရိပ်မိအောင် နေနိုင်ရက်လိုက်တာ။ အမှန်ကိုသိရတော့ ကိုယ့်အပေါ် ငဲ့ခဲ့ ညှာခဲ့တာ တွေတွေးပြီး ဟီးရိုးရဲ့ခင်မင်မှုကို မလေးစားပဲ မနေနိုင်တော့။

"ဒါဆို မင်း ငါ့ကို ဦးစားပေးခဲ့တာပေါ့"

"အင်း"

"ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ မင်း တော်တော်နေနိုင်တဲ့ ကောင်ပဲ"

"ငါ မင်းနဲ့ပြိုင်ဘက်မဖြစ်ချင်လို့ပါ"

"ဖြန်း"

"ဟာ"

"ဟင်"

ချစ်လင်းမျက်နှာမှာ ရေတွေစိုရွှဲသွားလို့ ဟီးရိုး ရေလာရာ ဘက်ကို လှည့်ကြည့်ပြီး ဒေါသက ထောင်းခနဲ ထွက်သွား၏။ ဒါ တမင်သက်သက်ရန်စလိုက်တာ။ ရေနဲ့ပက်လိုက်သူက နေယံမို့ ဟီးရိုး





ချက်ချင်းထသွားလိုက်ပြီး –

"မင်း အဲဒါ ဘာလုပ်တာလဲ"

"မြင်တဲ့အတိုင်းပဲ မင်းတို့ကို မကျေနပ်လို့လုပ်တာ"

"ဘာကွ"

"တောက်"

တက်ခေါက်သံနှင့်အတူ ရောက်လာသူက ချစ်လင်းပါ။ ကိုယ့်မျက်နှာကို ရေနဲ့အပက်ခံလိုက်ရခြင်းအတွက် ဒေါသမဖြစ် ရှိပ့်မလား။

"မင်း ဘာသောက်ချိုး ချိုးတာလဲ"

"ခွပ်"

"ဟာ"

"ချစ်လင်း"

"ခွပ်"

နေယံတို့က သုံးယောက် ဟီးရိုးတို့က နှစ်ယောက်။ ဟီးရိုးက စားသောက်ဆိုင်ထဲမှာမို့ ရန်မဖြစ်ရအောင် ထိန်းဖို့ကြိုးစားပေမယ့် မရ။ ချစ်လင်းကလည်း သူ့ကို တိုက်ရိုက်စော်ကားခံလိုက်ရတော့ ဘယ်ငြိမ်ခံ နေပါ့မလဲ။

"ခွေးမသား"

"ခွမ်း"



www.burmeseclassic.com

www.burmeseclassic.com



"တောက်"

"ခွပ်"

"ဟော့ကောင်တွေ တော်ကြစမ်း"

ဘေးလူတွေ ဝင်ဆွဲလို့ ခွဲသွားပေမယ့် –

"ဟော့ကောင် မင်းတို့သတ္တိရှိရင် လိုက်ခဲ့"

"လိုက်တယ်ကွာ လိုက်တယ်"

ချစ်လင်းက ခေါ်တော့ နေယံတို့ကလည်း လိုက်၏။ ဟိုတုန်းက ဖြစ်ခဲ့တဲ့ရန်ပွဲတွေအတွက် နေယံတို့ဘက်က မကျေနပ်သေးဘူးလေ။ ခက်နဲ့ပတ်သက်ပြီး ခွေးဝမ်းထဲ ဆန်မကျဖြစ်နေကြတာ။ ဒီကောင်တွေက ခက်ကို ဆူးလိုရုံပြီး အခုကျတော့ ချစ်လင်း သိမ်းပိုက်တော့မလိုလိုနဲ့ ဖြစ်လာတော့ ဟီးရိုးတဲ့။

ခက်ကပဲ သူတို့ကို အရူးလုပ်တာလား။ သူတို့ကပဲ ခက်ကို အရူးလုပ်ကြတာလားတော့မသိ။ နေယံကတော့ အဲဒီလိုဖြစ်သွားတာကို ပဲ သံလွင့်ဘက်က နစ်နာတယ်ထင်ပြီး မခံမရပ်နိုင်ဖြစ်နေတာ။ စားသောက်ဆိုင်နဲ့ လွတ်ကင်းရာနေရာကိုရောက်တော့ –

"မင်းက ဘာလို့ မကျေနပ်တာလဲ နေယံ"

"မင်းတို့က သံလွင့်ကို အပိုင်သိမ်းသွားလို့"

"ဟ ... အဲဒါ ကိုယ့်ကုသိုလ်နဲ့ကိုယ်ပဲလေ။ ဟိုတုန်းက မင်း ရအောင်လိုက်ပါလား"





"အခုရော"

"အခုဆို ဒါပဲရမယ်"

"ခွပ်"

မယားထိ ဓားကြည့်ဆိုတဲ့အတိုင်း ဒီတစ်ခါ စထိုးသူက ဟီးရိုးပါ။ ဟိုတုန်းက ဘာပဲဖြစ်ဖြစ် အခု ဒီစကားကို ပြောစရာလား။ ခက်က ကိုယ့်မိန်းမဖြစ်နေပြီဆိုတော့ ပိုပြီးသည်းခံစရာမှမရှိတာ။

"ခွပ်"

"အား"

တစ်ယောက်ဆီမှ ဓားရောင် လက်ကခနဲကို ချစ်လင်း မြင်လိုက်သည်တွင် –

"ဟီးရိုး သတိထား"

သတိပေးပေမယ့် ဟီးရိုးက ဂရုမထားနိုင်ဘဲရှိနေစဉ် –

"ဘုန်း"

"အ"

"ခွပ်"

"အား"

ချစ်လင်းလည်း ကိုယ့်ကိုယ်ကိုယ် ကာကွယ်နေရတာမို့ ဟီးရိုးကိုမကူနိုင်ခင်မှာပဲ ဟီးရိုးလက်မောင်းကို ဓားထိသွားလေသည်။

"ဟာ ... ရန်ဖြစ်နေကြတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်တွေ ရပ်ကြစမ်း"

အခြားသူတွေရောက်လာကြတော့မှ နေယံတို့အဖွဲ့ ပြေးလေလျှင် ချစ်လင်း ဟီးရိုးဆီသို့ပြေးလာပြီး –

"ဟီးရိုး"

"အား"

"မင်း ရရဲ့လား"

"ရတယ် ... ရတယ်"

"သွေးတွေ အရမ်းထွက်နေတာ ဆေးရုံသွားမှဖြစ်မယ်"

လက်မောင်းက သွေးတွေ အရမ်းထွက်နေတာမို့ ဘေးလူတွေက ဆေးရုံသွားဖို့ တိုက်တွန်းလေသဖြင့် ချစ်လင်း ဟီးရိုးကိုခေါ်ကာ ဆေးရုံသို့ လာခဲ့ရတော့၏။

✳



## အခန်း (၃၄)

သံလွင် ဟီးရိုးမရှိတုန်းမှာ သူ့စားပွဲအံဝှက်ထဲမှာ ဘာတွေရှိလဲ ထုတ်ကြည့်တော့ စာအုပ်တွေ။ အဲဒီအထဲမှာ ဒိုင်ယာရီစာအုပ်ကလေးတစ်အုပ်ကိုတွေ့လို့ လှန်ကြည့်လိုက်တော့ –

"ဟင် ... ငါ့ဓာတ်ပုံတွေပါလား"

သံလွင်မသိဘဲ ဘယ်အချိန်က ခိုးရိုက်ထားမှန်းမသိသော သံလွင်ရဲ့ဓာတ်ပုံတွေ။ ဓာတ်ပုံတွေကိုယူလိုက်တော့ အောက်ကို ဘာတွေထွက်ကျသွားမှန်းမသိ။ သံလွင် ငုံ့ပြီးကောက်လိုက်တော့ ပိုးမွှားအုံ့ညြရပြန်သည်လေ။ ထွက်ကျလို့ သံလွင် ငုံ့ကောက်လိုက်တာသည် သံလွင်နဲ့ အရမ်းရင်းနှီးခဲ့သော ကတ်ကလေးတွေ။



www.burmeseclassic.com

www.burmeseclassic.com



သံလွင်ခက်

အတွက်

ဆိုတဲ့စာကြောင်းလေး။ မသဲကွဲသောလက်မှတ်တစ်ခုပါတဲ့ ကတ်ကလေးတွေလေ။ လက်မှတ်ရဲ့အမြီးမှာဆက်ထားတာက love။ စာတွေက လက်နဲ့ရေးထားတာမဟုတ်ဘဲ ပုံနှိပ်စာလုံးတွေနဲ့ ကတ်ကလေးတွေလုပ်ထားတာ။

ဒါ –

သံလွင်တို့ ခြံတံခါးမှာ လာလာချိတ်ထားတဲ့ စံပယ်ပန်းနဲ့ ကောက်ညှင်းပေါင်းထုပ်ရောက်လာရင် ပါလာနေကျ ကတ်ကလေးတွေ။ ဒီကတ်တွေက ဟီးရိုးဆီကို ဘယ်လိုရောက်နေပါလိမ့်။ သံလွင်က ဒီကတ်ကလေးတွေကို သိမ်းထားခဲ့တာဆိုတော့ သိမ်းထားတဲ့ သံလွင်ကတ်ကလေးတွေကို သူတွေ့လို့ ယူလာခဲ့တာလား။

ဒါမှမဟုတ် သံလွင် ဖျတ်ခနဲသတိရသွားတာသည် တူးတူးနဲ့ သူမ စတွေ့ရပုံပါ။

"ဟိတ် ဟိတ်"

"ဖြောင်း ဖြောင်း"

ပါးစပ်ကလည်း ခေါ် လက်ခုပ်လည်းတီးတော့ ချာတိတ်က လှည့်ကြည့်ပြီးနောက် –

"မမ သားကိုခေါ်တာလား"





"ဟုတ်တယ်"

"ဟုတ် . . . ဘာပြောမလို့လဲ မသိဘူး"

"စံပယ်ပန်းတွေ ရောင်းတာလား"

"မဟုတ်ဘူး မမ"

"ဟင် . . . ဒါဆို ဘယ်သူ့ကိုပေးဖို့လဲ"

"ဒီခြံမှာ ချိတ်ထားဖို့ပါ"

"ဘယ်သူ့အတွက်လဲ"

"မမသံလွင်ခက်အတွက်ပါ"

"ဘယ်သူပို့ခိုင်းတာလဲ"

"ဟာ . . . မမစကားက လဲတွေချည်းပဲ။ သားခြေထောက်တွေတောင် လဲကျတော့မယ်"

အဲဒီနေ့က တူးတူးနဲ့တွေ့ပေမယ့် ဟီးရိုးနဲ့ ပတ်သက်နေမှန်း မသိခဲ့။ တကယ်ဆို ပန်းတွေပို့ခိုင်းတာ ဘယ်သူလဲ တူးတူးကိုရအောင် ခထာခထာမေးခဲ့သင့်တာ။ မမေးခဲ့မိတော့ အဲဒီပန်းတွေ ဘယ်သူပို့ခိုင်းတာလဲ သံလွင် အခုထက်ထိ မသိခဲ့။ မလိုအပ်တော့ဘူးထင်လို့ မမေးခဲ့တာ အခုလိုအပ်လာပြီ။

"မမသံလွင်ခက်ဆိုတာကို မြင်ဖူးလား"

"ဟင့်အင်း . . . မမြင်ဖူးပါဘူး"

"သံလွင်ခက်ဆိုတာ မမလေ မောင်လေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"မမကိုပေးဖို့ဆိုရင် ပေးလေ"

"ဟုတ်"

ပေးနိုင်းတဲ့သူကပဲ စည်းရုံးမှုကောင်းတာလား၊ တူးတူးကပဲ သစ္စာကြီးပြီး နှုတ်လုံတာလားမပြောတတ်။ အဲဒီတုန်းက သံလွင် ဘယ်လိုမှ တူးတူးကို စည်းရုံးမေးမြန်းလို့မရခဲ့၊ ဒီပန်းတွေကို ဘယ်သူ ပို့ခိုင်းတာလဲ မေးတိုင်း တူးတူးက ခါးခါးသီးသီး ငြင်းခဲ့တာ၊ နောက် တော့ ဟီးရိုးက သူတို့ရဲ့ကျေးဇူးရှင်တဲ့။

ကျေးဇူးတရားနဲ့ တုပ်နှောင်ရင် –

သံလွင် တူးတူးကို ရှာဖို့ ချက်ချင်းပဲ အပြင်ထွက်လာခဲ့၏။ သိပ်ရှာစရာမလိုပါဘူး။ တူးတူးက ဧည့်ခန်းထဲက ဆိုဖာပေါ်မှာ ထိုင်ပြီး စာကျက်နေတာဆိုတော့ –

"တူးတူး"

"––––"

"တူးတူး"

"ဗျာ မမ"

"စာကျက်တာ ခဏထားပါဦး၊ နင့်ကိုငါ မေးစရာရှိလို့"

ပြောရင်း လက်ကလည်း တူးတူးလက်ထဲကစာအုပ်ကို ဆွဲ ယူလိုက်လေလျှင် –





"မမ ဘာမေးမလို့လဲ မေးလေ"

"မင်း ငါ့ကို မှန်မှန်ပြောစမ်းပါ။ အရင်တုန်းက ငါ့ဆီကို စံပယ်ပန်းတွေ ပို့ခိုင်းတာ ဘယ်သူလဲ၊ အဲဒီလူကို ငါသိချင်တယ်"

တူးတူး ခေါင်းကိုကုတ်ပေမယ့် မျက်နှာက ရယ်ကျဲကျဲ ဖြစ် လျက်။

"အခုက ပြောလို့ရပါပြီ၊ ပြောလည်း ပြဿနာမှ မရှိတော့ တာ။ ကိုကြီးအပြင် ဘယ်သူရှိဦးမှာလဲ မမရဲ့၊ မမ မသိလို့ပါ ကိုကြီးက မမကို အရမ်းချစ်တာဗျ"

"ကိုကြီးဆိုတာ"

"မမယောက်ျား ကိုကြီးရဲ့ပေါ့"

"ဟင်"

ထင်လိုက်တဲ့အတိုင်းပါပဲလား၊ ဒါဆို ဟီးရိုးက သံလွင်ကို ချစ်နေခဲ့တာကြာပြီပေါ့။ အဲဒါကို ဘာလို့ ဖွင့်မပြောဘဲ မျိုသိပ်နေခဲ့ တာလဲ။ ချစ်လင်းကြောင့်လား။ နေနိုင်လိုက်တာ ဟီးရိုးရယ်၊ ကိုယ်က ဖြင့် သူ့ကို တိတ်တဆိတ် မျှော်လင့်နေခဲ့မိတာ။

"မမ"

"ဟင်"

"ဖုန်းလာနေတယ်"

တူးတူးပြောမှပဲ ကိုယ့်လက်ထဲကဖုန်းကို ငုံ့ကြည့်မိပြီး ဖုန်း



www.burmeseclassic.com

www.burmeseclassic.com



နားထောင်လိုက်တော့ –

"ဟယ်လို ချစ်လင်း ပြော"

"____"

"ဟင် ငါက ဆေးရုံကို ဘာလို့လိုက်လာရမှာလဲ"

"____"

"ဘာ"

"____"

"အေး အေး . . . ငါ အခုလာခဲ့မယ်"

သံလွင် မျက်စိမျက်နှာပျက်သွားတာကိုမြင်ပြီး တူးတူးက–

"ဘာလဲဟင် မမ"

"ဟီးရိုး ရန်ဖြစ်ရင်း ဓားထိုးခံရလို့ ခု ဆေးရုံမှာတဲ့။ အဲဒါ ငါ အခုလိုက်သွားမှဖြစ်မယ်"

"သွားပါ လိုက်မယ်"

သံလွင် တူးတူးကို ခွန်းတုံ့မပြန်နိုင်။ ကားသော့ကိုပြေးယူပြီး ထွက်လာခဲ့တော့ တူးတူးကလည်း ထပ်ကြပ်မကွာ။ ဘယ်ကိုထိုးမိတာလဲ၊ စိုးရိမ်ရလား ဘာညာတောင်မမေးမိဘဲ ထွက်လာခဲ့တာ လက်တွေက ဘာတွေကို ထိမိလို့ ထိမိမှန်းမသိ။ ကိုင်လို့ကိုင်မိမှန်းမသိ။

ဆေးရုံကိုရောက်တော့မှ –

"ဟီးရိုး"





"ဟင်"

"နင် နင် ဘာမှမဖြစ်ပါဘူးနော်။ နင် ဘာမှမဖြစ်ပါနဲ့"

"ဓားဒဏ်ရာက လက်မောင်းကို ရှပ်ထိတာပဲဥစ္စာ။ ငါက ဘာဖြစ်ရမှာလဲ"

ဒီတော့မှ မလုံမလဲနှင့် ချစ်လင်းမျက်နှာကို မော့ကြည့်လိုက်တော့ ရုပ်က စပ်ဖြီးဖြီးနှင့်။

"တူးတူး"

"ဗျာ"

"မင်း . . . ငါနဲ့လိုက်ခဲ့ လာ"

ခေါ်တဲ့သူက ခေါ်တော့ လိုက်တဲ့သူက လိုက်သွားတာ အလိုက်တသိ။ သံလွင် ဟီးရိုးလက်မောင်းကဒဏ်ရာကို ကြည့်ပြီး မျက်ရည်က ဝေ့ဝေ့။ ရန်မဖြစ်ပါနဲ့လို့လည်း မပြောချင်ပါဘူး။ ဘာဖြစ်လို့လဲဆို ဟီးရိုးက မဟုတ်မခံလေ။ သူ ရန်ဖြစ်ပြီဆိုရင် တစ်ဖက်လူက လွန်လို့ပဲဥစ္စာ။

"ဒဏ်ရာက နာနေလားဟင်"

"ဒဏ်ရာပါဆိုမှတော့ နာတာပေါ့"

"ငါ ဘာလုပ်ပေးရမလဲဟင်"

"နင်က ဆရာဝန်မှမဟုတ်တာ၊ ဘာလုပ်တတ်မှာမို့လဲ"

"နင့်ကိုငါ တောင်းပန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဘာအတွက်လဲ"

"နင် ငါ့ကို ချစ်ခဲ့တယ်ဆိုတာ ငါ တကယ်မသိခဲ့လို့ပါ"

"အခု သိပြီလား"

မေးရင်းက ပခုံးလေးကို ဒဏ်ရာမရှိတဲ့လက်က ဖက်လိုက်တာကို သံလွင်ငြိမ်သက်နေမိ၏။ အရင်ကဆို တွန်းထိုးရုန်းကန်နေတတ်ခဲ့တာ။

"နင်က ဝန်မှမခံပဲကိုး"

"လင်မယားပဲဖြစ်နေပြီ။ ငါက ဘာကိုဝန်ခံရဦးမှာလဲ"

"တူးတူးပြောပြလို့ ငါ သိပြီးပြီ။ ခြံဝမှာ စံပယ်ပန်းတွေ လာချိတ်ခိုင်းတာ နင်ဆို"

"အင်း . . . . ဟုတ်တယ်လေ"

"ကြည့် . . . ဖြေပုံက အသက်မပါသလိုနဲ့"

"ပါပါတယ်ဗျာ။ အသက်ရော၊ လက်ရော၊ နှာခေါင်းရော ဒီမှာကြည့်"

ဒီမှာကြည့်ဆိုလို့ ဖျတ်ခနဲ မော့အကြည့်မှာ ပါးတစ်ဖက်မှာ နွေးခနဲ ခသွား၏။ လက်တစ်ဖက်မှာ ဒဏ်ရာရထားပေမယ့် ကျန်တာတွေက အကောင်းကြီးပဲကိုး။ သံလွင် ရှက်ဝဲဝဲမျက်နှာလေးကို လွှဲပစ်ကာ ရင်ထဲမှာတော့ ပီတိဓာတ်ကြောင့် နွေးထွေးလှိုက်ခုန်နေလျက်။





"ခက်"

"______"

"နင်ရော ငါ့ကို ချစ်တယ်မို့လား"

"ချစ်တာကို ချစ်တယ်လို့ ဝန်မခံတဲ့သူကို ပြန်ချစ်ရမလား"

"အခု ဝန်ခံပြီလေ"

"မချစ်ဘူး"

"တကယ်"

"အင်း"

"ဒီလောက်တောင် မချစ်တာ"

"ဟီးရိုး"

"အား"

ဒဏ်ရာကိုမေ့ပြီး သံလွင့်ကို သိမ်းဖက်ဖို့ကြိုးစားလိုက်တဲ့ ဟီးရိုး အားခနဲအော်ပြီး မျက်နှာက ရှုံ့မဲ့မဲ့ ဖြစ်သွားလေတော့ သံလွင် မှာပျာသလဲဖြစ်သွားကာ –

"ဘာဖြစ်တာလဲ နာသွားတာလား"

"နာတာပေါ့"

"ဒါဆို ဦးဖွ"

"ဦးဖွနဲ့မရဘူး။ အနမ်းနဲ့ဖြေဆေးပေးမှ ပျောက်မှာ"

"အကြွေးမှတ်ထားလိုက်။ အိမ်ရောက်မှဖြေဆေးပေးမယ်



www.burmeseclassic.com

www.burmeseclassic.com



နေ့ ဒ်''

ပတ်ဝန်းကျင်ဆိုတာ ရှိနေသဖြင့် အချစ်တွေကို ထိန်းချုပ်ကာ နှစ်ယောက်သား အပြုံးတွေက ကြည်ကြည်နူးနူးပါ။ ချစ်တာကို ချစ်တယ်လို့ ဝန်ခံလိုက်ပြီဆိုတာနှင့် အရာအားလုံးက သာယာလှပ အေးချမ်းလျက်။

ပြီးတော့ –

သံလွင်က ခပ်တိုးတိုးပြောလိုက်သည်မှာ။

''ငါလည်း နှင့်ကိုအရမ်းချစ်တယ်''

ပရိသတ်များကို ထာဝရချစ်ခင်လေးစားလျက် –

မိုးစက်ပွင့်

၂၀၁၆ ဖွန်တွင်
ဖတ်နိုင်ပါပြီ

မမသဒ္ဒါမောင်

နှလုံးသားကို မိုင်းစိုးသူ

ကြယ်စင်မှူးဇေ

အသည်းကွဲလေဒီ

မယ်ခိုင်

ကျွန်မကချစ်၍ ကျွန်မကိုချစ်သော

မိုးစက်ပွင့်

ဝန်ခံပါ ချစ်သူ

အလင်းသစ်

မာန်

လှိုင်းကြာဖြူ

www.burmeseclassic.com